မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၂၁၀)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်   ၂၀၁၄ ခုနှစ်၊ မေ ၃ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပိုလန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မေ ၃

၂၀၁၄ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘရွန်နစ်လော ကိုမိုရို စကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၅ ကော်လံ ၅ ✳

ပြည်သူ့ဗဟိုပြုကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းကို ပုဂ္ဂလိကနှင့်အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ဆောင်ရာ၌ တစ်တိုင်းပြည်လုံး အတိုင်းအတာအရ လိုအပ်ချက်များပြားသည်နှင့်အမျှ ရရှိနိုင်သော လူအား၊ ငွေအား၊ ပစ္စည်းအား၊ အရင်းအမြစ်များကို ထိရောက်စွာ အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန်လို

ယနေ့ မာတိကာ

ဆိုးလ်၌ မြေအောက်ရထားနှစ်စင်းတိုက်မိ လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရ — စာမျက်နှာ-၄

မဟာချိုင် အုန်းနို့စက်ရုံမှ မြန်မာအလုပ်သမားများ လုပ်အားခအပြည့်အဝမရသဖြင့် ဆန္ဒပြမှုဖြေရှင်းညှိနှိုင်း — စာမျက်နှာ-၅

ရေဖြူမြို့မရပ်ကွက်များ၌ အပူချိန်မြင့်၍ ရေတွင်း ရေကန်များခန်းခြောက်ပြီး ရေအခက်ကြုံ — စာမျက်နှာ-၁၁

ချယ်လ်ဆီးလက်ထောက်နည်းပြ ခြောက်ပွဲပိတ်ပင်ခံရ — စာမျက်နှာ-၁၄

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာနိုင်ငံ၏ အခန်းအများဆုံးနှင့် ရာနှုန်းပြည့်နိုင်ငံသားပိုင် ဟိုတယ်ဖွင့်မည်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ၏ အခန်းအရေအတွက် အများဆုံးနှင့် ကြယ်လေးပွင့်အဆင့်ရှိဟိုတယ်တစ်ခုကို တော်ဝင်မိသားစုကုမ္ပဏီ၏ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် မေ ၁၈ ရက်တွင် ရန်ကုန်မြို့ပြည်လမ်းမပေါ်ရှိ တော်ဝင်စင်တာ အပေါ်ထပ်များတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Taw Win Garden ဟိုတယ်ဟု အမည်ပေးထားသည့် အခန်းပေါင်း ၅၁၃ ခန်းပါဝင်သည့် အဆိုပါဟိုတယ်ကို တော်ဝင်မိသားစုကုမ္ပဏီပိုင် တော်ဝင်စင်တာ အပေါ်ထပ်တွင် ဟိုတယ်စီးပွားရေးဈေးကွက် လိုအပ်ချက်အရ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ခရီးသွားအရေအတွက် တစ်နှစ်သုံးသန်းလောက် ဝင်ရောက်နေပါတယ်။ ဈေးကွက်လိုအပ်ချက်အရ မြန်မာနိုင်ငံရဲ့ Hotel Fees တွေက စင်ကာပူဈေးကွက်နဲ့ ညီနေပါတယ်။ ကျွန်တော့်အနေနဲ့ ဟိုတယ်စီးပွားရေးကို အခုမှစပြီး ရင်းနှီးမြှုပ်နှံတာပါ။ အဓိကကတော့ ကျွန်တော်တို့မြန်မာတိုင်းရင်းသားပိုင် ရာနှုန်းပြည့် တိုင်းရင်းသားဝန်ထမ်းတွေနဲ့ လည်ပတ်လိုတဲ့အတွက် အကောင်းဆုံး ပြင်ဆင်ကြိုးစားခဲ့ပါတယ်။ ကမ္ဘာ့ကြယ်လေးပွင့်အဆင့်မီအောင် အစွမ်းကုန်ကြိုးစားထားခဲ့ပြီး ဒူဘိုင်း အပါအဝင် ကမ္ဘာအရပ်ရပ်က ဟိုတယ်တွေမှာ လုပ်ငန်းအတွေ့အကြုံကောင်းတွေ ရထားတဲ့ မြန်မာနိုင်ငံသားဝန်ထမ်းတွေရဲ့

စာမျက်နှာ ၁၁ ကော်လံ ၁ ✳

သတင်း -ခင်ရတနာ
ဓာတ်ပုံ-အေးကေလင်း

ဒေါ်တင်စန္ဒာဝင်း

ပူပြင်းသောနွေရာသီ၏ စရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးသည့် ကမ္ဘာ့တစ်ခုတည်းသော မြန်မာ့ရတနာ

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး မျက်နှာမှာ သနပ်ခါးမတင်ပါဘူး။ အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေမရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ) လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ဘိုကလေးမြို့၊ ရွာ၀တီတိုင်းဒေသကြီး။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်တင်တင်မြင့်(အလယ်တန်းပြ) အမှတ်(၃) စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အနာဂတ်၏ ကြယ်ပွင့်များ

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံကို ထူထောင်ရာတွင် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ် အရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးနေစေရန်လိုအပ်ပါသည်။ ထူးချွန်ထက်မြက်ပြီး ရိုးသားကြိုးစားသောလူငယ်လူရွယ်များ၊ နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးသော လူငယ်များ၊ ကာယ၊ ဉာဏ၊ စာရိတ္တကောင်းမွန်သောလူငယ်များ အထူးပင်လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် ယခုအခါ နိုင်ငံတော်ကို အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်အဖြစ် တည်ဆောက်နိုင်ရန် လူငယ်ပြုစုပျိုးထောင်ရေးကို ဦးစားပေးဆောင်ရွက်နေပြီဖြစ်ပါသည်။ ဘက်စုံထူးချွန်မောင်မယ်များ၊ ကြက်ခြေနီလူငယ်များနှင့် ကင်းထောက်လူငယ်များကို နိုင်ငံတော်သမ္မတက (ယနေ့) မေ ၃ ရက်တွင် နေပြည်တော်သမ္မတအိမ်တော်၌တွေ့ဆုံရန် စီစဉ်ထားကြောင်းသိရသည်။

မောင်မယ်တို့သည် အနာဂတ်၏ခေါင်းဆောင်များ၊ ပညာရှင်များ၊ ဝန်ကြီးများ၊ နိုင်ငံတော်အကြီးအကဲများအဖြစ် တာဝန်ယူကြမည့် မျိုးဆက်သစ်များဖြစ်သည့်အတွက် ယခုကဲ့သို့တွေ့ဆုံရခြင်းဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြင်ဦးလွင်မြို့လူငယ်မောင်မယ်ကင်းထောက်စခန်းသို့ ရောက်ရှိစဉ်ပြောကြားခဲ့သည်။ ကျွန်ုပ်တို့နိုင်ငံတွင် လူငယ်လူရွယ် ၁၆ သန်းခန့်ရှိကြောင်း သိရသည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသောစကားရှိပါသည်။ "လူကြီးဆိုတာ အသက်ကြီးတာကိုဆိုတာလား၊ မဟုတ်ဘူး။ အသက်မကြီးပေမယ့်လုပ်တဲ့အလုပ်ကြီးရင်လူကြီးပဲ" ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့ဖူးသည်။ ဤသို့ခေါင်းဆောင်တာဝန်များကို ထမ်းဆောင်နိုင်သည့် လူငယ်လူရွယ်များဖြစ်ရန် အရည်အချင်းနှင့်အရည်အသွေးနှစ်ရပ်လုံးအရေးကြီးပါသည်။ အရည်အချင်းနှင့်ဆိုင်သော ထူးချွန်ထက်မြက်သူများဖြစ်ကြဖို့လိုပါသည်။ အရည်အသွေး စာရိတ္တမဏ္ဍိုင် သည်လည်း အထူးပင်လိုအပ်ပါသည်။ မည်မျှပင် ထူးချွန်ထက်မြက်စေကာမူ အကျင့်စာရိတ္တမကောင်းလျှင် လူကြီးမဖြစ်သင့်ပါ။ ရိုးသားမှုမရှိလျှင် လူကြီးမဖြစ်သင့်ပါ။ လူကြီးဖြစ်လိုသူတိုင်းသည် အခြေခံအားဖြင့် ကိုယ်ကျိုးစွန့်အနစ်နာခံသောခေါင်းဆောင်ကောင်းတို့၏စိတ်ဓာတ်အမြဲနှလုံးသွင်းရမည်ဖြစ်ပါသည်။ တိုင်းပြည်နှင့်လူမျိုးကိုချစ်သောစိတ်ဓာတ်များမွေးရပါမည်။

ဤသို့အရည်အချင်းနှင့် အရည်အသွေးဘက်စုံကောင်းပြီဆိုလျှင် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့်ပုဂ္ဂိုလ်များဖြစ်လာကြမည်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အနာဂတ်မြန်မာနိုင်ငံတော်အတွက် လင်းလက်တောက်ပလာမည့် ကြယ်ပွင့်များဖြစ်လာရန် ဧကန်မလွဲပါ။ လူငယ်လူရွယ်တိုင်းက ရိုးသားကြမည်၊ ကြိုးစားကြမည်၊ စာရိတ္တမဏ္ဍိုင်ကိုတည့်မတ်ခိုင်မာမည်ဆိုလျှင် အမှန်ပင် ယနေ့နိုင်ငံတော်က လိုလားနေသော ကြယ်ပွင့်များဖြစ်လာကြမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး မူဆယ်မြို့နယ်မော်တောင်းကျေးရွာအုပ်စု၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးတင်ငွေသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့နယ် မော်တောင်းကျေးရွာအုပ်စု ဘုန်းကြီးကျောင်း၌ မော်တောင်းကျေးရွာအုပ်စုအတွင်းရှိ မော်တောင်းရွာမ၊ ခိုခေး၊ မိန့်ပိန်၊ ခိုတိန်၊ကောင်းဝက်၊ နမ့်ဖာတန်း၊ တာလုံ(ရှမ်း)၊ မန်ညု၊ တာလုံ(ကချင်)၊ နားမွန်း၊ မန့်ကန်၊ မန့်ကန်(ပလောင်)၊ မန့်ကန်(ကချင်)၊ ပန်းတောင်း၊ မိုင်းယုကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် နားမွန်း၊ မန့်ကန်(ပလောင်)၊ နမ့်ဟွိုင်၊ မော်တောင်း(ရွာမ)၊ မန့်ကန်(ကချင်)၊ ပန်းတောင်း၊ မန့်ပိန်း၊ ကောင်းဝက်၊ တာလုံ(ကချင်)၊ ဖာပိတ်၊ ငိုချယ်(ခိုခေး)၊ မန့်မော်၊ မိုင်းယုကျေးရွာများမှ ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးပါရန် တင်ပြကြသည်။

ထို့နောက်မူဆယ်မြို့သို့ ရောက်ရှိပြီး မူဆယ်ခရိုင် မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကို တွေ့ဆုံသည်။

ဆက်လက်၍ KZEN ဆောက်လုပ်ရေးကုမ္ပဏီမှ ဖောက်လုပ်လျက်ရှိသော သိန္နီမြို့နယ် နောင်ဆိုင်း-မိုင်းပါ ကျေးလက်လမ်း နှစ်မိုင်ကို ကတ္တရာခင်းနေသော လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

ခုံးတံတားအောက်ဖြတ်လမ်းအန္တရာယ်များ

အင်းစိန်ခုံးကျော်တံတားအောက် ရထားသံလမ်းဖြတ်သွားရသောလမ်းမှာ ခရီးသွားများနှင့် ဈေးသူဈေးသားများ သတိမေ့လျော့မှုကြောင့် ရထားတိုက်မှုများ မကြာခဏကြုံရပါသည်။ ထိုအန္တရာယ်ဖြတ်လမ်းကို ရထားသံလမ်းလုံခြုံမှုနှင့် ခရီးသွားများ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများက အမြန်ဆုံးလမ်းပိတ်တားမြစ်ပေးပါရန် တင်ပြလိုက်ရပါသည်။

ခင်မောင်အေး(အင်းစိန်)

နိုင်ငံသားခေါင်းဆောင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်မှု ရက်တိုသင်တန်းဖွင့်

ပျဉ်းမနား မေ ၂

နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးကားဝင်း မီးပွိုင့်အနီးရှိ အောင်တံခွန်ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဆရာတော် ဦးပဏ္ဍဝ၏ ဩဝါဒခံယူ၍ ရန်ကုန်မြို့ရှိ Pioneer Citizeen Group နှင့် Youth Social Force တို့မှ လူမှုအကျိုးဆောင်လူငယ်များဦးဆောင်၍ နိုင်ငံသားခေါင်းဆောင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်မှုသင်တန်း (Citizen Leadership and Capacity Development Training) ကို မေ ၁ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့သည်။

"မိမိတို့ပတ်ဝန်းကျင်ဒေသအဖွဲ့အစည်းမှာ တိုးတက်အောင်မြင်ရေးအတွက် လူတိုင်းမှာခေါင်းဆောင်မှုအရည်အချင်းနှင့် တာဝန်များရှိရန်လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်ချက်များကို ဘယ်လိုလုပ်ဆောင်နိုင်တယ်ဆိုသည့်အကြောင်းအရာများကို ယခုဖွင့်လှစ်သည့် သင်တန်းတွင် သင်ကြားဆွေးနွေး၊ အသိပညာဖလှယ်သွားမည်ဖြစ်ကြောင်း၊ လူငယ်တို့၏ ဘဝတိုးတက်အောင်မြင်ပြီး တိုင်းပြည်၏အခန်းကဏ္ဍများတွင် အားထားရသော လူငယ်များဖြစ်လာစေရန် သင်တန်းတွင် သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း Pioneer Citizen Group မှ ဒေါ်လွင်လွင်ချိုကရှင်းပြသည်။

သင်တန်းကို မေ ၄ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နှင့် ဇေယျာသီရိမြို့နယ်ဝန်းကျင်ဒေသမှ ၇၈ ဦး တက်ရောက်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

စာပေမြင့်မှ လူမျိုးတင့်မည်



မူလတောင်သူများသို့ လယ်ယာမြေပြန်လည်ပေးအပ်ပွဲ ညောင်လေးပင်၌ ကျင်းပ

ညောင်လေးပင် မေ ၂

တပ်မတော်မှ ပြန်လည်အပ်နှံသော လယ်ယာမြေများကို မူလလုပ်ကိုင်ခဲ့သော တောင်သူများသို့ လယ်ယာမြေပေးအပ်ပွဲကို ဧပြီ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ လယ်ယာမြေ ပေးအပ်ပွဲတွင် ချောင်းတာကျေးရွာမှ လယ်ယာမြေ ၂၃၄ ဧကအနက်မှ ၁၄၂ဧကအား တောင်သူ ၁၀ ဦးထံသို့လည်းကောင်း၊ ကန်ကလေးကျေးရွာရှိ ၂၁ ဧကအနက်မှ ခြောက်ဧကကို တောင်သူနှစ်ဦးတို့အားလည်းကောင်း၊ အလားတူ ဧပြီ ၂၆ ရက်ကလည်း ဂျို့ပင်ကျေးရွာအုပ်စုမှ လယ်မြေဧက ၆၀ ကို တောင်သူ ၆၂ ဦးတို့အားလည်းကောင်း၊ တစ်ဆက်တည်း လှည်းဆိပ်ကျေးရွာအုပ်စုဧက ၁၀၀ အနက်မှ ၃၃ ဧကကို တောင်သူငါးဦးအားလည်းကောင်း၊ ဧပြီ ၂၈ ရက်က ရေတွင်းကုန်းကျေးရွာအုပ်စုမှ ၁၂ ဧကကို တောင်သူလေးဦးအား လွှဲပြောင်းပေးအပ်၍ ကျန်ရှိသော လယ်မြေများကိုလည်း စိစစ်လျက်ရှိပြီး ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

လုပ်သား (၁၀၀)ဝန်းကျင်ခန့်ရှိသော ကန်ထရိုက် အလိုရှိသည်

နေစရာနှင့် ဖယ်ရီ စီစဉ်ပေးမည်။

ဆက်သွယ်ရန်လိပ်စာ-အမှတ်(၂)၊ ဦးထွန်းငြိမ်းလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

(Diamond Inya Palace Project)

ဖုန်း-၀၁-၆၅၇၈၅၉၊ ၀၉-၅၃၂၁၁၇၄၊ ၀၉-၄၂၀၀၇၈၇၅၇

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် မေ ၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ ဆယ်တောင်ပြည့်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဗ္ဗိဗလနှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)နှင့် ရွှေတိဂုံစေတီတော် ပတ်ဝန်းကျင်ရှိ ဓမ္မာရုံတို့သို့သွားရောက်၍ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့သွားရောက်၍ လိုဏ်ဂူတော်အတွင်း ပြင်ဆင်ထားရှိမှုများကို စစ်ဆေးသည်။ ထို့နောက် ဝိဇယမင်္ဂလာဓမ္မသဘင်သို့ သွားရောက်၍ ပြည်ထောင်စုဝန်ကြီးက ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပနေပုံကို ဖူးမြော်ကြည်ညိုနိုင်စေရေးအတွက် Projector များကို အများမြင်နိုင်သည့်နေရာ၌ ထားရှိရန်မှာကြားသည်။ ဆက်လက်၍ ဆွမ်းစားဆောင်နှင့် ဆွမ်းချက်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆရာတော် ၃၆ ပါး သီတင်းသုံးတော်မူမည့် ကျောင်းဆောင်သစ် သုံးခု၊ အပရဂေါယာနကျောင်းဆောင်ရှိ သံဃာတော်များ သီတင်းသုံးမည့်အခန်းများ၊ သံဃာ့အစည်းအဝေးကြီး အထောက်အကူပြုအဖွဲ့ရုံးခန်း၊ သံဃာတော်များ သီတင်းသုံးတော်မူမည့် ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွင်းရှိ စာသင်ဆောင်နှင့်ဝိဇ္ဇာလယကျောင်းဆောင်များ၊ ရွှေတိဂုံစေတီတော်ဝန်းကျင်ရှိ ဓမ္မာရုံများ၊ ဗိမာန်များကိုကြည့်ရှု၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

ယနေ့နံနက် ၁၀ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲ အစည်းအဝေးခန်းမ၌ သံဃာ့အစည်းအဝေးကြီးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးပိုင်းအရ စနစ်တကျ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မေတ္တာရပ်ခံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

※ *ကျော့ဖုံးမှ*

ကောဝိဒ ရခိုင်ဆရာတော် ဘဒ္ဒန္တကုန္ဒပါလ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရခိုင်အမျိုးသားပါတီမှ ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ညီလာခံကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်က ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူ)၏ ဆွေးနွေးဖော်ထုတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ရခိုင်အမျိုးသားညီလာခံကျင်းပရေး ဦးစီးကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ရခိုင်အမျိုးသားညီလာခံသို့ ပြည်ထောင်စုလွှတ်တော်နာယက တက်ရောက်ချီးမြှင့် အမှာစကားပြောကြားခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ (၁၁)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရခိုင်ဆရာတော် ဘဒ္ဒန္တကုန္ဒပါလက ဩဝါဒစကားမြွက်ကြားခဲ့သည်။

ရခိုင် အမျိုးသားညီလာခံ (ကျောက်ဖြူ)ကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်ထိ ကျောက်ဖြူမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့မိမြို့ဖ ဦးလှဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဖေတို့က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်က မြို့နယ်၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပြန်လည် သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ကျောက်ဖြူမြို့နယ်အမှတ်(၅)တိုက်နယ် ဇင်ချောင်းကျေးရွာ ကျောက်ဖြူ-မအီ လမ်းစီမံကိန်းအင်ဂျင်နီယာရုံး၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ရမ်းဗြဲမြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရမ်းဗြဲမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုး၊ မာန်အောင်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးနု၊ ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသာညွန့်တို့က မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အကြံပြုတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်နှင့် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေတို့က ရမ်းဗြဲမြို့နယ်အပါအဝင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် အမ်းမြို့သို့ ရောက်ရှိကြသည်။

မေ ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် အမ်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသာညွန့်၊ အမ်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကြည်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်၊ မင်းပြားမြို့နယ် မြို့မိမြို့ဖ ဦးမောင်မောင်ထွန်းနှင့် မြေပုံမြို့နယ် မြို့မိမြို့ဖဦးကျော်လှတို့က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်နှင့် ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေတို့က အမ်း၊ မင်းပြား၊ မြေပုံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည် သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် နတ်ရေကန်ဒေသ လက်ဖက်စိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ သိရှိလိုသည်များကို မေးမြန်းပြီး အားပေးစကားပြောကြားသည်။

ယင်းနောက် မင်းဘူးမြို့သို့ ရောက်ရှိပြီး မင်းဘူးမြို့ စွမ်းအင်ညဉ့်ရိပ်သာ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည် သုံးသပ်ဆွေးနွေးပြီး ပြည်သူများ၏လိုလားချက်များကို သက်ဆိုင်ရာဌာနများအနေဖြင့် ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးကြရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် မင်းဘူးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စု လွှတ်တော်နာယကသည် ဧပြီ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့၊ ဧပြီ ၂၅ရက်က မွန်ပြည်နယ်၊ သထုံမြို့နှင့် မော်လမြိုင်မြို့၊ ဧပြီ ၂၆ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၊ ဧပြီ ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ငွေဆောင်မြို့နယ်ခွဲ၊ ဧပြီ ၂၉ ရက်မှ မေ ၂ ရက်အထိ ရခိုင်ပြည်နယ် ဂွမြို့၊ ကျိန္တလီမြို့နယ်ခွဲ၊ သံတွဲမြို့၊ တောင်ကုတ်မြို့၊ မအီမြို့၊ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် အမ်းမြို့၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကော်မတီများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ဧပြီ ၂၄ ရက်မှ မေ ၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ကို သွားရောက်ခဲ့ရာတွင် ပြည်သူများ၏ ဆန္ဒ၊ ပြည်သူများ၏ လိုအပ်ချက်များကို ထင်ဟပ်သည့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တာဝန်ရှိသူများနှင့်ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

SHWE LI 锦利 အသားကင်ဆိုင် SHWE LI Barbecue Since 2001

ဆိုင်သစ်ဖွင့်ပွဲအထူးအစီစဉ်
special discount 20% OFF 2.5.2014—15.5.2014

မိတ်ဟောင်းမိတ်သစ်များခင်ဗျာ
သမိုင်းရွှေလီအသားကင်ဆိုင်ဆိုင်သစ်အား 2.5.2014 ရက်နေ့တွင်၊ အင်းစိန်လမ်းမနှင့် ပေါ်တော်မူဘုရားလမ်းထောင့် စတင်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
အားပေးမှုကိုအထူးကျေးဇူးတင်လျှက်
ShweLi B.B.Q

ပေါ်တော်မူဘုရားလမ်း
01-662994
09-250208282
အင်းစိန်လမ်းမ
ကျိုက်ဝိုင်းဘုရားလမ်း
သမိုင်းဘူတာရုံလမ်း
သမိုင်းလမ်းဆုံ

Hours: 4:00pm-----10:30pm Daily
အမှတ်(54)A အင်းစိန်လမ်းမနှင့်ပေါ်တော်မူဘုရားလမ်းထောင့်၊သမိုင်းလမ်းဆုံCity Mart အနီး Mayangon Tsp, Yangon Ph: 01-662994, 09-250208282

SIM Card ရောင်းချမှုနှင့်ပတ်သက်၍ အများပြည်သူအကြံဉာဏ်တောင်းခံ

နေပြည်တော် မေ ၂

မိုဘိုင်းအော်ပရေတာများမှ SIM Card များရောင်းချရာတွင် ကျင့်သုံးရမည့် Code of Practice အပေါ် အများပြည်သူ၏အကြံဉာဏ်တောင်းခံသည့် Public Consultation ကို မေ ၅ ရက် မှ ၁၉ ရက် ညနေ ၄ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်ပါသည်။ Consultation Document ကို www.mcit.gov.mm website တွင် ရယူနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တော သစ်ပင်တွေ ထိန်းသိမ်းစို့

ဆီးရီးယားသမ္မတရွေးကောက်ပွဲ လက်ရှိသမ္မတအာဆတ်ပြိုင်မည် သမ္မတနေရာဝင်ရောက်ယှဉ်ပြိုင်မည့်သူ ၂၄ ဦးရှိ

ဒမတ်စကတ် မေ ၂

ဆီးရီးယားသမ္မတရွေးကောက်ပွဲကို လာမည့် ဇွန် ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ လက်ရှိသမ္မတ ဘရှာအယ်လ်အာဆတ် အပါအဝင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူ ၂၄ ဦးရှိကြောင်း ဆီးရီးယားပါလီမန်က ပြောကြားသည်။

ပါလီမန်အမတ် ဂျိဟတ်အယ်လ်လာဟမ်းက ကြာသပတေးနေ့ နောက်ဆုံးစာရင်းမပိတ်မီ ရွေးကောက်ပွဲကော်မရှင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားသူ ခုနစ်ဦး၏အမည်စာရင်းကို ကြေညာခဲ့သည်။

ဧပြီ ၂၂ ရက်မှ စတင်ကာ ရွေးကောက်ပွဲ မှတ်ပုံတင်ရက်ကို ၁၀ ရက် သတ်မှတ်ခဲ့သည်။ ဆီးရီးယားသမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ ၂၄ ဦး၏ အမည်စာရင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအရ ညီညွတ်ကိုက်ညီခြင်းရှိမရှိ စစ်ဆေးနေကြောင်း ရွေးကောက်ပွဲ ကော်မရှင်အကြီးအကဲ အနန်းဇူရက်က ပြောကြားသည်။ ရွေးကောက်ပွဲဥပဒေအရ ဝင်ရောက်ယှဉ်ပြိုင်သူအသီးသီးသည် ပါလီမန်အဖွဲ့ဝင် ၂၅၄ ဦးအနက် ၃၅ ဦး အနည်းဆုံး ထောက်ခံမှုရှိရမည်ဟု ဆိုသည်။

နိုင်ငံအတွင်း ပြည်တွင်းစစ်မက်ဖြစ်ပွားနေချိန် သမ္မတရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ခြင်းအပေါ် ဆီးရီးယားပြည်တွင်းပြည်ပအတိုက်အခံများက ဝေဖန်ပြောကြားခဲ့သည်။ အစိုးရတပ်များနှင့် လက်နက်ကိုင်စစ်သွေးကြွများအကြား အကြမ်းဖက် တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၅၀၀၀၀ ကျော် သေဆုံးသွားပြီဖြစ်ကြောင်း အတိုက်အခံများက ပြောကြားသည်။ **(ဆင်ဟွာ)**

နိုင်ဂျီးရီးယားမြို့တော်တွင် ကားဗုံးပေါက်ကွဲမှုဖြစ် အနည်းဆုံး ၁၉ ဦးသေဆုံး

အဘူဂျာ မေ ၂

နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာ၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ ၁၉ ဦးသေဆုံးပြီး ဦးရေ ၆၀မက ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုတစ်ကြိမ် ပေါက်ကွဲမှုသည် ဧပြီ ၁၄ ရက်က ဖြစ်ပွားသည့် ကားပါကင် ဗုံးပေါက်ကွဲမှုကြောင့် လူ ၇၀ ခန့် သေဆုံးရသည့် ဖြစ်ရပ်ဖြစ်ပွားသည့်နေရာအနီး ညာယာရှိ ဆင်ခြေဖုံးအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မျက်မြင်သက်သေများက ယခုပေါက်ကွဲမှုသည် ဘတ်စ်ကားဂိတ်အနီး ရဲတပ်ဖွဲ့ဝင်များစစ်ဆေးရေးဂိတ်ကို ပစ်မှတ်ထားဖောက်ခွဲခြင်းဖြစ်မည်ဟု ဆိုကြသည်။ ဖောက်ခွဲမှုတရားခံမှာ မည်သည့်အုပ်စုကဖြစ်ကြောင်း မဆိုထားသော်လည်း ပြီးခဲ့သည့်လ ပေါက်ကွဲမှုတွင်မူ အစ္စလာမ့်စစ်သွေးကြွအုပ်စု ဘိုကိုဟာရမ်အုပ်စုက ပေါက်ကွဲမှုနောက်ကွယ်တွင် ၎င်းတို့ရှိကြောင်း ဆိုထားသည်။

ညာယာ ဆင်ခြေဖုံးဒေသသည် ဘာသာရေးလူမျိုးစုများ ရောနှောနေထိုင်ရာဒေသဖြစ်သဖြင့် မည်သည့်အတွက် ၎င်းဒေသကို ပစ်မှတ်ထားသည်ဟု ရှင်းရှင်းလင်းလင်း မသိရပေ။ နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း တိုက်ခိုက်မှုအများစုမှာ ဘိုကိုဟာရမ်အုပ်စုကြောင့် ဖြစ်ရလေ့ရှိသည်။ **(ဘီဘီစီ)**

ဆီးရီးယား ဒုက္ခသည်များအတွက် ဂျော်ဒန်၌ ဒုက္ခသည်စခန်းဖွင့်

အမ္မန် မေ ၂

ဒုက္ခသည်ဦးရေ ၁၃၀၀၀၀ ဆံ့ ဒုက္ခသည်စခန်းသစ်တစ်ခုကို ဂျော်ဒန်နိုင်ငံအရှေ့ပိုင်း၌ ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်း ပီဒရာနယူးအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။ ၎င်းဒုက္ခသည်စခန်းဖွင့်ပွဲနေ့က ဂျော်ဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ယခုဖွင့်လှစ်သည့် ဒုက္ခသည်စခန်းသည် ဆီးရီးယားဒုက္ခသည်စခန်းများအတွက် Zaatari ဒုက္ခသည်စခန်းပြီးနောက် ဒုတိယအကြီးဆုံး ဒုက္ခသည်စခန်းဖြစ်ပြီး နောက်ထပ်ရောက်လာမည့် ဒုက္ခသည်များအတွက် ခွဲဝေနေရာချထားပေးနိုင်မည်ဖြစ်သည်။

လတ်တလောတွင် Zaatariဒုက္ခသည်စခန်း၌ ဒုက္ခသည် ၁၃၀၀၀၀ ကျော် လက်ခံထားရပြီး ယခု အသစ်ဖွင့်လိုက်သည့်ဒုက္ခသည်စခန်းက ယင်းပြဿနာကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားချက်အရ ဂျော်ဒန်ရောက်ဆီးရီးယားဒုက္ခသည်မှာ ၁ ဒသမ ၃ သန်းရှိပြီး ဒုက္ခသည်အဖြစ် မှတ်ပုံတင်ထားသူဦးရေမှာ ခြောက်သိန်းခန့်ရှိသည်ဟု သိရသည်။

ဝန်ကြီးက ဆီးရီးယားနိုင်ငံတွင်းပြဿနာများကို နိုင်ငံရေးအရ အဖြေရှာရန် ထပ်တလဲလဲတိုက်တွန်းမှုပြုလုပ်ပြီး ဆီးရီးယားဒုက္ခသည်များ အစုလိုက်အပြုံလိုက်ရောက်လာနေဆဲတွင် ဂျော်ဒန်နိုင်ငံသို့ ၎င်းအခက်အခဲဒုက္ခများ လျော့ကျစေရေး နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောဆိုသွားသည်။ **(ဆင်ဟွာ)**

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားရေကြောင်းလမ်းဖွင့်မည်

မနီလာ မေ ၂

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ရေကြောင်းလမ်း မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယင်းရေကြောင်းလမ်းသည် နိုင်ငံတောင်ပိုင်းရှိ မင်ဒါနာအိုနှင့် မြောက်ဆူလာဝေစီတို့အကြား သင်္ဘောဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မင်ဒါနာအိုနှင့် အင်ဒိုနီးရှားတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် တိုးတက်အားကောင်းလာမည်ဖြစ်ကြောင်း မင်ဒါနာအို ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ လူဝေါ်ဟာတီအန်တိုနီယိုက ပြောသည်။

အဆိုပါ သင်္ဘောဝန်ဆောင်မှုလုပ်ငန်းသည် နှစ်နိုင်ငံသာမက အာဆီယံနိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများလည်း ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်လက်တိုးလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မင်ဒါနာအိုကုန်သည်များက အင်ဒိုနီးရှားသို့ အဖျော်ယမကာများ၊ သန့်ရှင်းလတ်ဆတ်သော သစ်သီးဝလံများ၊ အုန်းသီးများ၊ အသားငါးနှင့် နို့ထွက်ပစ္စည်းများ ပိုမိုတင်ပို့လာနိုင်တော့မည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဧပြီလအတွင်း အီရတ်နိုင်ငံတိုက်ခိုက်မှုများ၌ ၇၅၀ သေဆုံး

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံ၌ ဧပြီလအတွင်း ပြင်းထန်သောတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၇၅၀ ရှိပြီး ဒဏ်ရာရရှိသူ ၁၅၄၁ ဦးရှိကြောင်း အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂကူညီရေးမစ်ရှင် (UNAMI) ဖော်ပြချက်အရ သိရသည်။

ပြီးခဲ့သည့်ဒီဇင်ဘာလက အစိုးရဆန့်ကျင်ဆန္ဒပြသူများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များကြား အန်ဘာပြည်နယ်၌ ဖြစ်ပွားသောပဋိပက္ခများတွင် သေဆုံးသော စာရင်းများပါရှိခြင်းမရှိပေ။ သို့သော် အန်ဘာပြည်နယ် ကျန်းမာရေး ဦးစီးဌာန၏ ဧပြီ ၂၉ ရက်စာရင်းများအရ ၁၃၅ဦး သေဆုံးခဲ့ပြီး ၅၂၅ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ဆွန်နီအဖွဲ့သည် တစ်နှစ်ပတ်လုံး ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်ခဲ့ကြပြီး ရှီးယိုက်အစိုးရအဖွဲ့ကို စွပ်စွဲခြင်း၊ အဖွဲ့ဝင်များကို ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အီရတ်နိုင်ငံတွင် မကြာသေးမီနှစ်များက တိုက်ခိုက်မှုများသည် အဆိုးရွားဆုံးဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် အရပ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၇၈၁၈ ဦး အပါအဝင် စုစုပေါင်း ၈၈၆၈ဦး သေဆုံးခဲ့ရာ နှစ်စဉ်သေဆုံးသူဦးရေမှာ တိုးလာလျက်ရှိသည်ဟု UNAMI က ဖော်ပြခဲ့သည်။

(ဆင်ဟွာ)

ဆိုးလ်၌ မြေအောက်ရထားနှစ်စင်းတိုက်မိ လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရ

ဆိုးလ် မေ ၂

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မြေအောက်ကားရထားနှစ်စင်းတိုက်မိခဲ့ရာ လူဒါဇင်နှင့်ချီပြီး ဒဏ်ရာရရှိသွားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါမြေအောက်ကားရထား တိုက်မှုကြောင့် လူပေါင်း ၇၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ အချို့သော မီဒီယာများက လူပေါင်း ၁၇၀ အထိ ရှိသည်ဟု ဖော်ပြသည်။

ယင်းဖြစ်စဉ်မှာ စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် ရပ်ထားသောရထားတစ်စင်းကို အခြားတစ်စင်းက နောက်မှ ဝင်တိုက်ခဲ့ကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ယခုဖြစ်စဉ်မှာ လူပေါင်း ၃၀၀ ခန့် သေဆုံးခဲ့ရသည့် သင်္ဘောနစ်မြုပ်မှုဖြစ်ပွားပြီး မကြာမီဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများပြန်လည်ထူထောင်ရေးစီမံကိန်းစတင်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂

မြန်မာနိုင်ငံ၏ ဒီရေတောဧရိယာသည် ဧကတစ်သန်းနှစ်သိန်းခန့်၊ ကမ္ဘာ့ဒီရေတောဧရိယာ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိသည့်အတွက် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောအများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီရေတောများကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးတွေ့ရသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကြီးမားကျယ်ပြန့်လှသည့် ဒီရေတောများသည် တိုးတက်လာသည့် လူဦးရေနှင့်၄င်းတို့၏ လတ်တလောစီးပွားရေးလိုအပ်ချက်ပေါ်မူတည်၍ လယ်ကွင်းများ၊ နေလှန်းဆားကွင်းများ၊ ငါးကန်၊ ပုစွန်ကန်များအဖြစ်သို့ ပြောင်းလဲခဲ့သည်။

သို့ရာတွင် ကျန်ရှိသည့်ဒီရေတောများက ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်စဉ် လူသားတို့ကို သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်စွမ်းကို ပြသခဲ့ကြသည်။ ဒီရေတောများသည် ဒေသခံပြည်သူများအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျောနှင့်ဆေးဖက်ဝင်အပင်များနှင့် အခြားသစ်တောထွက်ပစ္စည်းများပေးစွမ်းနိုင်ခြင်း၊ ကမ်းရိုးတန်းနေပြည်သူများအား ဆူနာမီ၊ မုန်တိုင်းအစရှိသည့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်ပေးနိုင်ခြင်း၊ စိုက်ပျိုးမြေများအား ပင်လယ်ဆားငန်ရည်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိနိုင်ခြင်း စသည့်တိုက်ရိုက်နှင့်သွယ်ဝိုက်သည့် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ဒီရေတောများ ရေရှည်တည်တံ့စေရေးအတွက် စီမံအုပ်ချုပ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ တောပျက်သည့် ဧရိယာများတွင် ဒီရေတောစိုက်ခင်းများ ထူထောင်ခြင်း၊ ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုတိုးတက်လာစေရေးအတွက် သဘာဝတောများအား ပြန်လည်ပြုစု ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency-JICA) နှင့် ပူးပေါင်း၍ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများကို ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် ပြန်လည်စိုက်ပျိုးပြုစုခြင်း စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ "ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံကိန်း" ကိုလည်း ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ JICA နှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လယ်ယာ၊ သား၊ ငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဧပြီ ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေး စီမံကိန်းစတင်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေးနိုင်သည့်ဒီရေတောထူထောင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ JICA အကူအညီဖြင့် ယခုစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဒီရေတောများတည်ရှိရာ ဘိုကလေး၊ ဖျာပုံနှင့် လပွတ္တာမြို့နယ်များရှိ ကျေးရွာများ၌ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းက ဒီရေတောပျိုးဥယျာဉ်နှင့် တိုးချဲ့ပညာပေးစခန်းလေးခု၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံလေးခုနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်နိုင်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ယနေ့စတင်သည့် စီမံကိန်းသည် JICA အကူအညီဖြင့် ထပ်မံအကောင်အထည်ဖော်သည့်စီမံကိန်းတစ်ခုဖြစ်သည်။ ယင်းစီမံကိန်းမှ မုန်တိုင်းဒဏ်အကာအကွယ်ပေးနိုင်မည့် ဒေသသစ်မျိုးများဖြင့် နာဂစ်မုန်တိုင်း၏ခါးသီးမှုဒဏ် လက်တွေ့ခံစားခဲ့ရသည့် ကဒုံကနိကြိုးဝိုင်းအကွက်အမှတ် ၃၈၊ ၃၉၊ ၄၃၊ ၄၄ အတွင်း ဒီရေတောစိုက်ခင်း ဧရိယာဧက ၃၀၀၀ ခန့်ကို တည်ထောင်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ မုန်တိုင်းဒဏ်ခံအဆောက်အအုံထပ်မံတည်ဆောက်၍မုန်တိုင်းဒဏ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လေ့ကျင့်သင်ကြားပို့ချဆောင်ရွက်သွားမည်ဖြစ်သည်။

ဒီရေတောများ ပြန်လည်ထူထောင်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် သဘာဝဘေးအန္တရာယ် ကျရောက်မှုကို ကာကွယ်နိုင်မည့်အပြင် ဒေသတွင်း ရာသီဥတုမျှတခြင်း၊ ငါး၊ ပုစွန်နှင့် သစ်တောထွက်ပစ္စည်းများပေါများ၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သစ်တောနှင့်သတ္တုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ NGOs နှင့် INGOs တို့မှ ကိုယ်စားလှယ်များ၊ JICA Myanmar ရုံး၊ Kokusai Kogyo Co.,Ltd. နှင့် Hazama Ando Corporation တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများနှင့်အတူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေး စီမံကိန်းစတင်ခြင်း အခမ်းအနား အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ၌ အမှတ်တရ ဒီရေတောသစ်ပင်စိုက်ပျိုးပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဘိုကလေးမြို့သို့ ရောက်ရှိစဉ် မြို့မိ မြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးနှင့် ကျန်းမာရေးဌာနတို့မှ တာဝန်ခံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒေါ်နယ် တပ်စ်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အိုလံပစ်သွေးစည်းညီညွတ်ရေးနှင့် အာရှအိုလံပစ်ကောင်စီ၏ အရှေ့အာရှနှင့် အရှေ့တောင်အာရှ အိုလံပစ်ကော်မတီများအတွက် ဒေသဆိုင်ရာဖိုရမ် နေပြည်တော်၌ ကျင်းပမည်

နေပြည်တော် မေ ၂

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အိုလံပစ်သွေးစည်းညီညွတ်ရေးနှင့် အာရှအိုလံပစ်ကောင်စီတို့၏ အရှေ့အာရှနှင့် အရှေ့တောင်အာရှအိုလံပစ်ကော်မတီများအတွက် ဒေသဆိုင်ရာ ဖိုရမ်အစည်းအဝေး COS/ OCA Regional Forum For East and Southeast Asia Noc ကို မေ ၁၁ ရက်မှ ၁၂ ရက်ထိ နေပြည်တော်ရှိ The Hotel Royal ACE ၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးကို အိုလံပစ်သွေးစည်းညီညွတ်ရေးမှ လေးဦး၊ အာရှအိုလံပစ်ကော်မတီမှ ငါးဦး၊ အရှေ့အာရှ ရှစ်နိုင်ငံမှ ကိုယ်စားလှယ် ၁၆ ဦး၊ အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ ကိုယ်စားလှယ် ၂၂ ဦး၊ (၁၇)ကြိမ်မြောက် အင်ချွန်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ငါးဦး၊ (၄)ကြိမ်မြောက် ဖူးခက်အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ ငါးဦး၊ ဒုတိယအကြိမ်နန်ကျင်းလူငယ်အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ ခြောက်ဦး စုစုပေါင်း ၆၃ ဦး တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာချိုင်အုန်းနို့စက်ရုံမှ မြန်မာအလုပ်သမားများ လုပ်အားခအပြည့်အဝမရသဖြင့် ဆန္ဒပြမှု ဖြေရှင်းညှိနှိုင်း

မဟာချိုင် မေ ၂

ထိုင်းနိုင်ငံ မဟာချိုင်မြို့ အုန်းနွဲ့စိုင်ဟတ်ရပ်ကွက်အတွင်းရှိ အုန်းနို့များ ထုတ်လုပ်သော Ampol Food Processing., Ltd မှ ရာချီရှိနေကြသည့် မြန်မာ့ရွှေ့ပြောင်းအလုပ်သမားများသည် လုပ်အားခမရရှိကြသဖြင့် မေ ၂ ရက်က စုဝေးဆန္ဒပြခဲ့ကြကြောင်း **(ယာပုံ)** ထိုင်းနိုင်ငံရောက် မြန်မာအသိုင်းအဝိုင်းမှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

မေ ၂ ရက်က ဆန္ဒပြကြသော မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံအတွင်းရှိ စက်ရုံများအနက် အန္တရာယ်အများဆုံး လုပ်ငန်းခွင်ဖြစ်သော အုန်းသီးအခွံနွှာ(ကထွက်ဒီယို) စက်ရုံမှ အလုပ်သမားများဖြစ်ကြပြီး ၄င်းတို့လုပ်အားခငွေများ အပြည့်အဝရရှိစေရန်အတွက် စုဝေးဆန္ဒပြကြခြင်းဖြစ်သည်။

ဆန္ဒပြကြ

အဆိုပါစက်ရုံတွင် လုပ်သက်ခုနစ်နှစ်ရှိနေပြီဖြစ်သော ကိုအောင်ချိုက "သကြိန်မတိုင်ခင်ကတည်းက လုပ်ထားတဲ့ လုပ်အားခတွေနဲ့ လေးလပိုင်းအတွင်း လုပ်ကိုင်ထားတဲ့ လုပ်အားခတွေ အပြည့်အဝမရတာကြောင့် ဆန္ဒပြကြတာပါ။ အမှန်တကယ် ကျွန်တော်တို့အလုပ်သမားတွေရမယ့်ငွေက ဘတ်တစ်သောင်းသုံးထောင်လောက်စီရရှိကြမှာဖြစ်ပေမယ့် တစ်ဦးကို ဘတ်ငွေ ၃၀၀ ရတဲ့သူနဲ့ ဘတ်ငွေ ၆၀၀ ရတဲ့သူနဲ့ဖြစ်နေလို့ ဆန္ဒပြကြရတာပါ" ဟု ပြောသည်။ ယင်းနေရာသို့ သွားရောက်ညှိနှိုင်းကြသူများမှာ မဟာချိုင်အခြေစိုက် အလုပ်သမားများ အခွင့်အရေးကွန်ရက် LPN OPLIFTING GROUP FOR NATIONAL MORALE, MAT ရုံးခွဲနှင့် ရတ်ထိုင်းဖောင်ဒေးရှင်းတို့ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ဖြေရှင်းသူတစ်ဦးဖြစ်သော ရတ်ထိုင်းဖောင်ဒေးရှင်းမှ စေတနာ့ဝန်ထမ်း ကိုရဲမင်းက "ကျွန်တော်တို့ သတင်းကြားကြားချင်း စက်ရုံကို ထွက်လာခဲ့တာပါ။ ကျွန်တော်တို့စက်ရုံကိုရောက်တော့ စက်ရုံထဲက အလုပ်သမားတွေ အားတက်ပြီး ပြေးထွက်လာကြတယ်။ ဒါပေမယ့် ကျွန်တော်တို့က စက်ရုံအပြင်ကို ပေးမထွက်ဘဲ အခြေအနေကို ထိန်းပေးတယ်။ အလုပ်ရှင်နဲ့ နှစ်ဖက်ညှိနှိုင်းမယ့်အချိန်ထိ အခြေအနေတွေ ဆိုးဆိုးရွားရွားမဖြစ်အောင် ဆန္ဒပြအလုပ်သမားတွေကို အားပေးရင်း ထိန်းသိမ်းခဲ့ပါတယ်" ဟု ပြောကြားသည်။

ရွှေ့ဆိုင်းခဲ့

အလုပ်ရုံအတွင်း ထိုင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာအလုပ်သမားပေါင်း ခြောက်ရာခန့်ရှိသည့်အနက် မြန်မာလေးရာဝန်းကျင်ခန့် ရှိနေကြောင်း သိရပြီး ထိုင်းနှင့် ကမ္ဘောဒီးယားအလုပ်သမားတို့ လုပ်အားခအပြည့်အဝမရရှိကြသည်ကို သွားရောက်ပြောဆို ဖြေရှင်းပေးမည့်သူများရှိလျှင် ချက်ချင်းထုတ်ပေးသော်လည်း မြန်မာအလုပ်သမားများအား အကြောင်းအမျိုးမျိုးပြ၍ ရွှေ့ဆိုင်းခဲ့သည်ဟု အလုပ်သမားများက ပြောသည်။

သဘောတူညီမှုရရှိ

အဆိုပါ မြန်မာအလုပ်သမားများ၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ယနေ့ ညနေပိုင်းတွင် အလုပ်သမားများ၏ လုပ်အားခကိုရှင်းပေးမည်ဖြစ်ကြောင်း သဘောတူညီမှုများရရှိခဲ့ကြောင်းဖြင့် သွားရောက်ဖြေရှင်းခဲ့ကြသူများက ဆက်သွယ်ပြောကြားသည်။ **စိုးဝင်း(SP)**

အခန်းကျယ်ဖရောင်းမည်။

ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်။အငှားထားကျင်ရေးကောင်းရမည်။

ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းကျယ်၊ ယုဇနပလာဇာအနီး၊ ပထမထပ် (17'x60')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ဗာဂျာဆွဲတံခါးမကြီးအဆင့်မြင့်ပန်းကနုတ်သံပန်းအလှများနှင့် ဆန်းရိုက်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့်PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်အဆင့်မြင့်ကော်နာ၊ ကောနစ်၊ မီးအလှနှင့် အဆင့်မြင့် မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်း/ကပ်၍ မီးဖိုခုံနှင့်ဗီဒိုများတပ်ဆင်ထားသည်၊ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီးဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်)

(မွဲစား၊ အကျိုးဆောင်၊ ကြော်ငြာများမလိုပါ)

ကျပ်သိန်း→(765) Ph:09-5053076

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

2 . 5 . 2014 တွင် Junction Cineplex ၌ စတင်ပြသမည့် ဇာတ်ကားများ

Junction Cineplex

Like us on facebook

JunctionCineplex

3D နည်းပညာဖြင့် စိတ်လှုပ်ရှားဖွယ်ကောင်းသော အက်ရှင် ဇာတ်ကားကြီး

စိတ်လှုပ်ရှားဖွယ်ကောင်းသော ထိုင်းဝိညာဉ် ဇာတ်ကားကြီး



Junction Square (Ph - 01 527 055)		
Captain America(3D)	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
She Devil	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
စေတန်ရဲ့ ကချေသည်	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Maw Tin (Ph - 01 225 244)		
Captain America(3D)	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
စေတန်ရဲ့ ကချေသည်	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Nay Pyi Taw (Ph - 067 421 615)		
တောလည်မောတယ် ချစ်မယ်	Mon to Thu	11 AM . 2 PM . 6 : 30 PM
	Fri to Sun	10 : 30 AM . 1 : 30 PM . 4 : 30 PM . 7 : 30 PM

တွေ့ဆုံမေးမြန်း

လူငယ်တွေကို ပြုစုပျိုးထောင်ပေးဖို့ဆိုတဲ့လုပ်ငန်းက နိုင်ငံတော်အစိုးရအတွက် အရေးကြီးတဲ့တာဝန်တစ်ရပ်ဖြစ်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကင်းထောက်မောင်မယ်စခန်းတွင် မေ ၁ ရက်က ကင်းထောက်မောင်မယ်များအား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တာဝန်ရှိသူများ သွားရောက်တွေ့ဆုံအားပေးခဲ့သည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ကင်းထောက်ဟောင်းကြီးများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကင်းထောက်လူငယ်မောင်မယ်များအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ၁၉၅၇၊ ၁၉၅၈ ခုနှစ်ကတည်းက စပြီးတော့ ဝံပုလွေ၊ ဝံပုလွေကနေ နောက်တစ်ဆင့် ကင်းထောက်ပေ့ါ။ ရရာနေရာကနေ ကင်းထောက်တာဝန်တွေ ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၆၂၊ ၁၉၆၃ လောက်ကျတော့ ပြီးသွားတာပေ့ါ။ အခြားစနစ်တစ်ခုကို ပြောင်းသွားပါတယ်။ အလွန်တရာမှ နိုင်ငံတော်အတွက် အကျိုးရှိတဲ့အတွက်ကြောင့် ယနေ့ပြန်လည်ပြီး ကျွန်တော်တို့ရှင်သန်အောင် လူငယ်တွေကိုပြုစုပျိုးထောင်တဲ့အခန်းကဏ္ဍထဲက တစ်ရပ်အနေဖြင့် အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတော်အတွက် လူငယ်တွေရဲ့ အခန်းကဏ္ဍက အတော်အရေးကြီးပါတယ်။ ဒီနေ့ ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ သုံးနှစ်လောက်ကြာတဲ့အခါမှာ သုံးသပ်ကြည့်တဲ့အခါ လူငယ်တွေရယ်၊ Civil Society တွေရဲ့ အားတွေက နိုင်ငံဒီမိုကရေစီလမ်းကြောင်းပေါ်ကို သွားဖို့အတွက် အလွန်အရေးကြီးတဲ့အခန်းကဏ္ဍ ဖြစ်နေတယ်ဆိုတာတွေ့ရတယ်။ ဒါကြောင့် လူငယ်တွေကို ပြုစုပျိုးထောင်ပေးဖို့ဆိုတဲ့လုပ်ငန်းက နိုင်ငံတော်အစိုးရအတွက် အရေးကြီးတဲ့တာဝန်တစ်ရပ်ဖြစ်တယ်လို့ မြင်လာတယ်။ ဒါကြောင့် လူငယ်တွေကို ပြုစုပျိုးထောင်နေပါတယ်။ တစ်ပိုင်းကတော့ ဘက်စုံထူးချွန်တဲ့လူငယ်တွေအဖြစ် အခုကဆောင်ရွက်ပါတယ်။ ထို့အတူပဲ တက္ကသိုလ်တွေ၊ ကောလိပ်တွေအသီးသီးမှာ အရင်တုန်းကရှိခဲ့တဲ့ လှေလှော်အသင်းတွေ၊ ရေကူးအသင်းတွေ၊ ဘောလုံးအသင်းတွေ၊ စာဖတ်အသင်းတွေ၊ ကျောင်းဆောင်က အသင်းလိုက်တွေ၊ ဘာသာစကား၊ ယဉ်ကျေးမှုအသင်းအဖွဲ့တွေ အသီးသီးပေါ်ပေါက်ဖို့ကို ကျွန်တော်တို့ ကြိုးပမ်း ဆောင်ရွက်နေပါတယ်။

အထက်တန်းကျောင်းတွေမှာလည်း ကျောင်းကောင်စီတွေ ပြန်လည်ရှင်သန်ပြီးတော့ ဒါတွေအသက်ဝင်အောင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ တစ်ဖက်က ကြက်ခြေနီလူငယ်တွေပါ။ ဒါကိုလည်း ပြုစုပျိုးထောင်ပြီး အင်အားတစ်ရပ်အနေနဲ့ ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ အရေးပေါ်အခြေအနေတွေမှာ အများကြီးအထောက်အကူပြုမယ့် အနေအထားဖြစ်ပါတယ်။ အလားတူပဲ ဒီကင်းထောက်အဖွဲ့ဖြစ်ပါတယ်။ အခုဆို ၂၀၀၀ လောက်ရှိပါပြီ။ လာမယ့်နှစ်မှာ ၂၀၀၀၀ လောက်ရည်မှန်းချက်ထားပြီး ဒီကင်းထောက်အဖွဲ့ချုပ်ကြီးကို ကျွန်တော်တို့ ပြန်လည်ဖွဲ့စည်းပါတယ်။ ကျွန်တော်တို့ ပြန်ရှင်သန်အောင် လုပ်ပါတယ်။ ကျေးလက်လူငယ်တွေဖွံ့ဖြိုးအောင်လည်း ကျွန်တော်တို့လုပ်ပါတယ်။ လူငယ်တွေရဲ့ နေရာအသီးသီး၊ အလွှာအသီးသီးမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ သူတို့ရဲ့အားတွေအားလုံးပါဝင်လာပြီး နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ အရှိန်အဟုန်မြင့်သထက်မြင့်မားအောင် ကျွန်တော်တို့ကြိုးစားနေတဲ့အကြောင်းအရာထဲက အကြောင်းတစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

အဓိကကတော့ နိုင်ငံတော်အတွက်နဲ့ ၅၅ သန်းလောက်ရှိသော နိုင်ငံလူဦးရေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့က အလွန်အရေးကြီးပါတယ်။ လူငယ်တွေဟာ ကင်းထောက်တွေရဲ့ ရည်မှန်းချက်ထဲက တစ်ခုလိုပေ့ါ။ အားလုံးလည်းကူညီမယ်၊ အားလုံးလည်း စေတနာထားမယ်။ အမြဲတမ်းအသင့်ဖြစ်နေမယ်။ ကိုယ့်ကျင့်တရားကောင်းအောင်လုပ်ကြမယ်။ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် ရှေ့တန်းက ပါဝင်နေမယ်ဆိုတာကို အားလုံးလည်း ဝိုင်းလုပ်ပေးကြပါလို့ ပြောချင်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့အခါ လူ့စွမ်းအား အရင်းအမြစ်တွေ အများကြီး လိုအပ်ပါတယ်။ အဲဒီအတွက်ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးအနေနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအစဉ်တွေကို ချမှတ်ဆောင်ရွက်ပြီးတော့ အခုလိုပဲ ဘက်စုံထူးချွန်လူငယ်တွေ၊ ထူးချွန်ကြက်ခြေနီလူငယ်တွေ၊ ကင်းထောက်လူငယ်တွေ အစရှိသဖြင့် လူ့စွမ်းအားအရင်းအမြစ်တွေကို အနာဂတ်မှာ လူငယ်တွေ၊ လူချွန်လူကောင်းတွေ၊ အနာဂတ်ခေါင်းဆောင်တွေ ပေါ်ထွန်းလာအောင် ကျွန်တော်တို့ဆောင်ရွက်နေတာဖြစ်ပါတယ်။

အခုလက်ရှိမှာလည်း နိုင်ငံတော်သမ္မတရဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်တဲ့ အစီအစဉ်ဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သလို နိုင်ငံမှာ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားကအစ စီးပွားရေးလုပ်ငန်းရှင်အထိကို နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် စွမ်းဆောင်နေကြတဲ့ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍအသီးသီးမှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ကို အခုလို ဆောင်ရွက်နေတဲ့ အစီအစဉ်တွေပဲဖြစ်ပါတယ်။

ကျွန်တော်တို့လည်း ငယ်စဉ်တုန်းက အသက် ၁၁ နှစ်အောက်အရွယ်မှာ ဝံပုလွေအဖွဲ့အစည်းမှာပါဝင်ခဲ့ပါတယ်။ အဲဒီတုန်းက ဒုတိယတန်းလောက်ပဲ ရှိပါသေးတယ်။

အဲဒီအချိန်တုန်းက ဒီနေ့မြင်တွေ့ရတဲ့ ကင်းထောက်ဝံပုလွေလူငယ်အပါအဝင် တောတွင်းစခန်းချတာတွေ၊ ကြိုးချည်နည်းတွေ၊ အများအကျိုးကို သယ်ပိုးထမ်းရွက်တဲ့ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့လည်း ငယ်စဉ်တုန်းက ဆောင်ရွက်ဖူးပါတယ်။ ဒီအစီအစဉ်တွေဟာ တော်တော်လေး ကောင်းမွန်ပါတယ်။

ဘာကြောင့်လဲဆိုရင် လူငယ်တွေအတွက်ကို ဒေသန္တရဗဟုသုတရရှိတဲ့အပြင် အစုအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်လည်းရရှိလာမှာ ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့ ဘက်စုံပညာထူးချွန်တဲ့ လူငယ်တွေဟာ စာပေတစ်ခုတည်းကိုသာ အာရုံစိုက် ကြိုးစားပြီး ထူးချွန်လာရုံနဲ့ နိုင်ငံအတွက်ရော လူ့အဖွဲ့အစည်းအတွက်ရော မပြည့်စုံသေးပါဘူး။ အားလုံးအတွက်ကို တစ်ဦးတစ်ယောက်ချင်းကောင်းဖို့သာမက အဖွဲ့အစည်းကောင်းဖို့ရော၊ ဒေသအကျိုးရော၊ နိုင်ငံအကျိုးရော စွမ်းဆောင်နိုင်တဲ့ လူချွန်လူကောင်းတွေဖြစ်ဖို့ကို နိုင်ငံတော်သမ္မတကြီးက ဦးတည်ရည်မှန်းပြီးတော့ လုပ်ကိုင်နေခြင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

မောင်လှိုင်ဘွားအောင်
(အထက-၄ အလုံ)

အစကတော့ ကင်းထောက်ဆိုတာ ဘာမှန်းကို ကျွန်တော်မသိခဲ့ပါဘူး။ နောက်ပိုင်းတော့မှ လူမှုဝန်ထမ်းလုပ်ဆောင်တဲ့အဖွဲ့ဆိုတာ သိရတာပါ။ ကင်းထောက်လုပ်ငန်းအတွက် ဝါသနာပါလို့ ဝင်ရောက်တာပါ။ ရန်ကုန်ကနေပြီးလွှတ်တော့ အသေးစိတ်တာဝန်ခွဲ တာဝန်ထမ်းဆောင်တာပါ။ ဒီရောက်တော့မှ တဲထိုးတာတို့၊ စခန်းချတာတို့ လုပ်ရပါတယ်။ မနေ့ကတော့ အဖွဲ့လိုက် ဘုရားပေါ်တို့၊ ရွာကျောင်းတို့မှာ သန့်ရှင်းရေးသွားလုပ်ရပါတယ်။ ဒီကင်းထောက် အဖွဲ့အစည်းကို ဝင်ခြင်းအားဖြင့် စိတ်ဓာတ်ကောင်းမွန်ပြီး သူငယ်ချင်းအများကြီးလည်း ရရှိပါတယ်။ ကျွန်တော့်ရဲ့ အနာဂတ်ကတော့ တပ်မတော်လေတပ်မှာ တာဝန်ထမ်းဆောင်ချင်ပါတယ်။

တခြားသော သူငယ်ချင်း လူငယ်မောင်မယ်လေးများကို မှာချင်တာကတော့ ကင်းထောက်သင်တန်းတွေ ကိုယ့်ကျောင်းတွေမှာဖွင့်ရင် တက်ဖြစ်အောင်တက်ပါ။ ဒီကင်းထောက်အဖွဲ့မှာ ပါဝင်ခြင်းဖြင့် စိတ်ဓာတ်ကောင်းတွေ၊ သူငယ်ချင်းကောင်းတွေ ရရှိလာမှာဖြစ်ပါတယ်။

မောင် လှိုင်ဘွား အောင် (အ ထ က- ၄၊ အလုံ)။

ဦးတင်ညို
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ယာယီကော်မတီဥက္ကဋ္ဌ

ကျွန်တော်တို့ ဟိုတုန်းက ကင်းထောက်လုပ်ခဲ့တဲ့သူတွေကို ကင်းထောက်ကြီးလို့ခေါ်ပါတယ်။ ကင်းထောက်ဆိုတာဟာ Once scout is always scout ပါ။ ကင်းထောက်တစ်ခါဖြစ်ခဲ့ရင် တစ်သက်လုံး ကင်းထောက်အဖြစ်နဲ့ ခံယူကြပါတယ်။ ကျွန်တော်က ၁၉၅၂ ခုနှစ်ကနေ တက္ကသိုလ်မတက်ခင် ၁၉၅၈ ခုနှစ်အထိ ကင်းထောက်လုပ်ခဲ့ပါတယ်။ ၅ တန်းလောက်ကနေပြီး ၁၀ တန်းအထိပေ့ါ။ အခုလည်း ဒီကလေးတွေကို ဒီစခန်းမရောက်ခင်ကတည်းက သူတို့ကျောင်းတွေမှာ သင်တန်းပေးပါတယ်။ ၂၀၁၂ ခုနှစ်နိုဝင်ဘာလမှာ ပထမဆုံးစပြီး သင်တန်းပေးခဲ့ပါတယ်။ ဟိုတုန်းက ကင်းထောက်အတွေ့အကြုံရှိတဲ့သူတွေက ဆရာ ဆရာမပေါင်း ၉၈ ဦးကို သင်တန်းပေးခဲ့ပါတယ်။ ကျောင်းပေါင်း ၁၈ ကျောင်းမှာ ကင်းထောက် စဖွဲ့ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကျတော့ ကျွန်တော်တို့နိုင်ငံမှာ ကင်းထောက်အဖွဲ့ကို ပြန်လည်ထူထောင်ဖို့ ကြိုးစားဆောင်ရွက်နေပြီလို့ကြားတော့ ကမ္ဘာ့ကင်းထောက်အဖွဲ့တွေက စိတ်ဝင်စားလာတယ်။ မြန်မာနိုင်ငံကိုလာပြီးတော့ လေ့လာကြပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာပဲ ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့(အာရှနဲ့ ပစိဖိတ်ဒေသ)က ကိုယ်စားလှယ်တွေလာပြီးတော့ လေ့လာပါတယ်။ လာလေ့လာပြီးတော့ မြန်မာနိုင်ငံကို ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှာ ပြန်လည်ဝင်ရောက်နိုင်ဖို့ ကူညီပါ့မယ်လို့ ပြောသွားပါတယ်။ ၂၀၁၃ ခုနှစ် ဇူလိုင်လ တိုကျိုမှာလုပ်တဲ့ ၁၂ ကြိမ်မြောက်အာရှ နဲ့ပစိဖိတ်ဒေသညီလာခံမှာ ကျွန်တော်တို့ကို The Country moving toward membership ဆိုတဲ့ လက်မှတ်ကိုပေးခဲ့ပါတယ်။

ဦး တင် ညို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ယာယီ ကော်မတီဥက္ကဋ္ဌ။

ပေးပြီးတော့ ဩဂုတ်လမှာ ကျွန်တော်တို့ဆီကိုလာပြီး သင်တန်းတွေ လာပေးပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလကလည်း ပေးခဲ့ပါတယ်။

ဇန်နဝါရီလပိုင်းက ကမ္ဘာ့ကင်းထောက်အဖွဲ့ရဲ့ အမှုဆောင်ချုပ်နဲ့ အာရှပစိဖိတ်ဒေသက ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့လာခဲ့ပါမယ်။ မြန်မာနိုင်ငံမှာ ဘယ်လောက်အထိ တိုးတက်ပြောင်းလဲလာသလဲဆိုတာ လာကြည့်ပြီးတော့ ဟောင်ကောင်မှာလုပ်မယ့် ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့ညီလာခံမှာ ကျွန်တော်တို့ကို တွဲဖက်အဖွဲ့ဝင်နိုင်ငံအဖြစ် တစ်နည်းအားဖြင့် Associated member အဖြစ်နဲ့ အသိအမှတ်ပြုဖို့ စီစဉ်နေပါတယ်။ အဲဒါကတော့ အမျိုးသမီးကင်းထောက်အဖွဲ့အတွက်ပေ့ါ။

ကမ္ဘာ့အမျိုးသား ကင်းထောက်အဖွဲ့ကလည်း ကျွန်တော်တို့နဲ့ ချိတ်ဆက်ပြီးတော့ ၂၀၁၃ ခုနှစ် မေလက

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

တစ်ခေါက်လာပါတယ်။ နောက် အောက်တိုဘာလမှာ သင်တန်းလာပေးတယ်။ ကျွန်တော်တို့က ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ကြိုးစားရပါတယ်။ အခုဆို နိုင်ငံပေါင်း ၁၉၀ ကျော်ဟာ ကင်းထောက်အဖွဲ့တွေဖွဲ့ထားပါတယ်။ အဲဒီထဲက ၁၆၁ နိုင်ငံက တရားဝင် အဖွဲ့ဖြစ်သွားပြီ။ ကျန်တဲ့နိုင်ငံ ၃၀ လောက်ဟာ အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ကြိုးစားနေတုန်းပါ။

ကင်းထောက်မှာ အဆင့်တွေရှိပါတယ်။ ဝံပုလွေဆိုတာ ခြောက်နှစ်ကနေ ၁၀ နှစ်အထိဖြစ်ပါတယ်။ အသက် ၁၁ နှစ်ကနေ ၁၅နှစ်အထိက Scout ဖြစ်ပါတယ်။ Scout ကနေ အသက်နည်းနည်းကြီးသွားရင် ရိုဗာ (Rover) ဆိုတာ ရှိပါတယ်။ ပြီးရင် သက်ကြီးကင်းထောက်(Adult Scout) ဆိုတာ ရှိပါတယ်။ အဲဒါကြောင့် အရွယ်စုံက ကင်းထောက်မှာ ပါဝင်လို့ရပါတယ်။

၁၉၆၄ ခုနှစ် မတ် ၁ ရက်မှာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ဖျက်သိမ်းလိုက်ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ဆောင်ရွက်ခဲ့တဲ့ ကင်းထောက်ကြီးတွေဟာ ဒီစိတ်ဓာတ်နဲ့ ဆက်ပြီးတော့ ရှင်သန်နေပါတယ်။ ဒီကင်းထောက်အဖွဲ့ကို ပြန်လည်ဖော်ထုတ်လာတဲ့အခါမှာ အဲဒီကင်းထောက်ကြီးတွေက ဝိုင်းပြီး ပံ့ပိုးလာကြတယ်။ ကင်းထောက်ကို ဘာကြောင့် ဖွဲ့ရသလဲဆိုရင် ကင်းထောက်သည် လူမှုရေးအသင်းအဖွဲ့ဖြစ်တယ်။ နိုင်ငံရေးအသင်းအဖွဲ့တွေနဲ့ မဆိုင်ဘူး။ သီးခြားအဖွဲ့အစည်းဖြစ်တယ်။ ဒါကြောင့်မို့ ဘယ်နိုင်ငံမဆို သီးခြားရပ်တည်ကြတယ်။ ဖွဲ့ပြီးတော့ သူတို့ပတ်ဝန်းကျင်မှာရှိတဲ့သူတွေကို အစဉ်ကူညီပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဆောင်ပုဒ်က အစဉ်အသင့် (Be prepared)သူတစ်ပါးကို ကူညီဖို့အသင့်ရှိရမယ်။

ကမ္ဘာမှာ နိုင်ငံ့ခေါင်းဆောင်တွေဟာ စကောက်တွေပါ။ အိုဘားမား၊ နယ်လ်ဆင်မင်ဒဲလားတို့ဟာ စကောက်တွေပါ။ ဒီပတ်ဝန်းကျင် နိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံတွေက သမ္မတကြီးတွေ၊ ထိုင်းဘုရင်တို့ဟာ ကင်းထောက်ချုပ်တွေပါ။ နိုင်ငံ့အကြီးအကဲတွေဟာ ကင်းထောက်ချုပ်တွေအဖြစ်နဲ့ ဒီလုပ်ငန်းတွေကို ပါဝင်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

အစိုးရသစ်လက်ထက်မှာ ပြန်လည်ဖော်ထုတ်နိုင်တာဟာ ကျွန်တော်တို့အတွက် အားတစ်ရပ်ဖြစ်ပါတယ်။ ဒီကာလတိုအတွင်းမှာကိုပဲ သမ္မတကြီးကိုယ်တိုင် ကတိခံယူပြီးတော့ ကင်းထောက်ချုပ်အဖြစ်နဲ့ တာဝန်ယူတာဟာ မြန်မာနိုင်ငံကလေးများအတွက် အနာဂတ်ကို လမ်းဖွင့်ပေးလိုက်တာ၊ မျက်နှာစာသစ်တစ်ခုဖွင့်လိုက်တာ၊ သမိုင်းစာမျက်နှာသစ်တစ်ခု ဖွင့်လိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာပါနေတဲ့ ကင်းထောက်ကလေးတွေအားလုံးဟာ မိမိတို့ခံယူထားတဲ့ ကင်းထောက်ကတိသုံးပါး၊ ကင်းထောက်ရဲ့ကျင့်ဝတ်၊ အဲဒါတွေကို လေးစားလိုက်နာပြီးတော့ ကိုယ့်ပတ်ဝန်းကျင်မှာရှိကြတဲ့ ကလေးတွေကိုလည်း ကိုယ့်လိုစိတ်ဓာတ်မျိုး၊ ကိုယ့်လို အရည်အသွေးမျိုး၊ ကိုယ့်လို အခြေအနေမျိုးဖြစ်အောင် ဆက်လက်ကြိုးစားပေးပါလို့ ပြောချင်ပါတယ်။

မသြမြတ်ခင်
အထက(၁) စစ်ကိုင်း

မသြမြတ်ခင် အ ထ က (၁) စစ်ကိုင်း

သမီးက ၆ တန်းဖြေထားပါတယ်။ ကင်းထောက်အဖွဲ့ထဲကို ပြီးခဲ့တဲ့ နှစ်က ဝင်ခဲ့ပါတယ်။ အဖွဲ့ဝင်ဖြစ်တော့ ကြက်ခြေနီလို သင်တန်းတွေ တက်ရပါတယ်။ ကြိုးချည်နည်းတွေကိုလည်း သင်ရပါတယ်။ ရှေးဦးသူနာပြုစုနည်းလည်း သင်ရပါတယ်။ ဒီကိုရောက်တာ သုံးရက်ရှိပါပြီ။ ခရီးထွက်ဖြစ်တာက ဒါပထမဦးဆုံးပါ။ ဒီကိုရောက်တော့ ပထမဆုံးနေ့မှာ ကန်တော်ကြီးကိုလာပြီးတော့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ တွေ့ပါတယ်။ ဒုတိယနေ့ကတော့ (ရေငယ်)အလကကို သွားပြီးတော့ သန့်ရှင်းရေးလုပ်ကြပါတယ်။

စာမျက်နှာ ၇ သို့

လူငယ်ရေးရာကဏ္ဍ

စာမျက်နှာ ၆ မှ

ဒီနေ့ ဒီကန်တော်ကြီးမှာ Camp သွင်းပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ရပါတယ်။ ဒီကိုလာရတာ အင်မတန်ပျော်ရွှင်ပါတယ်။

မောင်ဇွဲခေါင်တေဇာ
အထက(၁)လမ်းမတော်

ကင်းထောက် အဖွဲ့ထဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့က ဝင်ရောက်ခဲ့ပါတယ်။ သားတို့ကျောင်းမှာ ကင်းထောက် ၁၀၀ ကျော်ရှိပါတယ်။ ပြင်ဦးလွင်ကိုတော့ ကျွန်တော်အပါအဝင် ခုနစ်ဦး ရွေးချယ်ခံရလို့ ပါလာတာပါ။ ဒီကိုလာဖို့အတွက် စာမေးပွဲဖြေရပါတယ်။ ရွေးချယ်ခံရလို့ ပါလာတာဖြစ်ပါတယ်။

ကင်းထောက်လုပ်တော့ ကြိုးချည်နည်း၊ ပတ်တီးစည်းနည်း၊ ကင်းထောက်ရဲ့ အချက်ပြနည်းဖြစ်တဲ့ အလံရိုက်နည်းတို့ကို သင်ရပါတယ်။ ကင်းထောက် မိတ်ဆွေကတော့ ကင်းထောက်ရဲ့ အဖော်ကောင်းတစ်ယောက်ဖြစ်တဲ့ ကြိုးပါ။

အခု ဒီကင်းထောက်မောင်မယ်စခန်းမှာဆိုရင် တဲထိုးရပါတယ်။ မနေ့ညက စာမေးပွဲဖြေရပါတယ်။ ကင်းထောက်ဆိုင်ရာ ဗဟုသုတတွေကို ဖြေရပါတယ်။ ကင်းစိတ်အလိုက် ကင်းထောက်စွမ်းရည် ပြိုင်ပွဲတွေလည်း ပြိုင်ရပါတယ်။

မစိမ်းလဲ့ညိုမြင့်
ကမာရွတ် TTC

ဒီမှာ Camp ဝင်ရတော့ တစ်နိုင်ငံလုံးက သူငယ်ချင်းတွေ အများကြီးနဲ့ ခင်မင်ခွင့်ရပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု ပိုရှိလာပါတယ်။ ဒီ Camp မှာ အကုန်လုံး စည်းစည်းလုံးလုံးနဲ့ လုပ်ကြရပါတယ်။ စုပေါင်းလုပ်ဆောင်တဲ့ အလေ့အကျင့်ပထမဆုံး ရလာတာဖြစ်ပါတယ်။ ပြင်ဦးလွင်ကိုလည်း ကျွန်မတစ်ခေါက်မှ မရောက်ဖူးပါဘူး။ အခုလို ရောက်ရှိတဲ့အတွက် အများကြီးဝမ်းသာပါတယ်။

ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ်အောင်သော်

ဒီနေ့ဖွဲ့စည်းပြီး ဆောင်ရွက်နေတဲ့ ကင်းထောက်လူငယ်တွေ၊ ဒီကနေတစ်ဆင့် လူငယ်တွေအားလုံးက ကင်းထောက်လုပ်ငန်းနဲ့ ဆက်စပ်ပြီးတော့မှ ရေကြောင်းကင်းထောက်၊ လေကြောင်းကင်းထောက်၊ ဆက်စပ်ပြီးတော့ နယ်ပယ်အသီးသီး၊ ဘာသာရပ်အသီးသီးမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားသွားနိုင်အောင် ဆက်လက်ဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိပါတယ်။ ။

ကင်းထောက်များ၏ မီးပုံပွဲမှ ရွှေ့သို့ခြေလှမ်းသစ်များ

သက်နိုင်(ပြင်ဦးလွင်)

မီးပုံပွဲ. . . . . မီးပုံပွဲ. . . . . ပြီးပျော်ကလို့ တစ်အုံသက်ဆင်း. . . . . မောင်နှမအရင်းတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ စခန်းမြေအတွင်း အပန်းဖြေရင်း အပန်းပြေရတယ် မောင်နှမအရင်းတွေ ပျော်ပျော်ရွှင်ရွှင်တွေ့ကြ မီးပုံပွဲ (ဟေးဟေဟေ. . . ကချင်ကယားလေ ချင်းမွန် ရခိုင် ရှမ်း တို့မခွဲတမ်းပေ ချစ်စို့လေ)၂ စိတ်ကြံအတွေး အမိဌာန်တေး တို့သီကျူးရင်းတကယ် မောင်နှမအရင်းတွေ ပျော်ပျော်ရွှင်ရွှင်ကကြမီးပုံပွဲ။ ။

ငယ်စဉ်က လူငယ်စခန်းတစ်ခုအတွင်း ဝိုင်းဖွဲ့သီဆိုခဲ့ရသော 'မီးပုံပွဲ' သီချင်းမှာ ယခုနှစ်ပေါင်း ၃၀ ကျော်မှ ရင်ထဲသို့ ဖျတ်ခနဲ ပြန်လည်ရောက်ရှိလာရသည်။ ထိုစဉ်အခါကလေးဘဝက မိမိတို့စခန်းသွင်းလူငယ်များ ပျော်ရွှင်စွာ သီဆိုဟစ်ကြွေး ခဲ့ကြရပုံများကိုလည်း ပြန်လည် မြင်ယောင်လာသည်။

ယခုလည်း မီးပုံပွဲကျင်းပ၍ စခန်းချလူငယ်များ ပျော်ပျော်ပါးပါး ကခုန်သီဆိုနေကြသည်။ ယခုပွဲမှာ မိမိတို့မဟုတ်တော့ပေ။ ၂၀၁၄ ခု ကင်းထောက်လူငယ်မောင်မယ်များတွေ့ဆုံပွဲ ပြင်ဦးလွင်စခန်းမှ စခန်းသိမ်းစုပေါင်းမီးပုံပွဲ အခမ်းအနားတွင် ကင်းထောက်မောင်မယ်လေးများ သီဆိုနေကြခြင်းပင် ဖြစ်လေသည်။

ထိုနေ့နံနက်က အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ကင်းထောက်လူငယ်များ တောတွင်းစခန်းချလှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်နေစဉ် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လာရောက်၍ ကင်းထောက် မောင်မယ်များကို တွေ့ဆုံနှုတ်ဆက် အားပေးစကားများ ချီးမြှင့်ခဲ့သောကြောင့် လူငယ်မောင်မယ်တို့မှာ ရွှင်လန်းတက်ကြွလျက်ရှိနေသည်။

ညချမ်းအချိန်တွင် သာယာလှပသည့်တောင်ပေါ် အပန်းဖြေမြို့ဖြစ်သော ပြင်ဦးလွင် ပန်းမြို့တော်၏ မြို့တော်ခန်းမဝင်းအတွင်း ကျယ်ဝန်းလှပသန့်ရှင်းသည့် ကွင်းပြင်ဝယ် မီးရောင်စုံများထွန်းညှိလျက် ကင်းထောက်မောင်မယ်များ မီးပုံပွဲကျင်းပ ပြုလုပ်နေကြသည်။ ကွင်းပြင်၏ ဘေးတစ်ဖက်တစ်ချက်စီတွင် လူတစ်ရပ်မျှ ထင်းပုံကြီးပတ်လည်၍ ကျောင်းသားများတစ်စု၊ ကျောင်းသူများ တစ်စုစုဝေး၍ "ကင်းထောက်များရဲ့ ရွှေ့သို့ခြေလှမ်း" "ပြည်သူအတွက် အစဉ်အသင့်"စသည့် ကင်းထောက်သီချင်းများသီဆိုပြီး ပျော်ရွှင်နေကြသည်။

မကြာမီအချိန်တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်တို့ တက်ရောက်လာသောအခါ ကင်းထောက် ကျောင်းသားများနှင့် ကျောင်းသူများ ကွင်းအလယ်ရှိ မီးပုံကြီးဘေးပတ်လည်တွင် စုပေါင်းနေရာယူကြသည်။ ထို့နောက် ကင်းထောက် မောင်မယ်များက သက်ဆိုင်ရာ ဝန်ကြီးအသီးသီးအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီးအခါ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့က မီးပုံကြီးကို စတင်မီးထွန်းညှိ၍ တပျော်တပါး စခန်းသိမ်းမီးပုံပွဲကို ဆင်နွှဲကြလေသည်။

ထိုအချိန်အတွင်း ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက 'ကရင်ပြည်နယ်သို့ အလည်လာပါ'သီချင်းဖြင့် သီဆိုဖျော်ဖြေသောအခါ အားလုံးက လက်ခုပ်စည်းချက်လိုက်၍ အားပေးဂုဏ်ပြုကြသည်။ မြိတ်မြို့ အမှတ်(၁)နှင့် ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများ၏ 'ညောင်ပင်တစ္ဆေဝေလေလေ'တေးသရုပ်ဖော်မှုကိုလည်း အားလုံးက စိတ်ဝင်တစား ကြည့်ရှုကြလေသည်။

တီးတိန်မြို့၊ ဟားခါးမြို့၊ မင်းတပ်မြို့၊ ပလက်ဝမြို့နှင့် ဖလမ်းမြို့တို့ သာယာလှပပုံအကြောင်း၊ ချင်းပြည်နယ်၏ အမှတ်သင်္ကေတ အောက်ချင်းငှက်တို့၏ ဂုဏ်ကို ဖော်ကျူးသီဆိုသွားခဲ့သော ဟားခါးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများ၏ 'ချင်းတို့ဌာနေ' အကအလှများမှာလည်း ချင်းရိုးရာဝတ်စုံအပြည့်ဖြင့် ကပြဖျော်ဖြေသောကြောင့် တစ်မျိုးတစ်ဖုံထူးခြားလှပနေလေသည်။ ထိုအချိန်တွင် ကွင်းလယ်မှ မီးပုံကြီးသည် အားအင်ကြီးမားစွာတဟုန်းဟုန်းတောက်လောင်လျက်ရှိသည်မှာ ဘေးပတ်လည်ရှိ သစ်ပင်ပန်းပင်တို့တွင် ထွန်းညှိထားသော ရောင်စုံလျှပ်စစ်မီးရောင်တို့ကိုပင် မွေးမှိန်သွားစေခဲ့လေသည်။

ကျော်ကြားလှပြီး လူတိုင်းလိုက်ဆိုနိုင်သည့် ရှမ်းပြည်နယ်တောင်ပိုင်းမှ ကျောင်းသား ကျောင်းသူတို့၏ 'နောင်အင်းလေး'သီချင်းကို သီဆိုဖျော်ဖြေသောအခါ တစ်ကွင်းလုံးရှိ တက်ရောက်လာသော ပရိသတ်များက လိုက်လံသီဆိုကြရုံမျှမကတော့ဘဲ ဝိုင်းအတွင်းသို့ပင် ဝင်ရောက်၍ ကခုန်သီဆိုကြလေတော့သည်။ ကြွရောက်ချီးမြှင့်သော ဝန်ကြီးများနှင့် ကင်းထောက်ကြီးများကိုယ်တိုင် တိုင်းရင်းသားရိုးရာအကကို ပျော်ရွှင်စွာဂုဏ်ပြုသီဆိုအားပေးကြသည်မှာ မီးပုံပွဲ၏အနှစ်သာရကို ပိုမိုပြည့်စုံပေါ်လွင်သွားစေခဲ့လေသည်။

အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသူလေးများ၏ 'ပန်းဥယျာဉ်ဝယ် ဆိုကြကကြမယ်'သီချင်းဖြင့် မတင်ဆက်မီ အခမ်းအနားမှူးက စခန်းသိမ်းပွဲတွင် ရောင်စုံမီးများပါဝင်သော စိန်နားပန်မီးပုံးပျံကြီးကို လွှတ်တင်မည့်အကြောင်းနှင့် ပြင်ဦးလွင်မြို့မှ ရပ်မိရပ်ဖများက ဂုဏ်ပြုစီစဉ်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ကြေညာလိုက်သောအခါ ပျော်ရွှင်တက်ကြွနေသော လူငယ်များမှာ ပိုမို၍ အားရဝမ်းသာ ဖြစ်စေခဲ့ရသည်။

ထို့နောက် ပြင်ဦးလွင်မြို့မှ ကျောင်းသူလေးများ၏ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရိုးရာဝတ်စုံများဖြင့် ကပြဖျော်ဖြေသော 'စည်းလုံးချင်းအတွက်သီချင်းတစ်ပုဒ်' တေးသီချင်းကို သီဆိုကပြချိန်တွင် ကြီးမားလှသော ရောင်စုံမီးပုံးပျံကြီးမှာ 'ကင်းထောက်တံဆိပ်နှင့်အတူ ပြင်ဦးလွင်စခန်း၊ ကင်းထောက်မောင်မယ်များ' ဟူသော စာတန်းကို ရောင်စုံမီးများဖြင့် ပုံဖော်လျက် အထက်ကောင်းကင်ယံသို့ အောင်မြင်စွာ လှလှပပ လွှတ်တင်နိုင်ခဲ့လေသည်။

လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် အားပေးဂုဏ်ပြုကြသော ကင်းထောက် မောင်မယ်များမှာ 'စည်းလုံးချင်းအတွက် သီချင်းတစ်ပုဒ်' ဖြင့် ကပြလျက်ရှိသော ပြင်ဦးလွင်မြို့မ ကျောင်းသူများနှင့် အတူရောနှော၍ပင် ပျော်ရွှင်စွာပူးပေါင်းကခုန်ကြသည်မှာ အထက်ကောင်းကင်တွင် စိန်နားပန်မီးပုံးပျံကြီး ပျောက်ကွယ် သွားသည်အထိပင် ဖြစ်လေတော့သည်။

တစ်ဆက်တည်းတွင် ကွင်း၏အရှေ့ဘက်မှ ရောင်စုံမီးကျည်၊ မီးပန်းများ အဆက်မပြတ်ပစ်လွှတ်လိုက်ချိန်တွင် ပရိသတ်အားလုံး တအံ့အဩ ဝမ်းမြောက်အားရစွာ လှပသော ရောင်စုံမီးရှူးမီးပန်းများနှင့် အမှတ်တရဓာတ်ပုံ၊ ဗီဒီယိုရိုက်၍ မှတ်တမ်းတင်ကြလေသည်။

စခန်းသိမ်းပွဲ နောက်ဆုံးအစီအစဉ်အဖြစ် ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ် မောင်မင်းခန့်ဘုန်းက 'မြနန္ဒာ' သီချင်းကို ကိုယ်တိုင် တီးခတ်သီဆိုသောအခါတွင်လည်း တက်ရောက်လာသော ဧည့်ပရိသတ်များ၊ ကြီးကြပ်သူ ဆရာဆရာမများ၊ ကင်းထောက် မောင်မယ်များသည် တပျော်တပါးညီညာစွာ လိုက်လံသီဆိုပေးကြသည်မှာ လက်ခုပ်သံများနှင့်အတူ တစ်ကွင်းလုံးဟိန်းထွက်လျက် အားလုံးတစ်စိတ်တစ်ဝမ်းတည်း ဖြစ်သွားတော့သည်။

စခန်းသိမ်း မီးပုံပွဲပြီးဆုံးသည့်အခါတွင်လည်း ကင်းစိတ်အလိုက် စည်းကမ်းစနစ်တကျ ပြန်လည်စစ်ဆေး လုပ်ကိုင်ကြသည်ကို မြင်တွေ့ရသည်။

၂၀၁၄ ခုနှစ် ကင်းထောက်လူငယ်များတွေ့ဆုံပွဲ၊ စခန်းသိမ်းပွဲအဖြစ် ကျင်းပသော မီးပုံပွဲကြီးသည် မြန်မာနိုင်ငံ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီး ပျော်ရွှင်ပွင့်လင်းစွာ တွေ့ဆုံကြရသော အခွင့်အရေးကောင်းတစ်ခု ဖြစ်သည်။

"တို့ရဲ့နိုင်ငံ၊ တို့လူမျိုးအတွက်၊ တို့တိုင်းရင်းသား၊ ညီနောင်များက၊ ငြိမ်းချမ်းတူယှဉ်၊ ခိုင်ခိုင်လက်တွဲ၊ စည်းလုံးညီညွတ်၊ အင်အားကြီးစွာ၊ တစုတစည်း၊ ရပ်တည်ကြပြီး၊ ပြည်တွင်းပြည်ပ၊ ရန်ဟူသမျှကို တွန်းလှန်ကာကွယ်၊ စောင့်ရှောက်ကြစို့၊ အေးချမ်းသာယာ၊ ကမ္ဘာကျော်တဲ့၊ တို့ပြည်ဖြစ်အောင်၊ တည်ဆောက်ကြစို့၊ အားလုံးအတွက်၊ အားလုံးကပင်၊ ကိုယ်စီတာဝန်၊ ထမ်းသယ်ပိုးစို့" ဟူသော ကင်းထောက်များ၏ရွှေ့သို့ ခြေလှမ်းများသည် အမိနိုင်ငံတော်အတွက် အားအင်သစ်များပင် ဖြစ်ပေတော့သည်။

ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများ ပင်းတယသို့လေ့လာ

ပင်းတယ မေ ၂

နဝမတန်းဘက်စုံပညာထူးချွန်ကျောင်းသားများ လေ့လာရေးအဖွဲ့သည် ညောင်ရွှေမြို့မှတစ်ဆင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ မေ ၁ ရက်က ရောက်ရှိလာရာ ဒေသဦးစီးအဖွဲ့မှ အတွင်းရေးမှူး ဦးကိုကိုအောင်နှင့်ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ ဓနုစာပေနှင့် ယဉ်ကျေးမှုကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ထိုအဖွဲ့သည် ပင်းတယမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်ဘုရား၊ ကုံလုံဆရာတော်တို့ကို ဖူးမြော်ကြပြီး ငှက်ပျောတောရပ်ကွက်အတွင်းရှိ ဓနုရိုးရာရှမ်းစက္ကူနှင့်ထီးလုပ်ငန်းကို လေ့လာကြသည်။

အဆိုပါ ဘက်စုံပညာထူးချွန်ကျောင်းသား လူငယ်အဖွဲ့လေ့လာရေးခရီးစဉ်တွင် ဆရာမ ၁၈ ဦး၊ ပြည်နယ်ပညာရေးမှူးနှင့် အဖွဲ့ဝင်ခြောက်ဦး၊ ကျောင်းသား ကျောင်းသူများ ပါဝင်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း

❐ **ရွှေဖုံးမှ**

အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံ၏လူများစုကြီးဖြစ်သည့် ကျေးလက်နေပြည်သူများပါဝင်သည့် ခိုင်မာကျယ်ပြန့်သော ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုမရှိလျှင် ဆင်းရဲမှုလျှော့ချရေးကို ရေရှည်ထိန်းသိမ်းနိုင်မည်မဟုတ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုအား ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမှုလျှော့ချရေး၊ ရေရှည်တည်တံ့ခိုင်မြဲမှုတို့ ပါဝင်သည့် သုံးပွင့်တစ်ခိုင်အဖြစ် ရှုမြင်နိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်အား ချမှတ်ခဲ့ပြီး လုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီအသီးသီးအား ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခင် ခေတ်အဆက်ဆက် သက်ဆိုင်ရာဌာနများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ မိမိတို့လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့သော်လည်း ဆင်းရဲမှုနှင့်သက်ဆိုင်သည့် အရည်အသွေးပြည့်မီသော ကိန်းဂဏန်းအချက်အလက်များ အားနည်းခဲ့သည့်အတွက် နှစ်အလိုက် ဆင်းရဲမှုနှုန်းတိတိကျကျ မသိရှိခဲ့ပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးလုပ်ငန်းစဉ်တစ်ခုကို ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပြီး တိကျမှန်ကန်သည့် ဆင်းရဲမှုဆိုင်ရာ ကိန်းဂဏန်းများအပေါ် အခြေခံအကဲဖြတ်ဆန်းစစ်မှုများပြုလုပ်၍ ကဏ္ဍအလိုက် အမှန်တကယ်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို သုံးသပ်ဖော်ထုတ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးသည် လွန်စွာကျယ်ပြန့်ပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံပါဝင်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများတစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အောက်ခြေမှာ လက်တွေ့အကောင်အထည်ဖော်နေသော နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီများကို အထောက်အကူပြုပေးသွားရန် ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ဆိုင်ရာဝန်ကြီးဌာနများ၊ အလှူရှင်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOs ၊ NGOs ၊ CSO နှင့် ပညာရှင်များပါဝင်၍ ဆွေးနွေးညှိနှိုင်း အကြံဉာဏ်ယူခြင်းများ အကြိမ်ကြိမ်ပြုလုပ်လျက် ရေးဆွဲခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်၏ မျှော်မှန်းချက် Vision မှာ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်နှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားတိုးတက်လာစေရန်နှင့် မြို့ပြကျေးလက်ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်၏ရည်မှန်းချက် Mission များမှာ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ဆင်းရဲမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်အတွက် အားလုံးပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး Inclusive and sustainable development ကို ပြည်သူလူထုဗဟိုပြုချဉ်းကပ်မှုဖြင့် ဖော်ဆောင်နိုင်ရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် လူထုအခြေပြုအဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်များ ဖြစ်ပေါ်လာစေရန်၊ မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကျရောက်လာပါက ကျေးလက်ဒေသများ၏ ထိခိုက်မှုလျော့ပါးစေရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်တို့ဖြစ်ပါကြောင်း။

ချမှတ်ကျင့်သုံးဆောင်ရွက်သွားမည့် ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒမှာ "တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပုံမှန်ဆောင်ရွက်နေရုံသာမက ပြည်တွင်း၊ပြည်ပမှ ရရှိနိုင်သော နည်းပညာ၊ ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးအထောက်အပံ့အကူအညီများကို တတ်နိုင်သမျှ ပေါင်းစပ်စုစည်းကာ ဦးစားပေးဒေသများတွင် ကိုယ်ထူကိုယ်ထ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ယင်းစီမံချက်များကို ဒေသတွင်းကဏ္ဍအလိုက် အထူးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်စေခြင်း အားဖြင့် ပြည်သူ့ဗဟိုပြု ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေး စီမံမှုလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ထွန်းတိုးတက်လာသည်နှင့်အညီ ဆင်းရဲနွမ်းပါးမှုကို ရည်မှန်းချက်အတိုင်း အရှိန်အဟုန်မြှင့် လျှော့ချသွားရန်" ဖြစ်ပါကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဦးစားပေးဒေသရွေးချယ်အကောင်အထည်ဖော်ရေး မဟာဗျူဟာ၊ ထပ်ပေါင်းနှင့်ထပ်ပွားဖွံ့ဖြိုးရေးရလဒ်များဖြစ်ထွန်းတိုးတက်ရေး မဟာဗျူဟာ၊ ကောင်းမွန်သောကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ် မဟာဗျူဟာ၊ စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်များရရှိရေး မဟာဗျူဟာနှင့် ထိရောက်စွာပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဟူ၍ မဟာဗျူဟာ (၅)ရပ် ချမှတ်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ဆောင်ရာ၌ တစ်တိုင်းပြည်လုံးအတိုင်းအတာအရ လိုအပ်ချက်များပြားသည်နှင့်အမျှ ရရှိနိုင်သော လူအား၊ ငွေအား၊ ပစ္စည်းအား၊ အရင်းအမြစ်များကို ထိရောက်စွာ အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် ဦးစားပေး အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အထူးအလေးပေးဆောင်ရွက်ရန်ရှိသော ဒေသများကို ဦးစားပေးရွေးချယ်၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှေ့ပြေးစမ်းသပ်ဖော်ဆောင်ပြီး တဖြည်းဖြည်းအောင်မြင်မှုရရှိသည်နှင့်အမျှ တိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဦးစားပေးဒေသများကို ဖွံ့ဖြိုးရေးလိုအပ်ချက်ရှိခြင်း၊ အကျိုးခံစားမှု အမြင့်ဆုံးရရှိခြင်း၊ လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်သည့် အခြေအနေရှိခြင်း၊ လူမှုရေးတရားမျှတမှုရှိခြင်းနှင့် ဆင့်ကဲဖွံ့ဖြိုးတိုးတက်နိုင်ခြင်း စသည့်မူများအပေါ် အခြေခံ၍ ရွေးချယ်သွားရန် ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်သည် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဤမူဘောင်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် (Framework for Economic and Social Reforms-FESR) အောက်ရှိ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ထပ်ပေါင်းနှင့် ထပ်ပွားဖွံ့ဖြိုးရေးရလဒ်များ ရရှိသွားမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သောကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ် မဟာဗျူဟာနှင့်ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးမှုကို ရည်ရွယ်လျက် ကောင်းမွန်သော စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ် Good Governance Process ကို ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။ ဤလုပ်ငန်းစဉ်တွင် တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ထင်သာမြင်သာရှိခြင်း၊ အခြေခံမူနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျရေးဆွဲပြဋ္ဌာန်းခြင်း၊ လူထုပူးပေါင်းပါဝင်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ သာတူညီမျှမှုရှိခြင်း၊ ဥပဒေစိုးမိုးရေးရှိခြင်း၊ ပြောင်းလဲသွားသောအခြေအနေနှင့် အခက်အခဲများ လူထုစိုးရိမ်ပူပန်မှုများကြုံတွေ့ချိန်တွင် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ခြင်းစသည့် အင်္ဂါရပ်များ ပြည့်စုံရန်လိုအပ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးလုပ်ငန်းဆောင်ရွက်ရာ၌ ဘဏ္ဍာရေးအရင်းအမြစ်လိုအပ်မှုကြီးမားသကဲ့သို့ စဉ်ဆက်မပြတ် ပုံမှန်ရရှိသွားရန်လည်း အရေးကြီးပါကြောင်း၊ တစ်ကြိမ်တစ်ခါတည်း နိုင်ငံတော်မှ ပံ့ပိုးပေးရုံဖြင့် ပြီးစီးအောင်ဆောင်ရွက်ရမည့် လုပ်ငန်းမျိုးမဟုတ်ကြောင်း၊ စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်ရရှိသွားရေးမဟာဗျူဟာအနေဖြင့် ဒေသအလိုက် ကောက်ယူရရှိသော အခွန်ပမာဏငွေကို အခြေပြု၍ နိုင်ငံတော်မှ နှစ်စဉ်ပံ့ပိုးခြင်းဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ စိတ်ဝင်စားဖွယ် လုပ်ငန်းအလိုက် ပူးပေါင်းထည့်ဝင်မှုများဖြင့်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်အဆင့်နှင့် သက်ဆိုင်ရာ ခရိုင်၊ ဒေသအဆင့်အလိုက် တည်ထောင်သွားရန် ဖြစ်ပါကြောင်း၊ ဤရန်ပုံငွေများကို ဖွံ့ဖြိုးမှုစီမံကိန်းများ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ရေးဆွဲခြင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်း၊ ဘက်စုံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း၊ စျေးကွက်မြှင့်တင်ခြင်းလုပ်ငန်း၊ စွမ်းဆောင်ရည်နှင့်ပြန်ကြားဆက်သွယ်ရေးလုပ်ငန်း၊ မြေယာစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ခွဲဝေသုံးစွဲသွားရန်ဖြစ်ကြောင်း။

ပြည်သူ့ဗဟိုပြု ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရတစ်ခုတည်းက တာဝန်ယူဆောင်ရွက်သွားသည်ထက် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများကပါ အစိုးရဌာနဆိုင်ရာများနှင့်လက်တွဲ၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှုသာ အောင်မြင်နိုင်မှု အခွင့်အလမ်းပိုမိုများပြားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အကျိုးတူ စိတ်ပါဝင်စားသူအားလုံးက ထိရောက်စွာ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များဖွဲ့စည်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် ထိရောက်စွာပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ ချမှတ်ခြင်းဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို နိုင်ငံအတွင်း နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အစိုးရ၏ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ကောင်းမွန်သည့် မူဝါဒများချမှတ်ပြီး စီးပွားရေးတည်ငြိမ်မှုကို ဖြစ်ထွန်းစေခြင်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ပါကြောင်း၊ အခြေခံရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းနှင့်အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းသည် ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံအဝန်းချိတ်ဆက်ပေးနိုင်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်နိုင်ပါကြောင်း၊ ဦးစားပေးဒေသများကိုအခြေခံ၍ ပြည်သူ့ဗဟိုပြုကျေးလက်စီမံချက်နှင့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက် ကျေးလက်နေဆင်းရဲနွမ်းပါးသူ အိမ်ထောင်စုများကို တိုက်ရိုက်ကူညီဖေးမခြင်းအားဖြင့် လူနေမှုအသက်မွေးဝမ်းကျောင်း လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ဖြစ်ပေါ်လာအောင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ တိုက်ရိုက်ပါဝင် အကျိုးခံစားခွင့်ရရှိသောကြောင့် လက်ရှိဆောင်ရွက်လျက်ရှိသော ဒီမိုကရေစီအသွင်ကူးပြောင်း ဆောင်ရွက်ရေးလုပ်ငန်းအပေါ် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာမြင့်မားလာမည်ဖြစ်ပါကြောင်း၊ ရပ်ကွက်/ကျေးရွာအခြေစိုက် အရပ်ဘက်လူ့အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားလာမည်ဖြစ်သလို နိုင်ငံသားကျင့်ဝတ်တာဝန်များနှင့် ဒီမိုကရေစီတန်ဖိုးများ အလေးထား ပြုမူဆောင်ရွက်မှုများ တိုးပွားလာကာ ပွင့်လင်းလူ့အဖွဲ့အစည်း တည်ဆောက်ရေးအတွက် အကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးရှုထောင့်မှကြည့်လျှင် နိုင်ငံရေးဖြစ်စဉ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်သည့် စွမ်းဆောင်ရည်နှင့် အခွင့်အလမ်းရှိခြင်း၊ စီးပွားရေးရှုထောင်မှကြည့်လျှင် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရရှိပြီး ဖွံ့ဖြိုးမှုအကျိုးရလဒ်များကို ခံစားနိုင်သည့် အခွင့်အလမ်းရှိခြင်း၊ လူမှုရေးရှုထောင့်မှကြည့်လျှင် အားလုံးလွှမ်းခြုံသည့် လူမှုဖွံ့ဖြိုးတိုးတက်မှုရှိခြင်းတို့ဖြင့် ပြည့်စုံမှသာ အားလုံးပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးမှု Inclusive Rural Development ကို ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက်အစည်းအဝေးတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူနှင့် ဝန်ကြီးချုပ်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေ ရရှိရေး၊ ကျေးလက်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝင်းအောင်က အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စာရင်းအင်းအချက်အလက် ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးနှင့်ပတ်သက်၍လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို မိမိတို့၏ ရှေ့လုပ်ငန်းစဉ်များတွင်ထည့်သွင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးဌာနအသီးသီး၏ ဆောင်ရွက်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြပြီး ဆောင်ရွက်သင့်သည့် လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ရုံးအဆောက်အအုံများပျက်စီး

ကနီ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် ဧပြီ ၂၆ ရက်က မိုးသီးများကျခဲ့ပြီး နောက်တစ်ရက်ခြား ဧပြီ ၂၈ ရက် ညနေ ၆ နာရီမှ ၄၅ မိနစ်အကြာ အနောက်နှင့် အနောက်မြောက်မှ လေပြင်းများ တိုက်ခတ်လာပြီး မိုးများသည်းထန်စွာ ထပ်မံရွာသွန်းခဲ့သည်။

မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ သေပျောက်မှုမရှိသော်လည်း သစ်ပင်များ ကျိုးပဲ့ခြင်း၊ အမြစ်မှကျွတ်ထွက်ခြင်း၊ နေအိမ်နှင့် ရုံးအဆောက်အအုံ အမိုးများ လွင့်ကျခြင်း၊ လမ်းဘေး ဓာတ်တိုင်များ လဲကျပျက်စီးခဲ့သည်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုခဲ့ကြသည်။ ဓာတ်တိုင်များ လဲကျခြင်းကြောင့် လျှပ်စစ်မီးများ ပြတ်တောက်သွားသည်။ (ဝဲပုံ)

ဆက်သွယ်ရေး ဖုန်းလိုင်းများမှာ ၂၈ ရက် ည ၇ နာရီမှ ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ အထိ ပြတ်တောက်သွားကြောင်း သိရသည်။

ထိုသို့ မိုးသက်လေပြင်းများ တိုက်ခတ်နေစဉ် လေတိုက်နှုန်းမှာ ၁ နာရီလျှင် မိုင် ၅၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး မိုးရေချိန် ၀ ဒသမ ၆၀ လက်မ ရွာသွန်းခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)



ပြင်ဦးလွင် ကင်းထောက်မောင်မယ်စခန်း မီးပုံပွဲနှင့် စခန်းပိတ်သိမ်းပွဲကျင်းပ

နေပြည်တော် မေ ၂

ပြင်ဦးလွင်မြို့တွင် ဖွင့်လှစ်ထားသည့် ကင်းထောက်မောင်မယ်စခန်း မီးပုံပွဲနှင့် စခန်းပိတ်သိမ်းပွဲကို ယမန်နေ့ညပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားကင်းထောက်များနှင့် အမျိုးသမီးကင်းထောက်များက မီးပုံပွဲများကျင်းပပြီး ကင်းထောက်စွမ်းရည်များပြသကာ ကင်းထောက်သီချင်းများကို တပျော်တပါးသံပြိုင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က ကင်းထောက်စွမ်းရည်ပြပြိုင်ပွဲအကောင်းဆုံးဆုရရှိကြသည့် အမျိုးသားနှင့် အမျိုးသမီးကင်းစိတ်များအား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အနုပညာရှင်များ၊ ကင်းထောက်ကြီးများနှင့် ကင်းထောက်မောင်မယ်များ၊ ကြီးကြပ်သူများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်သီချင်းကို သံပြိုင်သီဆိုကြပြီး မီးပုံးပျံလွှတ်တင်ကာ **(အပေါ်ပုံ)** ပြင်ဦးလွင်ကင်းထောက်မောင်မယ်စခန်းကို အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပျဉ်းမနားဘူတာကြီးကို မြို့၏ကျက်သရေဆောင်ဖြစ်လာစေလို

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင်ရှိသော ပျဉ်းမနားဘူတာကြီးသည် ရှေးယခင်အဆက်ဆက်မှ ကုန်စည်ပို့ဆောင်ရေး၊ ခရီးသွားလာရေးနှင့် အရောင်းအဝယ်ကုန်သည်များ၊ ခရီးသွားပြည်သူများ အလွန်စည်ကားခဲ့သော ဘူတာကြီးများစာရင်းတွင် ပါဝင်ခဲ့သည်။

နေပြည်တော် တည်ဆောက်ဆဲကာလတွင် ပျဉ်းမနားဘူတာကြီးသည် အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကြသော အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ ကာယလုပ်သားများ၊ ဈေးရောင်းဈေးဝယ်များ သွားလာရေးတွင် များစွာအထောက်အကူပြုသော နေရာကြီးတစ်ခုဖြစ်ခဲ့ပြီး မြို့ခံပြည်သူများအတွက်လည်း စီးပွားရေးအရ ရောင်းပန်းဝယ်ပန်း ပွင့်လန်းသည့် ဘူတာကြီးအဖြစ် ထွန်းလင်းတောက်ပခဲ့သည်။

၂၀၀၇ ခုနှစ်တွင် နေပြည်တော်ဘူတာကြီးဖွင့်လှစ်ခဲ့သည့်နောက်ပိုင်း ရန်ကုန်-မန္တလေးရထားများ ပျဉ်းမနားဘူတာကြီးတွင် ရပ်နားခြင်းမရှိတော့သည့်အတွက် ပျဉ်းမနားဘူတာကြီးမှာ တိတ်ဆိတ်ခြောက်ခန်းသွားခဲ့ရသည်။ ယင်းနောက်ရန်ကုန်-မန္တလေး အမြန်ရထားများ တစ်စင်းပြီး တစ်စင်း ပြန်လည် ဆိုက်ရောက်လာခဲ့ရာ ၂၀၁၃ မှစ၍ ရန်ကုန်-မန္တလေး မီးရထားများ အားလုံးပြန်လည်ဆိုက်ရောက်လာပြီဖြစ်သည့်အတွက် ပျဉ်းမနားဘူတာကြီးမှာ ပြန်လည်၍ သက်ဝင်လှုပ်ရှား စည်ကားလာခဲ့ပါပြီ။ မြို့ခံများအနေဖြင့်လည်း ဖွံ့ဖြိုးနေသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့တွင် ရထားများ ပြန်လည်ဆိုက်ရောက်သည့်အတွက် လွန်စွာဝမ်းသာပါကြောင်း၊ ကုန်ရောင်းကုန်ဝယ်ရာတွင် ရထားများကို ပြန်လည်အသုံးပြုခွင့် ရလာသောကြောင့် မြို့ခံများစီးပွားရေးလည်း အဆင်ပြေလာပါကြောင်း စီးပွားရေးသမားတစ်ဦးက ပြောသည်။

မြို့ခံဈေးသည် တစ်ဦးကလည်း "ကျွန်မတို့ အောက်ခြေလူတန်းစားဈေးသည်တွေအတွက် နေပြည်တော်ကြီးတည်ဆောက်ဆဲ ကာလတုန်းက ပျဉ်းမနားဘူတာကြီးမှာ ဈေးအရောင်းအဝယ် အလွန်ကောင်းခဲ့ပါတယ်၊ ဒီအတွက် မိသားစုစားဝတ်နေရေးအဆင်ပြေခဲ့ပေမယ့် နေပြည်တော်ဘူတာကြီး တည်ဆောက်ပြီးစီးတဲ့ကာလ ပျဉ်းမနားဘူတာကြီးမှာ ဘယ်ရထားများမှ မဆိုက်တော့တဲ့အချိန်တွေမှာ ကျွန်မတို့ ဈေးသည်တွေလည်း အဆင်မပြေမှုတွေ၊ အခက်အခဲတွေ တော်တော်ကို ရင်ဆိုင်ခဲ့ကြရပါတယ်"ဟု ပြောကြားသည်။

ပျဉ်းမနားဘူတာကြီးတွင် ပြန်လည် စည်ကားလာသည်နှင့်အမျှ ရထားစီးပြည်သူများ အဆင်ပြေမှုရှိစေရန် ဘူတာသို့ ရထားဆိုက်ရောက်ချိန်၊ ထွက်ခွာချိန်များတွင် ဘူတာမှ အသံချဲ့စက်ဖြင့် ကြေညာပေးမှုများသည် ရထားစီးခရီးသည်များအတွက် အရေးပါသော ဝန်ဆောင်မှုပင် ဖြစ်သည်။

ယခုနှစ် သင်္ကြန်ရက်များမှစ၍ ပျဉ်းမနားဘူတာကြီး၏ ရထားဆိုက်ရောက်ချိန်၊ ထွက်ခွာချိန်များတွင် ဘူတာအသံချဲ့စက်မှ ကြေညာပေးခြင်းကို မကြားရတော့ကြောင်း၊ ဘူတာအနီးနေဆိုင်ရှင်တစ်ဦးက ပြောကြားသည်။ ရထားဝင်ခြင်း၊ ထွက်ခြင်းတို့ ကြေညာပေးခြင်းကို မကြားရတော့သည့်အတွက် ခရီးသွားများမှာ ဘူတာရှေ့တွင် ရထားစောင့်ရင်း ထမင်းစား၊ လက်ဖက်ရည်သောက်နေကြရာမှ ရုတ်တရက် ရထားဆိုက်ရောက်လာသောကြောင့် ပြေးလိုက်ရခြင်း၊ ပြေးတက်ရခြင်းများသည် မလိုလားအပ်သော အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ပျဉ်းမနားဘူတာကြီးတွင် ယခင်ကကဲ့သို့ ရထားဝင်လာချိန်၊ ထွက်ခွာချိန်တို့ကို ကြေညာပေးသည့် ဝန်ဆောင်မှုကို ပြုလုပ်ပေးသင့်ကြောင်း၊ ဘူတာသန့်ရှင်း၊ သပ်ရပ်လှပရေး၊ ခရီးသွားပြည်သူများအတွက် ဝန်ဆောင်မှုကောင်းမွန်ရေးတို့ကို အစဉ်တစိုက်မြှင့်တင် ဆောင်ရွက်ခြင်းဖြင့် ပျဉ်းမနားမြို့၏ ကျက်သရေဆောင်ဘူတာကြီးဖြစ်လာစေရန် မျှော်လင့်နေကြကြောင်း ခရီးသွားများနှင့် ဒေသခံပြည်သူများ၏ ဆန္ဒများကို ထပ်ဆင့်တင်ပြလိုက်ရပါကြောင်း။

မျိုးဇေယျာ(ပျဉ်းမနား)

ပညာနှင့် စွမ်းဆောင်မှု

ထက်နိုင်

လောကီရေးရာနှင့်လောကုတ္တရာရေးရာတို့တွင် အောင်မြင်မှုရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးပမ်းစွမ်းဆောင်ကြရာ၌ ဇွဲ၊ လုံ့လ၊ ဝီရိယရှိယုံသက်သက်ဖြင့် မရနိုင်ဘဲ ပညာဖြင့် မှန်ကန်စွာ စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြား ခွဲခြားသိမြင် ကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ပညာခေတ်တွင် ပညာဖြင့်စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြား သိမြင်စွမ်းဆောင်တတ်ရန် ပိုမိုလိုအပ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ ဆရာတော်ဟောကြားတော်မူသော **"ဇာတိမြေမှသာသနာ"** တရားစာအုပ်ငယ်ကို ဖတ်ရှုနာယူရပါသည်။ သာသနာတည်ရေးအတွက် **"ကိုယ်ကျင့်တရားကောင်းအောင် ကြိုးစားခြင်း"** သည် သာသနာတည်အောင် ကြိုးစားခြင်းဟု နာယူမှတ်သားရသည်။ တချို့က **"သာသနာတည်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို မသိတဲ့အတွက်ကြောင့် ကိုယ်ကျင့်တရားကောင်းအောင် မကြိုးစားပါဘဲနဲ့ အခြားကိစ္စတွေမှာ ပြိုင်ဆိုင်နေတာမျိုးကတော့ တလွဲဆံပင်ကောင်းနေတာမျိုးဖြစ်တယ်"** ဟု ဆရာတော်က ဟောကြားထားပါသည်။

လူတိုင်း လူတိုင်းအတွက် ကိုယ့်သန္တာန်မှာ သာသနာတည်ရှိအောင် ကြိုးစားအားထုတ်ဖို့ နည်းစနစ်ကို မြတ်စွာဘုရားက ဟောကြားရာ၌ သဒ္ဓါ၊ စိတ်ဝင်စားမှုသည် အရေးအကြီးဆုံးဟု ဆရာတော်က ထောက်ပြသည်။ စိတ်ဝင်စားပြီး အလေးထားစဉ်းစားဆင်ခြင်သွားလျှင် **"ဆန္ဒ"** ဖြစ်ပေါ်လာသည်။ ဆန္ဒဖြစ်လာသည့်အခါ လက်တွေ့ကြိုးစားလာသည်။ ဆက်လက်၍ **"သီလ"** ပြည့်စုံလာပြီးစိတ်နှလုံးကြည်သာလာသည်။ထိုမှတစ်ဆင့် **"သမာဓိ"** ကျင့်စဉ်ဖြင့် ကျင့်ကြံကြိုးစားအားထုတ်ပါက ဆင်ခြင်ပိုင်းခြား သိမြင်နိုင်သော **"ပညာ"** ကို ရရှိလာသည်။ နိဗ္ဗာန်ရောက်ကြောင်း ကြိုးစားအားထုတ်ကြရာတွင် စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြား သိမြင်နိုင်သည့် ပညာသည် အဓိကကျသည့်အတွက် **"ပညာသာသနာတော်"** ဟူ၍ ဆရာတော်က ပညာကို အထူးပြုဟောကြားထားသည်။

လောကီရေးရာတွင်လည်း တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ လူတိုင်းသည် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး ထိုမှတစ်ဆင့် မိမိတို့၏ ရည်မှန်းချက်များကို ပြီးမြောက်အောင်မြင်အောင် သီလ၊ သမာဓိ၊ ပညာဖြင့် စွမ်းဆောင်ကြိုးပမ်း အားထုတ်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်ကို ဆရာတော်၏ တရားဓမ္မတို့က လမ်းညွှန်ပြနေသကဲ့သို့ နာယူမှတ်သားမိသည်။

> **ကောင်းမွန်သော လူ့အဖွဲ့အစည်းများအား လေ့လာပါက စည်းကမ်းဥပဒေကို အထူးလိုက်နာကြကြောင်း လေ့လာတွေ့ရှိရသည်။ ထိုအခါ တရားဥပဒေစိုးမိုးလာပြီး နိုင်ငံတည်ငြိမ်အေးချမ်းလာသည်။**

အမျိုးသားပညာရေးကို မြှင့်တင်ရာ၌ ပညာဟူသော စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြားသိမြင်နိုင်သည့် အလေ့အကျင့်ကိုရရှိအောင် သင်ကြားလေ့ကျင့်ပေးရန် လိုအပ်မည်ဖြစ်သည်။ ယနေ့ပညာလောကတွင် ပြုပြင်စရာတွေက များပြားလှသဖြင့် မိဘ၊ ဆရာ၊ ကျောင်းသားအပေါင်းတို့က ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် ပထမဦးစွာ ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။ ထိုမှတစ်ဆင့် မိဘနှင့်ဆရာတို့ကလည်း ပညာရေးတွင် စိတ်ဝင်စားရန်လိုအပ်သကဲ့သို့ ကျောင်းသား ကျောင်းသူများကလည်း စိတ်ဝင်စားစွာဖြင့် သင်ကြားလေ့ကျင့်ရန်လိုသည်။ အလွတ်ကျက်မှတ်၍ အောင်လက်မှတ်ရရုံအဆင့်မှ လုပ်ငန်းခွင်အတွင်းနှင့် ဘဝတစ်သက်တာအတွက် လူမှုစီးပွားဘဝ အထွေထွေနှင့် ပြဿနာအရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းစွမ်းဆောင်နိုင်စွမ်းရှိသော လူချွန်လူကောင်းများ ဖြစ်လာရန်လိုသည်။ သို့မှသာ လူမှုစီးပွား ဆင်းရဲနိမ့်ကျခြင်းက လွတ်ကင်းပြီး တိုင်းပြည်ပါ တိုးတက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် **အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက**ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုယ်ကျင့်တရားကောင်းရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် စဉ်းစားဆင်ခြင်တီထွင်ကြံဆနိုင်မည့် ဉာဏ်ပညာများ ဖွံ့ဖြိုးလာစေနိုင်မည့် ဘာသာရပ်များနှင့် သင်ကြားလေ့ကျင့် သည့်နည်းစနစ်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဟု ယူဆပါသည်။

မျက်မှောက်ခေတ်တွင် တိုးတက်ထွန်းကားမှုများကို တွေ့ရှိနေရသကဲ့သို့ ဆုတ်ယုတ်နေမှုများစွာကိုလည်း တွေ့မြင်နေရသည်။ မင်္ဂလာရှိသော မြင်ကွင်းများကိုမြင်တွေ့နေရသလို စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းများကိုလည်း သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားတို့တွင် ဖတ်ရှုမြင်တွေ့နေရသည်။ ယခုရက်ပိုင်းတွင် ဘက်စုံထူးချွန်မောင်မယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များ၏ သတင်းစာများ၊ စာတတ်မြောက်ရေးလှုပ်ရှားမှုသတင်းများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးက မိမိတို့ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီး၌ ထူးချွန်အောင်မြင်စွာ စွမ်းဆောင်နေကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်နေမှုသတင်းများကို မင်္ဂလာရှိသော သတင်းများ၊ မြင်ကွင်းများအဖြစ် ဖတ်ရှုမြင်တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်ရသည်။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင်၍ ဘက်စုံထူးချွန်လူငယ်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များကို အားပေးချီးမြှင့်နေသည်ကို တွေ့ရှိရသည်။ နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ချမှတ်လုပ်ဆောင်လာခြင်းသည် အမျိုးသား ပညာရေးအတွက်သာမက အမျိုးသားအကျိုးစီးပွားအတွက် အလားအလာကောင်းသော အခြေခံအုတ်မြစ် ချမှတ်ပေးနေခြင်းဟု မှတ်ယူပါသည်။

အလားတူ မြန်မာ့စီးပွားရေးမြင့်မားတိုးတက်ရေးအတွက် စွမ်းဆောင်ပေးကြမည့်သူများသည် စိုက်ပျိုးထုတ်လုပ်နေသော တောင်သူလယ်သမား၊ အလုပ်သမားများမှအစ စီးပွားရေးလုပ်ငန်းရှင်များ အထိပါဝင်သည်။ စီးပွားရေးလုပ်ကြရာတွင် စီးပွားရေးကျင့်ဝတ်ကောင်းကြမှ စီးပွားရေးဝန်းကျင်ကောင်းမည်၊ စီးပွားရေးဝန်းကျင်ကောင်းမှ လုပ်ငန်းကိုင်ငန်းများတိုးတက်ပြီး အခြားနိုင်ငံများကို ယှဉ်ပြိုင်ပြီး ဈေးကွက်ဝင်ရောက်နိုင်မည်။ ဆူလွယ်နပ်လွယ် စီးပွားရေးလုပ်ငန်းထက် ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်မှု၊ အရည်အသွေးနှင့် တီထွင်ဆန်းသစ်မှုတို့ဖြင့်သာ ရေရှည်စီးပွားရေးဖွံ့ဖြိုးမည်ဖြစ်သည်။ လွယ်လွယ်နှင့်အချိန်တိုအတွင်း မဖြစ်နိုင်သော်လည်း စီးပွားရေးအသင်းအဖွဲ့များကဦးဆောင်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုအတွက် ပဏာမရွေးချယ်ထားသူများ၏ ကြိုးပမ်းမှုများကို ရုပ်မြင်သံကြား၌ကြည့်ရှုရာ တစ်ခဏဖြင့် အောင်မြင်လာသူများမဟုတ်သည်ကို လေ့လာတွေ့မြင်ရသည်။

ဘက်စုံထူးချွန်လူငယ်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များသည် အာရုံစူးစိုက်၊ ဝီရိယစိုက်ထုတ်ကြိုးပမ်းမှုသာလျှင် မိမိတို့ ရည်မှန်းချက်ကို ရောက်ရှိနိုင်မည်ဟူသော စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြားသိမြင်သည့် ဉာဏ်ပညာဖြင့် လုံ့လဝီရိယစိုက်ထုတ်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသဖြင့် အသိအမှတ်ပြု ဂုဏ်ပြုခံရခြင်းဖြစ်သည်။ အလားတူအောင်မြင်မှုရရှိလာသော နိုင်ငံ့စွမ်းဆောင်ရှင်များသည်လည်း ငယ်စဉ်အချိန်မှစ၍ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားမှု သက်သက်သာမဟုတ်ဘဲ စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် ပညာဖြင့် စွမ်းဆောင်ခဲ့ရသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။ ထိုသူတို့၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများသည် ၎င်းတို့တစ်ဦး ချင်းအတွက်သာမက နိုင်ငံနှင့်လူမျိုး အတွက် ကြိုးပမ်းပေးမှုအဖြစ်လည်း မှတ်ယူနိုင်သည်။ ထို့ကြောင့်ပင်လျှင် နိုင်ငံတော်က ချီးမြှောက်သင့်သူများကို ချီးမြှင့်ဂုဏ်ပြုပေးခြင်းဖြစ်သည်။ ထိုသူတို့ကို အတုယူ၍ အခြားသော နိုင်ငံ့သားကောင်း ရတနာများစွာနှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ပေါ်ထွန်းရေးအတွက် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။

မြို့ပြကျေးလက်ဒေသ အသီးသီးရှိ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပြည်သူများသည် မိမိတို့၏ မြို့ပြကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏ်ပညာဖြင့် ဝေဖန်ပိုင်းခြားစွမ်းဆောင်ကြိုးပမ်းကြမှသာလျှင် မိမိတို့ရည်မှန်းသည့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့ ဉာဏ်ပညာဖြင့် စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြား ညှိနှိုင်းဆောင်ရွက်ခြင်းမရှိပါက မြေသယံဇာတ၊ ရေသယံ ဇာတ၊ စွမ်းအင်၊ သတ္တု၊ သစ်တောအစရှိသည့် သယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်စွမ်းရှိမည် မဟုတ်သည့်အပြင် သယံဇာတကျိန်စာဟူသော သဘာဝဘေးအန္တရာယ်များနှင့် ပြဿနာရပ်များစွာကို အနာဂတ်တွင် ရင်ဆိုင်ရဖွယ်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က မြို့ပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အစီအမံများရေးဆွဲလျက် သယံဇာတ အရင်းအမြစ် စီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်တတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးစီမံနေသည်ကို လေ့လာတွေ့ရှိရသည်။

ဤနေရာတွင် မြို့ပြကျေးရွာများရှိ တာဝန်ရှိအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ပြည်သူများ၏ စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြား ညှိနှိုင်းဆောင်ရွက်နိုင်သည့် ပညာနှင့် စွမ်းဆောင်မှုအရည်အသွေးသည် အဓိကကျသည်။ ထို့အပြင် အကောင်းဆုံးမြို့ပြကျေးရွာများအား နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပေးခြင်းဖြင့် အပြိုင်အဆိုင်ကြိုးစားမှုမှတစ်ဆင့် အခြားနိုင်ငံများကို ရင်ပေါင်တန်းလာနိုင်မည်ဖြစ်သည်။

အချုပ်ဆိုရသော် ဆရာတော်၊ သံဃာတော်များသည် တရားဓမ္မတို့ဖြင့် လူသားတို့၏ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ မှန်ကန်စွာ စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိစေမည့်ပညာတို့ကို အလေးထားလမ်းညွှန်လျက်ရှိသည်။ ထိုဆရာတော်များသည် လူသားတို့၏ လောကီအကျိုး၊ လောကုတ္တရာ အကျိုးတို့အတွက် များစွာအထောက်အပံ့ပြုလျက်ရှိသည်။ လက်တွေ့ကျင့်သုံးလိုက်နာကြလျှင်ပုဂ္ဂိုလ်တစ်ဦးချင်း ကိုယ်ကျင့်တရားကောင်းမွန်လာပြီး စဉ်းစားဆင်ခြင် ပြုမူကျင့်ကြံနေထိုင်ကြလျှင် ပဋိပက္ခပြဿနာများ လျော့နည်းကောင်းမွန်သော လူ့ဝန်းကျင်အဖွဲ့အစည်း ဖြစ်လာပေမည်။

ကောင်းမွန်သော လူ့အဖွဲ့အစည်းများအား လေ့လာပါက စည်းကမ်းဥပဒေကို အထူးလိုက်နာကြကြောင်း လေ့လာတွေ့ရှိရသည်။ ထိုအခါ တရားဥပဒေစိုးမိုးလာပြီး နိုင်ငံတည်ငြိမ်အေးချမ်းလာသည်။

နိုင်ငံတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ အခြားနိုင်ငံများအား ရင်ပေါင်တန်း၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ **နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ စဉ်းစားဆင်ခြင် တီထွင်ကြံဆနိုင်စွမ်းရှိသည့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်ရမည်ဖြစ်သည်။ စဉ်းစားဆင်ခြင် တီထွင်ကြံဆနိုင်စွမ်းရှိစေရန် ပညာရေးကို မြှင့်တင်ရမည်ဖြစ်သည်။ ယခုအချိန်ကပင်လျှင် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်သွားမှသာ ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားလျက် တိုင်းပြည်နှင့်လူမျိုး တိုးတက်ရေးအတွက် ပညာဖြင့် စွမ်းဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။**

ပြည်တွင်းသတင်း

ပထမအကြိမ် တရုတ်ကုန်သည်များဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် တရုတ်ကုန်သည်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၄ ခုနှစ် ပထမအကြိမ် တရုတ်ကုန်သည်များဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မေ ၁ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ လသာမြို့နယ်ရှိ တရုတ်ကုန်သည်များအသင်း မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တရုတ်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ရွှေတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ပထမအကြိမ် တရုတ်ကုန်သည်များ အသင်းပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် ပြိုင်ပွဲ၌ ပထမဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်း၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ၌ ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်း၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၌ ပထမဆုငွေ ကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်း၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသားအမျိုးသမီး နှစ်ယောက်တွဲ Mix ပြိုင်ပွဲများ၌ ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းစီတို့ကို လည်းကောင်း၊ အမျိုးသား ၁၈ နှစ်အောက်ပြိုင်ပွဲ၌ ပထမဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်း၊ တတိယဆုငွေကျပ် ငါးသောင်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်ပြိုင်ပွဲ၌ ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသောင်း၊ တတိယဆုငွေကျပ် သုံးသောင်း ဆုကြေးငွေကျပ် စုစုပေါင်း ၆၅ သိန်း ၈ သောင်း ချီးမြှင့်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် ကလပ်အသင်းအဖွဲ့များမှ အသက် ၈ နှစ်မှ ၄၁ နှစ်ကြား ပြိုင်ပွဲဝင်အားကစားသမားစုစုပေါင်း ၂၆၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ရှိသည့် အဖွဲ့အစည်းများ၊ လူ့စွမ်းအားအရင်းအမြစ်များတိုးတက်ပေါ်ထွန်းရေးနှင့် ချီးမြှင့်ထိုက်သည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားရွေးချယ်ပြီး ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်းနှင့် ည ၈ နာရီသတင်းအပြီးတွင်လည်း ပြန်လည်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောက်မြို့နယ် စမ်းရေယဉ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေးသည့်အတွက် ကျေးရွာနေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်

ချောက် မေ ၂

ညောင်ဦးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် JICA ပူးပေါင်းဆောင်ရွက်ပြီး ချောက်မြို့နယ် စမ်းရေယဉ်ကျေးရွာတွင် စက်ရေတွင်းတစ်တွင်း တူးဖော်ပေးလျက်ရှိရာ ကျေးလက်ကျေးရွာနေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။ အဆိုပါ စက်ရေတွင်းကို အချင်းလေးလက်မပိုက်နှင့် စုပ်ယူပြီး ၁၁၆၁ ပေ အနက်ရှိသည်။ တစ်နာရီလျှင် ရေဂါလန် ၁၄၀၀ ခန့် ထွက်ရှိမည်။ စက်ရေတွင်းကို ဧပြီ ၂၉ ရက်ညတွင် နေ့ချင်းပြီး လေမှုတ်စက်ကြီး များဖြင့် သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)** သို့အတွက်ကြောင့် ယခင်က နှစ်မိုင်ခန့်ဝေးကွာသော နေရာသို့ သွားရောက်ရေသယ်ယူရပြီး ယနေ့အချိန်မှာ မိမိရွာတွင် သောက်သုံးရေ ရရှိနေပြီဖြစ်သည့်အတွက် စက်ရေတွင်းတူးဖော်ပေးသည့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် ဝမ်းမြောက် ဝမ်းသာဖြစ်နေကြောင်း ကျေးရွာနေ ပြည်သူများထံမှ သိရသည်။

ကျော်ငွေး

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပိုလန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၄ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရာဒိုစလော စီကောစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

MFF Ooredoo Cup ရှုံး/ထွက် ပြိုင်ပွဲ ဒုတိယအဆင့်အတွက် မဲနှိုက်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှကြီးမှူး၍ Ooredoo ၏ ပံ့ပိုးမှုဖြင့် ကျင်းပလျက်ရှိသည့် MFF Ooredoo Cup ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်များ မဲနှိုက်ရေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က အမှာစကားပြောကြားပြီး MNL တာဝန်ခံဦးရဲမျိုးဟိန်းက ပွဲစဉ်ရေးဆွဲထားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပွဲစဉ်များကို မဲနှိုက်ရေးဆွဲကြသည်။ ဒုတိယအဆင့်ရှုံး/ထွက်ပွဲစဉ်များကို မေ ၇၊၈၊၉ ရက်များတွင် ကျင်းပသွားမည်ဖြစ်ပြီး မေ ၇ ရက်တွင် ပဒုမ္မာကွင်း၌ ဟံသာဝတီနှင့် မောရဝတီ၊ စလင်းကွင်း၌ မြဝတီနှင့် GFA၊ မေ ၈ ရက်တွင် စလင်းကွင်း၌ ဒဂုံအသင်းနှင့် ချင်းယူနိုက်တက်၊ ပဒုမ္မာကွင်း၌ ရခိုင်နှင့် Southern၊ မေ ၉ ရက်တွင် ပဒုမ္မာကွင်း၌ Horizon အသင်းနှင့် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ဖိုးသော်ဇင်**

ပျောက်ဆုံးမလေးရှားလေယာဉ်နှင့်စပ်လျဉ်း၍ ကင်ဘာရာမြို့တွင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပမည်

မလေးရှား ခေတ္တပို့ဆောင်ရေးဝန်ကြီး ဟီရှန်မုဒ္ဒင်ဟူစိန်က ၎င်းသည် ပျောက်ဆုံးလေယာဉ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မလေးရှား-တရုတ်- ဩစတြေးလျ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတက်ရောက်ရန် တနင်္လာနေ့တွင် ကင်ဘာရာမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း သောကြာနေ့တွင် ပြောကြားသည်။

အလေးပေးဆွေးနွေးမည်

သုံးပွင့်ဆိုင် ဆွေးနွေးပွဲတွင် ရှာဖွေရေးပစ္စည်းများ ဖြန့်ကြက်ချထားရေး၊ ပျောက်ဆုံးလေယာဉ်ပေါ် လိုက်ပါသည့်ခရီးသည်များ၏မိသားစုများနှင့်ညှိနှိုင်းရေး၊ ကျွမ်းကျင်ပညာရှင်များ အကြံဉာဏ်ရယူရေးနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့ရရှိရေးတို့ကို အလေးပေးဆွေးနွေးမည်ဖြစ်သည်ဟု ဟီရှန်မုဒ္ဒင်က ပြောကြားသည်။

ရှေ့ဆက်မည့် လုပ်ငန်းတွင် ကြီးမားသော အခက်အခဲရှိနေသည့်တိုင် မိမိတို့သည် မှန်ကန်သောလမ်းကြောင်းပေါ်ရှိနေသည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ အနေးနှင့်အမြန်ဆိုသလို တစ်ချိန်ချိန်မှာ ပျောက်ဆုံးလေယာဉ်ရှာတွေ့မည်ဟု ယုံကြည်ပါကြောင်း ၎င်းက ပြောကြားသည်။

ဩစတြေးလျ ပူးတွဲအေဂျင်စီညှိနှိုင်းရေးစင်တာ (JACC)အကြီးအကဲ အင်ဂတ်ဟောက်စတန်က ဟီရှန်မုဒ္ဒင်နှင့် တွေ့ဆုံပြီးနောက် ပြောကြားရာတွင် ၎င်းတို့နှစ်ဦးသည် ရေနက်ပိုင်းရှာဖွေမှုတွင် ကြုံတွေ့ရသည့် အခက်အခဲ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။ အဆိုပါ ရေနက်ပိုင်းရှာဖွေမှုအပြီးသတ်လုပ်ဆောင်ရန် ရှစ်လမှ ၁၂ လအထိ ကြာမြင့်နိုင်သည်ဟု သိရသည်။

မိမိအနေဖြင့် ထိရောက်သော ရှာဖွေမှုပြုလုပ်ခြင်းဖြင့် နောက်ဆုံးတွင် ပျောက်ဆုံးလေယာဉ်ရှာတွေ့မည်ဟု အခိုင်အမာယုံကြည်ကြောင်း ဟောက်စတန်ကပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် ရေတပ်သင်္ဘောများက ဘင်္ဂလားပင်လယ်အော်အတွင်း ရှာဖွေမှုပြုလုပ်သည့်တိုင် မိမိအနေဖြင့် အိန္ဒိယသမုဒ္ဒရာ တောင်ပိုင်းသည် ရှာဖွေမှုပြုလုပ်ရေးအတွက် မှန်ကန်တိကျသော နေရာဖြစ်သည်ဟု ယုံကြည်နေဆဲဖြစ်ကြောင်း ဟောက်စတန်က ဆက်လက်ပြောကြားသည်။

မျှော်လင့်ချက်ရှိ

ပျောက်ဆုံးမလေးရှားလေယာဉ် ရှာဖွေမှုမှာ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း တိကျသော ရှာဖွေရေးပစ္စည်းကိရိယာများ အသုံးပြုလျက် လိုအပ်သလောက်အချိန်ပေး ရှာဖွေမည်ဆိုပါက လေယာဉ်ပျက်အပိုင်းအစ တွေ့ရှိရန်မျှော်လင့်ချက်ရှိပါကြောင်း၊ ပြင်သစ်လေကြောင်းပို့ဆောင်ရေး မတော်တဆမှုစုံစမ်းစစ်ဆေးရေးဌာန အကြီးအကဲ ဂျင်းပေါလ်ထရောဒက်က ပြောကြားသည်။ ထရောဒက်သည် ၂၀၀၉ ခုနှစ်က ပျက်ကျသည့် ပြင်သစ်လေယာဉ် AF-447 စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဦးဆောင်သူဖြစ်သည်ဟု သိရသည်။

မလေးရှားသည် ကြာသပတေးနေ့က ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်၍ ပဏာမအစီရင်ခံစာထုတ်ပြန်ခဲ့ပြီး တစ်ချိန်တည်းတွင်အရေးလည်းယူ၊ ပြန်လည်းပြန်ကြားပေးသော လေယာဉ်ခြေရာခံ ရှာဖွေရေးစနစ် မိတ်ဆက် အသုံးပြုရေးစဉ်းစားပေးပါရန် ကမ္ဘာလုံးဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အား မေတ္တာရပ်ခံခဲ့သည်။

နောက်ဆုံးရရှိသည့်သတင်းအရ မောင်းသူမဲ့ရေငုပ်သင်္ဘော Bluefin-21 သည် သောကြာနေ့တွင် ၎င်း၏ (၁၈)ကြိမ်မြောက် ရေအောက်ရှာဖွေမှုအပြီးသတ် လုပ်ဆောင်သော်လည်း မည်သည့် လေယာဉ်ပျက်အပိုင်းအစ တစ်ခုမျှ မတွေ့ရှိကြောင်း JACC က ပြောကြားခဲ့သည်။

(ဆင်ဟွာ/ရိုက်တာ)

ဘာသာပြန်-ထန်နီး

❀ *ကျောဖုံးမှ*

"နယ်စပ်ကုန်သွယ်ရေးက အရင်ကထက်အများကြီး တိုးတက်လာပါတယ်။ ကုန်သွယ်ခွင့်တွေလည်း တိုးမြှင့်ခွင့်ပြုခဲ့တယ်။ နယ်စပ်ကုန်သွယ်ရေးက လက်ရှိအချိန်ထိ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ ဘီလီယံ ရရှိနေပြီဆိုတော့ မျှော်မှန်းထားတာထက်ကျော်လွန်မှာပါ" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

မြန်မာနိုင်ငံတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအခါ နယ်စပ်ကုန်သွယ်ရေးစခန်း စုစုပေါင်း ၁၆ ခု ရှိနေပြီဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှုအများဆုံးဖြစ်ပြီး ပြီးခဲ့သည့်မတ်လတစ်လတည်း၌ပင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၃၈၅ သန်း ရှိခဲ့သည်။ ထို့အတူ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၁၁၀ သန်းရှိခဲ့ရာ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ပြီးခဲ့သည့် မတ်လ၌ အမေရိကန်ဒေါ်လာ ၂၆၅ ဒသမ ၄၉၅ သန်းရှိခဲ့သည်။

ယခုအခါ တစ်ဦးချင်းကုန်သွယ်မှုကတ်များ ထုတ်ပေးနိုင်မှုများကြောင့် သတ်မှတ်ထားသည့် ပို့ကုန် အမျိုး ၁၆၀ ကျော်နှင့်သွင်းကုန်များ ၂၄၂ မျိုးတို့ကို ပိုမိုကုန်သွယ်မှုရရှိမည်ဖြစ်ရာ နယ်စပ်ကုန်သွယ်ရေး ပိုမိုတိုးတက်လာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မူဆယ်မြို့၌ အလုပ်သမားနေ့အခမ်းအနားကျင်းပ

မူဆယ် မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့တော်ခန်းမ၌ အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက်နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးဦးကောင်းစံဦးက အဖွင့်အမှာစကားနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ မဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၄ ခုနှစ် အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာကို ဖတ်ကြားသည်။ **(ခရိုင်ပြန်/ဆက်)**

✳ ရှေ့ဖုံးမှ

အကောင်းဆုံးဝန်ဆောင်မှုကိုပေးမှာ ဖြစ်ပါတယ်”ဟု တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြော ကြားသည်။

အဆိုပါ ဟိုတယ်၏ဒီဇိုင်းကို တော်ဝင်မိသားစုမှပင် ရေးဆွဲထားခြင်းဖြစ်ပြီး တော်ဝင်စင်တာ၏စတုတ္ထ အလွှာမှ အဌမအလွှာအထိ တည်ဆောက်ထားသည့် Contempory Modern Style ဟိုတယ်ဖြစ်ပြီး အထပ်တိုင်းတွင် စိမ်းလန်းကျယ်ဝန်းသည့် ပန်းခြံငယ်များ ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

“တော်ဝင်စင်တာရဲ့ မျက်နှာပြင်က ပေ ၃၅၀ ကျော်ရှိတဲ့အတွက် မျက်နှာစာ အခန်းတွေကနေ ရန်ကုန်မြို့ကို ကြည့်ရှုခံစားနိုင်ပြီး အတွင်းခန်းတွေအတွက် ပန်းခြံငယ်တွေက အပန်းပြေစေနိုင်မယ်။ ဒါ့အပြင် ဟိုတယ် ရဲ့ Management အပိုင်းကို နိုင်ငံတကာဟိုတယ်လုပ်ငန်းတွေမှာ အသုံးပြုတဲ့ Opera ဆော့ဖ်ဝဲလ်ကို အသုံးပြုထားလို့ နိုင်ငံတကာ ဟိုတယ်ဝန်ဆောင်မှုတွေကို အမီလိုက်နိုင်မှာဖြစ်ပါတယ်” ဟု ဦးကိုကိုထွေးက ပြောကြားသည်။

ဟိုတယ်ဝန်ဆောင်မှုနှင့် တွဲဖက်၍ အခမ်းအနားများကျင်းပနိုင်ရန် ခန်းမလေးခုနှင့် နိုင်ငံတကာနှင့် မြန်မာအစားအစာရောင်းချသည့် စားသောက်ဆိုင်များ၊ အားကစားခန်းမများကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံသား တိုင်းရင်းသားကျွမ်းကျင်ဝန်ထမ်း ၄၅၀ ကျော်ခန့်အပ်ထားပြီး ခရီးသွားရာသီမတိုင်မီ ကြိုတင်ဖွင့်လှစ်ထားခြင်းဖြင့် လာမည့် ခရီးသွားရာသီ၌ အချိန်ယူကာ ကြိုတင်ဝန်ဆောင်မှုများ ပေးအပ်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

“ အခန်းခကတော့ ပုံသေမထားရှိသေးပါဘူး။ high Season မှာဆိုရင် မြင့်မှာပါ။ ဒါပေမယ့် Agent တွေအတွက် ဈေးတွေကို ညှိနှိုင်းဖို့ စီစဉ်ထားပါတယ်။ ပျမ်းမျှအနေနဲ့ကတော့ အမေရိကန်ဒေါ်လာ ၆၀၀ ကနေ ၁၅၀ အထိ အမျိုးအစားစုံပါရှိတယ်” ဟုတာဝန်ရှိသူက ပြောကြားသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဆင်ပေါင်ဝဲမြို့ ဧကရာဇ်ကျေးရွာတွင် လေပြင်းတိုက်ခတ် အထကခွဲ ကျောင်းရုံးခန်းအဆောက်အအုံ အမိုးလန်ပျက်စီး

ဆင်ပေါင်ဝဲ မေ ၂

ဆင်ပေါင်ဝဲမြို့နယ် ဧကရာဇ်ကျေးရွာတွင် ဧပြီ ၃၀ ရက် ည ၈ နာရီခွဲက လေပြင်းများတိုက်ခတ်မှုကြောင့် အထကခွဲကျောင်းရှိ ကျောင်းအုပ်ကြီးရုံးခန်းရှိ အမိုးသွပ် ၂၄ ချပ်၊ မျှားတန်း ၁၀ ချောင်းနှင့် ယင်းမာဆောင်၏ အမိုးသွပ် ၉၆ ချပ်၊ မျှားတန်း သုံးချောင်း၊ ခေါင်အုတ် သွပ်ပေ ၄၀ ခန့်ရှိ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀ ခန့် ပျက်စီးခဲ့သဖြင့် အချိန်မီပြန်လည်ပြင်ဆင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ မြို့နယ်ပညာရေးမှူး ဦးကျော်ငွေ၊ ကျောင်းအုပ်ဆရာမ ဒေါ်မင်းမင်းပိုနှင့် ကျေးရွာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ရေဖြူမြို့မရပ်ကွက်များ၌ အပူချိန်မြင့်၍ ရေတွင်းရေကန်များခန်းခြောက်ပြီး ရေအခက်ကြုံ

ရေဖြူ မေ ၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့မ လေးရပ်ကွက်တွင် (က)+(ခ)နှစ်ရပ်ကွက်သည် နွေရာသီရောက်လျှင် နှစ်စဉ်ရေရှားပါး၍ ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရပါသည်။

ရေတွင်းရေကန်များနည်းပါးပြီး လူဦးရေများပြားလာသည်နှင့်အမျှ ရေဖြူမြို့အနောက်ဘက်ကမ်း (က)+(ခ)နှစ်ရပ်ကွက်တွင်နေထိုင်သော ပြည်သူများသည် ရေတွင်းများမှရေကိုသာ အားကိုးနေရသည်။

ယခုအခါနွေရာသီ အပူချိန်မြင့်၍ ရေတွင်းရေကန်များခန်းခြောက်လာသဖြင့် (က)ရပ်ကွက် စမ်းရေတွင်းလမ်းမှ ရောင်းချသောရေများကိုသာ အားကိုးနေရသည်။ “ရေရောင်းတဲ့ထော်လာဂျီတွေမှာ ရေတစ်ပီပါလျှင် ငွေကျပ် ၈၀၀ နှင့် ဝယ်နေရကြောင်း၊ နေ့စဉ်ဝယ်နေရသည်မှာ နှစ်လကျော်ကြာမြင့်နေပြီဖြစ်သဖြင့် အညာဒေသတွေလို ရေလှူတဲ့အလှူရှင်ရှိရင် ကောင်းမှာဖြစ်ကြောင်း(က)ရပ်ကွက်နေ ဒေါ်ဆန်းရွှေ”က ပြောသည်။

အဝီစိတွင်းများမရှိသည့်အပြင် ရေတွင်းရေများခန်းခြောက်နေသဖြင့် နဝမတန်း၊ ဒသမတန်းဘော်ဒါနေ ကျောင်းသားကျောင်းသူများ အဝတ်လျှော်ဖွပ်သည့်လုပ်ငန်းများနှင့် ရပ်ကွက်နေပြည်သူများမှာ ရေဖိုးဖြင့် အကုန်အကျများသဖြင့် မိုးရွာမည့်ရက်ကို မျှော်လင့်နေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်/ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ ၃-၅-၂၀၁၆ ရက်နေ့တွင် ဗိုလ်တထောင်၊ ပုဇွန်တောင်၊ သင်္ဃန်းကျွန်း၊ ကမာရွတ်၊ အလုံ၊ စမ်းချောင်း၊ လမ်းမတော်၊ မရမ်းကုန်း၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ သန်လျင်၊ ခနောင်တို၊ လှိုင်သာယာ၊ ထန်းတပင်၊ မှော်ဘီ၊ ရွှေပြည်သာ၊ အင်းစိန်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

၃။ ၄-၅-၂၀၁၆ ရက်နေ့တွင် ကမာရွတ်၊ စမ်းချောင်း၊ မရမ်းကုန်း၊ လသာ၊ ပန်းဘဲတန်း၊ လမ်းမတော်၊ သန်လျင်၊ လှိုင်သာယာ၊ ထန်းတပင်၊ ရွှေပြည်သာ မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်သည်။

၄။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှု စနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

(မြန်မာ့အလင်း)

ဥတုရာသီ
တောကိုမှီ၏

ပခုက္ကူတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီး

ပခုက္ကူ မေ ၂

ပခုက္ကူမြို့နယ် နတ်ကျွန်းကျေးရွာအုပ်စုရှိ နတ်ကျွန်းကျေးရွာနှင့် ကင်ပွန်းခါးကျေးရွာတို့တွင် မေ ၁ ရက် နံနက် ၄ နာရီခွဲက လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့ကြောင်း သတင်းအရ ပခုက္ကူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ မြို့နယ်ရဲမှူး ရဲမှူးမောင်မောင်ထွေးနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ကင်ပွန်းခါး ကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ဗာဂျီနီးယား ဆေးသိုလှောင်ထားသည့် တဲငယ်ကိုးလုံးပျက်စီးခဲ့ပြီး လူနေအိမ် သုံးလုံးအမိုးလန်သွားခဲ့ကြောင်း၊ နတ်ကျွန်းကျေးရွာတွင် လယ်စောင့်တဲငယ် ၁၇ လုံး ပျက်စီးခဲ့ပြီး ခိုင်းနွားတစ်ကောင်သေဆုံးခဲ့ကြောင်းနှင့် စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၄၁၅၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ လေဘေးသင့်ပြည်သူများသည် ကျေးရွာရှိ ၄င်းတို့၏ဆွေမျိုးသားချင်းများနေအိမ်တွင် ပြောင်းရွှေ့နေထိုင်နေရကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

၂၀၁၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ သန္တာကျောက်တန်းညီလာခံ အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီ၌ကျင်းပမည်

ဂျကာတာ မေ ၂

ကမ္ဘာလုံးဆိုင်ရာ သန္တာကျောက်တန်းညီလာခံကို အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီ မာနာဒိုမြို့တွင် မေ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ကွန်ဖရင့်ကို တက်ရောက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးသယံဇာတများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သင့်မြတ်ရေး ဟူသော ဦးတည်ချက်များဖြင့်ကျင်းပမည့် အဆိုပါ ကွန်ဖရင့်တွင် သန္တာကျောက်တန်းသယံဇာတများကို အသုံးချခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အတွက် မူဝါဒများ ချမှတ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု ဆိုသည်။

၂၀၁၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ သန္တာကျောက်တန်းညီလာခံကို မလေးရှား၊ ဖိလစ်ပိုင်၊ တီမောလက်စ်တေ၊ ဆော်လမွန်ကျွန်းများ၊ ပါပူဝါနယူးဂီနီ၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုတို့မှ အဖွဲ့အစည်းများ၊ သိပ္ပံပညာရှင်များ၊ သုတေသီများ တက်ရောက်ကြပြီး အသိပညာများမျှဝေကြမည်ဟု မျှော်လင့်ထားကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၂၊ ၄၀ပေ × ၆၀ပေရှိသော မြေကွက်အမှတ်-၄၈၂၊ ဒေါ်မြဝင်း အမည်ပေါက်(ပါမစ်မြေကွက်)အား အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

အထက်လိပ်စာပါ မြေကွက်အားလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုပြောဆို၍ ရောင်းသူ ဒေါ်ခင်မာအေး(၁၂/တမန(နိုင်)၀၇၉၅၂၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရံငွေပေးပြီးဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုသူရှိလျှင် မြေကွက်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်း၊စာချုပ်မူရင်းတို့နှင့်တကွ ကျွန်ုပ်ထံသို့ (၆-၄-၂၀၁၆)ရက်နေ့နောက်ဆုံးထား၍ (အမြန်ဆုံး)လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သိန်းကျော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃)
ရုံးခန်း-တိုက်(၃၃၉)၊ပထမထပ်၊ ၁၅၇လမ်းနှင့်ကျိုက္ကဆံလမ်းမထောင့်၊
တာမွေဇလီမီးပွိုင့်ထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၅၄၉၇၀

ဦးဝင်းနိုင် ၁၂/ဗဟန(နိုင်)၀၈၃၀၄၈ (အုပ်ချုပ်မှုဒါရိုက်တာ ဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) သိစေရန်

ဦးဝင်းနိုင်သည် ဆောက်လုပ်ခွင့်လုပ်ငန်းတစ်ခုကို ပြန်လည်လွှဲပြောင်းရောင်းချမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုကမ်းလှမ်းခဲ့ပြီး စရန်ငွေအဖြစ် ငွေကျပ် ၃၀၀၀၀၀၀၀ (ကျပ်သိန်းသုံးရာတိတိ)ကို ဦးကျော်သူအောင်မြင့်၊ ဦးခင်မောင်ချိုတို့ထံမှ ၁၅-၇-၂၀၁၃ ရက်က သဘောတူကတိစာချုပ်ချုပ်ဆိုရယူခဲ့ပြီး သတ်မှတ်ကာလအတွင်း ဆောက်လုပ်ခွင့်လုပ်ငန်းရရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သဖြင့် ငွေကျပ် ၃၀၀၀၀၀၀၀ (ကျပ်သိန်းသုံးရာတိတိ)ကို ၃၀-၁၂-၂၀၁၃ရက်နောက်ဆုံးထားပြီး တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ၁၅-၁၂-၂၀၁၃ ရက်စွဲပါ ကတိစာချုပ်ဖြင့် ဦးဝင်းနိုင်က ဝန်ခံကတိပြုထားပါသည်။

ထိုသို့ဝန်ခံကတိပြုခဲ့သော်လည်း ကတိပြုထားသည့်အတိုင်း ငွေကျပ် ၃၀၀၀၀၀၀၀ (ကျပ်သိန်းသုံးရာတိတိ)ကို ဦးဝင်းနိုင်က ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခဲ့သဖြင့် ၂၉-၁-၂၀၁၆ ရက်စွဲပါ နို့တစ်စာကို ဦးဝင်းနိုင်ထံပေးပို့ပြီး ငွေများပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သော်လည်း ဦးဝင်းနိုင်က ယနေ့ထိ ငွေများပေးအပ်ရန် ပျက်ကွက်လျက်ရှိနေပါသည်။

သို့ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ငွေကျပ် ၃၀၀၀၀၀၀၀(ကျပ်သိန်းသုံးရာတိတိ)ကို ဦးကျော်သူအောင်မြင့်၊ ဦးခင်မောင်ချိုတို့ထံ ပြန်လည်ပေးအပ်ပါရန်နှင့် ပြန်လည်ပေးအပ်ခြင်းမပြုပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းထိုက် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန် မြို့၊ ဖုန်း-၀၉-၄၂၁၀၂၈၁၆၁

အများသိစေရန်ကြေညာခြင်းအပေါ်
ကန့်ကွက်ကြောင်းပြန်လှန်ကြေညာခြင်း

၃၀-၃-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ (၄)ပါ တရားလွှတ်တော်ရှေ့နေ ဦးကျော်စိန်လွင်(စဉ်-၇၀၉၇)၏ အများသိစေရန် ကြေညာခြင်းအပေါ် ကန့်ကွက်ကြောင်း အောက်ပါအတိုင်း ပြန်လှန်ကြေညာအပ်ပါသည်-

ဒေါ်မြမြအေးက အတူနေ တူမအရင်းဖြစ်သူ ဒေါ်ခင်မာဝေ၏ခင်ပွန်း အထက်တန်းရှေ့နေ ဦးကိုထွန်း(စဉ်-၃၄၄၀၀)အား လွှဲအပ်ထားသောမှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၁၂၆၁/၂၀၀၈)ဖြင့် ဦးကိုထွန်းက ဒေါ်မြမြအေး၏ အမှုကိစ္စများအတွက် မိမိစရိတ်ဖြင့် အကုန်ကျခံဆောင်ရွက်လျက်ရှိပြီး အမှုများမပြီးပြတ်မီ ဦးကိုထွန်းအား တစ်စုံတစ်ရာ အကြောင်းကြားညှိနှိုင်းရှင်းလင်းခြင်းမရှိဘဲ ကိုယ်စားလှယ်လွှဲစာကိုရုပ်သိမ်းခြင်းသည် ပဋိညာဉ် အက်ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ ဦးကိုထွန်းအား များစွာထိခိုက်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေသဖြင့် ဦးကိုထွန်းအား ကိုယ်စားလှယ်အဖြစ် ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်းကို လက်မခံကြောင်း အပြင်းအထန်ကန့်ကွက်ကြောင်း ကာယကံရှင် ဒေါ်မြမြအေးနှင့် အများသိစေရန် ပြန်လှန်ရှင်းလင်းကြေညာအပ်ပါသည်။

(ဦးကိုထွန်း) မွှာစရိယ၊ အယ်လ်·အယ်လ်·ဘီ
အထက်တန်းရှေ့နေ(စဉ်-၃၄၄၀၀)
အမှတ် ၄၄(ဘီ)၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မြေကွက်အမှတ် (ပ-၁၃၂၅)၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးသောင်းမြင့် ၁၂/သလန(နိုင်)၀၃၅၇၆၀ (ဘ) ဦးသိန်းမောင် အမည်ပေါက်နှစ် ၃၀ အငှားဂရန်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၇/၂၀၁၂)ဖြင့် ရရှိထားသူ ဦးအေးချို ၇/တငန(နိုင်)၀၀၆၆၃၈ (ဘ) ဦးမာလိပ်မှမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/ရာဇဝင်ရေးကူးမှု လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေကွက်အမှတ် ပ-၁၀၅၄၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ နှစ် ၃၀ အငှားဂရန်မြေကွက်၏ အမည်ပေါက်ပိုင်ရှင် ဦးအေးချို ၇/တငန(နိုင်)၀၀၆၆၃၈ (ဘ) ဦးမာလိပ်မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/ရာဇဝင်ရေးကူးမှု လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ရောင်းမည်)
လေဆိပ်လမ်းမပေါ်ရှိ
အောင်ဇေယျလမ်း နှင့် လေဆိပ်လမ်းမထောင့်ခြံ
၄၄/၂(ဂရန်)၊ မရမ်းကုန်းမြို့နယ်။(ကျောက်ရေတွင်း)
Sq ၃၃၇၆ စ/ပေ (သိန်း ၆၀၀၀)
ဖုန်း-၀၉ ၇၃၂ ၄၂၂၅၅
အမှတ်(၃၆၅)၊ ရာဇဓိရာဇ် ၂၅လမ်း။သုမင်္ဂလာလမ်းမ (တော့တစ်)
၄၀×၆၀ တ/ဥပမြို့နယ်။ သိန်း(၂၇၀၀)

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ် (၅၄၂)၊ ဧရိယာပေ(၄၀×၆၀) ဦးလှကြည် အမည်ပေါက် ပါမစ်မြေနှင့်ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်သဲ ၁၂/မဂတ(နိုင်)၀၇၂၃၅၈က အရောင်းအဝယ်စာချုပ်အဆက်စပ်စုံလင်စွာဖြင့် နောက်ဆုံးဝယ်ယူ၍ လက်ရောက်ရယူနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါကျွန်ုပ်မိတ်ဆွေပိုင် မြေကွက်နှင့်ပတ်သက်၍ အမှန်တကယ်ပိုင်ဆိုင်လျက်ရှိသူ ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ မည်သူမျှ ဂရန်အမည်ပေါက်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ကျူးကျော်ခြင်းများ မပြုကြပါရန်နှင့် အထက်ပါတားမြစ်ချက်များအားပြုမူခဲ့ပါက ပြုမူသူများအား သက်ဆိုင်ရာ တရားဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ဒေါ်ချစ်သဲ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊
အင်းစိန်မြို့နယ် ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

ပျောက်ဆုံးကြောင်း

မဆုနှင်းလှိုင် ၉/မဟမ(နိုင်)၀၅၈၉၂၇၏ Passport နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၀၈၂၈၉၊ ၀၉-၂၀၀၉၅၈၃

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တမူးနယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

တမူး မေ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန (မြန်မာ-အိန္ဒိယ)တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲ အမှတ်စဉ် (၁/၂၀၁၄-၂၀၁၅) အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက တမူးမြို့ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တမူးနယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုလျာထားချက်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေများနှင့် ကုန်သွယ်မှုမူဝါဒဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တမူးနယ်စပ်စခန်း၏ (OSS) အဖွဲ့ဝင်ဌာနများဖြစ်သည့် အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (FDA)တို့မှ တာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးကြကာ တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များနှင့် မော်တော်ယာဉ်အသင်းဂိတ်များမှ ကုန်သွယ်မှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် လုပ်ငန်းပိုင်းဆိုင်ရာအခက်အခဲများကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဌာနများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၁၅၈)

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် မေ ၂

၂၀၁၃-၂၀၁၄ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၀ ဒသမ ၄၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၇ ဒသမ ၂၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၇ ဒသမ ၇၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၁ ဒသမ ၁၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၅ ဒသမ ၅၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၆ ဒသမ ၆၅ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၂၆၈ ဒသမ ၉၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၄၄၂ ဒသမ ၇၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၆၀ ဒသမ ၁၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၀၃ ဒသမ ၉၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၃၂ ဒသမ ၆၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၂၆ ဒသမ ၉၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၇၅၉ ဒသမ ၅၀ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ မတ်လအတွင်း စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၅၅၅ ဒသမ ၅၄ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၀၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၁၂၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၀၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၅၀၀-၄၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၃၀၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၂၅၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၂-၉၇၂
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၅-၁၃၃၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၀-၇၆၅
ထိုင်း	တစ်ဘတ်	ကျပ် ၃၀-၃၀.၅
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆ -၁၆.၂
တရုတ်	တစ်ယွမ်	ကျပ် ၁၅၂-၁၅၉
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၄-၂၉၉

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၈၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၈၅-၄၆၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၅၀၀
ကြက်သွန်ဖြူ(ကြိုကုတ်)	တစ်ပိဿာ	၁၁၃၀-၁၁၅၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၅၀-၅၅၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၃၀၀-၄၉၀၀
သကြား	တစ်ပိဿာ	၈၆၀-၉၂၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် စေ့ငုတင်ပြသည်။

အမှတ်တံဆိပ်၊ အမည်အမှတ်အသားအပေါ် ကုမ္ပဏီ၏တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းအများသိစေရန်

ကြေငြာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ် (၅၉၉)၊ အခန်းအမှတ် (၁၇)၊ ဒုတိယအလွှာ၊ သိမ်ကြီးဈေး(အီး)ရုံတွင် ဖွင့်လှစ်တည်ထောင်ထားသော **Myanmar Marketing (Research & Development)** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၇၄၇/၉၃/၉၄)၏ ကိုယ်စား (စီမံရေးရာမန်နေဂျာ) ဒေါ်သက်သက်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

Myanmar Marketing Research & Development Ltd.

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကုန်အမှတ်တံဆိပ်စာချုပ်အမှတ်-၄/၂၇၉၃/၂၀၁၄

Myanmar Marketing(Research & Development) ကုမ္ပဏီသည် အထက်ဖော်ပြပါ **"MMRD Myanmar Marketing Research & Development Ltd"** ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၄/၂၇၉၃/၂၀၁၄ ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားရှိပြီး ဖြစ်ပါသည်။ ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားဖြင့် ကုမ္ပဏီမှ ထုတ်ဝေဖြန့်ဖြူးသော စာအုပ်စာတမ်းများ၊ ထုတ်လုပ်ပစ္စည်းများ၊ စီမံဆောင်ရွက်သည့်လုပ်ငန်းရပ်များတွင် ရိုက်နှိပ်၍၊ ကပ်နှိပ်၍အသုံးပြုသွားမည်ဖြစ်ပါသည်။

Myanmar Marketing (Research & Development) ကုမ္ပဏီကသာလျှင် အထက်ဖော်ပြပါ **"MMRD Myanmar Marketing Research & Development Ltd"** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ကုမ္ပဏီမှ တီထွင်ဖန်တီးဆောင်ရွက်သည့် လုပ်ငန်းများ၊ ထုတ်လုပ်ဖြန့်ဖြူးသည့် စာအုပ်စာတမ်းများ၊ ပစ္စည်းများအပေါ်တွင် ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ ခွဲခြား၍ဖြစ်စေ၊ အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့် ရိုက်နှိပ်ဖော်ပြ၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးသို့ ဖြန့်ချိရာတွင် လိုအပ်သလိုအသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **Myanmar Marketing (Research & Development)** ၏ တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲမည်ဖြစ်သည့် ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ပုံတူကူးယူခြင်း၊ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် တုပပြုလုပ်သုံးစွဲခြင်းများ (လုံးဝ) မပြုလုပ်ကြပါရန် နှင့် ကုမ္ပဏီ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် တုပသုံးစွဲပြုလုပ်ဆောင်ရွက်လာပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ မည်သည့်တရားရုံးတွင်မဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးတင်မောင်သိမ်း(ဥပဒေဘွဲ့) (စဉ်-၅၉၉၁)

တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေရေးရာအကြံပေး

Myanmar Marketing (Research & Development) Ltd.

တိုက်-စီ၊ ၇လွှာ၊ ရွှေပြည်စုံဈေး၊ စက်ရုံလမ်းနှင့်ဗညားဒလလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၉၅၁၂၄၅၅၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်ရသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီတံတား(ထီးချိုင့်) မြတောင်ဘက်ခြမ်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	မြစ်သဲ	၁၀၀၀ ကျင်း
(ခ)	1/4"~ 3/4" (Chipping) ကျောက်	၂၀၀၀ ကျင်း
(ဂ)	ငါးထပ်သား ၈ပေ×၄ပေ	၂၀၀၀ ချပ်
(ဃ)	သုံးထပ်သား ၈ပေ×၄ပေ	၃၅၀ ချပ်
(င)	ရိုက်သံ(ရွယ်စုံ)	၅၂၅၀ ပိဿာ
(စ)	သွပ်နန်းကြိုး	၂၈၀၀၀ ပေါင်
(ဆ)	ဝရိန်ချောင်း(20 Kg)	၆၀၀ ထုပ်
(ဇ)	၂၅ မီလီမီတာအချင်း၊စတီးကြိုး(Steel wire)	၂၀၀၀ ပေ
(ဈ)	၈ပေ×၄ပေ×၁.၂ မီလီမီတာထု သံပြား	၅၀၀ ချပ်
(ည)	၂၂ မီလီမီတာ အချင်း(ဘိုးပိုင်တူးကြိုး)	၃၃၀၀ ပေ
(ဋ)	တာယာ/ကျွတ်(ရွယ်စုံ)	၁၀၀ စုံ
(ဌ)	120 AH ဘက်ထရီ၊ အက်(စ်)စစ်	၄၀ လုံး
(ဍ)	အင်ဂျင်ဝိုင်(40/15W40) ၂၀၀ လီတာ	၁၀ ပီပါ
(ဎ)	ဟိုက်ဒြောလစ်(၆၈) ၂၀၀ လီတာ	၅ ပီပါ
(ဏ)	ဂီယာဝိုင်(၉၀/၁၄၀) ၂၀၀ လီတာ	၅ ပီပါ
(တ)	လျှပ်စစ်ပစ္စည်းမျိုးစုံ	
(ထ)	ရေသန့်နှင့်ဆက်စပ်ပစ္စည်းမျိုးစုံ	

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၃-၅-၂၀၁၄ ရက်မှ ၁၁-၅-၂၀၁၄ ရက်အထိ
အချိန် - နံနက် ၉:၃၀ နာရီမှ ၄:၃၀နာရီအထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေ့ရက် - ၁၂-၅-၂၀၁၄ ရက်
အချိန် - မွန်းလွဲ ၁:၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အထူးစီမံကိန်းကြီးအဖွဲ့ ၂၊ မန္တလေး (ရတနာပုံ) အင်ဂျင်နီယာမှူးကြီး (မြို့ပြ)ရုံးခန်း

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက အထူးစီမံကိန်းကြီးအဖွဲ့ ၂၊ မန္တလေး (ရတနာပုံ)စီမံကိန်းဝင်း အင်ဂျင်နီယာမှူးကြီး (မြို့ပြ)ရုံး ဖုန်း-၀၇၂-၂၂၂၈၀သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို ၃-၅-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ငွေလှရတနာ အဘိဓမ္မာသင်တန်း ကျောက်ဆည်မွှာရုံ၊ ဗဟန်းမြို့နယ်တွင်ဖွင့်မည်

သင်တန်းမှူး - သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး(လူမှုထူးချွန်)
နေ့ရက် - ၃-၅-၂၀၁၄ရက်(စနေနေ့)
အချိန် - ညနေ ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ။
နေရာ - ကျောက်ဆည်မွှာရုံ
အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းဟောင်းထောင့်၊ ယုဇနဟိုတယ်အနီး၊ အုတ်လမ်းမှတ်တိုင်၊ ဗဟန်းမြို့နယ်။
ဆက်သွယ်ရန် - ဖုန်း-၀၉-၇၃၀၈၅၆၄၉၊ ၀၉-၇၃၀၄၂၃၁၄၊ ၀၉-၄၄၈၀၀၆၈၄၆
မှတ်ချက် - အဘိဓမ္မာဘာသာရပ် အပတ်စဉ်(သောကြာ၊စနေ၊တနင်္ဂနွေ)နေ့တိုင်း
ဋီကာကျော်ဘာသာရပ် အပတ်စဉ်(ဗုဒ္ဓဟူး၊ကြာသပတေး)နေ့တိုင်း

ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မခင်ကြူဝင်း ၁၂/ဥကမ(နိုင်)၀၂၇၀၀၂သည် ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်၍ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ကိုအောင်မျိုးဦး ၁၂/ဥကမ(နိုင်)၀၀၁၃၅၁

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်ကေသီအေးဝင်း၏သား မောင်ဆက်နိုင်ထွန်းသည် မိဘ၏ဆုံးမခြင်းကို လိုက်နာခြင်းမရှိသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဒေါ်ကေသီအေးဝင်း ၁၂/ဥကတ(နိုင်)၁၅၉၅၁၅

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏သား မောင်ကျော်လင်းထွဋ် ၁၂/သလန(နိုင်)၀၈၃၀၉၀ သည် မိဘများပြောဆိုဆုံးမမှုကိုမလိုက်နာဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်၍ အမွေပြတ်ကြောင်းကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ဖြေရှင်းပေးမည်မဟုတ်ပါ။

ဖခင်-ဦးဖေခင်
၁၂/သလန(နိုင်)၀၇၂၅၉၉
မိခင်-ဒေါ်အေးသန်း
၁၂/သလန(နိုင်)၀၃၁၁၅၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊မြေကွက်အမှတ် ၃၉၂/ခ၊ မြေကွက်တည်နေရာအမှတ်(၁၃)၊အောင်ဇေယျ(၅)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း၊ ဓေါ်ဇင် |၁၂/သဃက(နိုင်)၀၈၅၆၃၈| အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဓေါ်ဇင်(မိခင်)နှင့် ဦးစံညွန့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၁။ဓေါ်ပြုံးပြုံးဇင် |၁၂/သဃက(နိုင်)၀၈၅၆၃၉| ၂။ဦးဝင်းညွန့်|၁၂/သဃက(နိုင်)၁၅၂၆၉၂|တို့က သား၊ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ နိုင်လိုသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိုင်းဆတ်ခရိုင်၌ မြန်မာ-ထိုင်း ကျန်းမာရေးစောင့်ရှောက်

မိုင်းဆတ် မေ ၂

ထိုင်းနိုင်ငံ မယ်ဆိုင်ဆေးရုံကြီးမှ ညွှန်ကြားရေးမှူး Dr. Sura Kunkongkapan ဦးဆောင်သည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ထိုင်းနိုင်ငံ ONCB (Office of the Narcotics Control Board) မှ တာဝန်ရှိသူများပါဝင်သော နယ်လှည့် ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ဝင် ၅၈ ဦးသည် မိုင်းဆတ်ခရိုင်ရှိ စီမံကိန်းဒေသအတွင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မြန်မာ-ထိုင်းနယ်စပ် အမှတ်(၁)ချစ်ကြည်ရေးတံတားမှ မော်တော်ယာဉ် ၁၁ စီးဖြင့် ဝင်ရောက်လာခဲ့ရာ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှ ဒုရဲမှူး နေဝင်း ဦးစီးအဖွဲ့တို့က ကြိုဆိုခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံမှ နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့သည် ဒေါက်တာနေအောင် ဦးဆောင်သောအဖွဲ့နှင့်အတူ မိုင်းတွမ်းစီမံကိန်းရုံးတွင် အခြေပြု၍ မွန်းလွဲ ၁ နာရီတွင် နယ်လှည့်ကျန်းမာရေးဝန်ဆောင်မှုဖွင့်ပွဲ ကျင်းပခဲ့ရာ မိုင်းဆတ်ခရိုင်ရဲမှူး ဒုရဲမှူးကြီး ခင်မောင်လတ်၊ စီမံကိန်းဒါရိုက်တာ ဦးခမ်းအောင်နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်ဆေးရုံမှ Dr.Sura Kunkongkapan တို့က အမှာစကားပြောကြားခဲ့ပြီး မွန်းလွဲ ၁ နာရီ မိနစ် ၂၀ မှစ၍ မိုင်းတွမ်းအုပ်စုအတွင်းရှိ လွယ်ပါရင်(၁)၊ လွယ်ပါရင်(၂)၊ မဟုန်လွယ်၊ မဟုန်ကန်နှင့် ဝမ်တုံကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသား ၂၀၉ ဦးအား စာရင်းသွင်းစစ်ဆေးခြင်း၊ ငှက်ဖျားပိုးရှာဖွေ စစ်ဆေးကုသခြင်း၊ သွားနှင့်ခံတွင်း စစ်ဆေးကုသပေးခြင်း၊ အထွေထွေရောဂါ စစ်ဆေးကုသပေးခြင်းတို့ကို အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးခဲ့သည်။

ယင်းနောက် မြန်မာ-ထိုင်း ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက်က မိုင်းဆတ်ခရိုင် မိုင်းတွမ်းအုပ်စုအတွင်းရှိ စီမံကိန်းဝင်ကျေးရွာများမှ ကောင်းမူ၊ ဖဟ၊ ဝမ်နောင်၊ ဝမ်ပုံ၊ ဝမ်ကပ်နှင့်မအို့ကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသား ၄၉၂ ဦးအား လည်းကောင်း၊ ဧပြီ ၃၀ ရက်က စတုံးအုပ်စုအတွင်းရှိ မယ်ကြုတ်(၁)၊ မယ်ကြုတ်(၂)၊ မယ်ကြုတ်(၃) ကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသား ၅၇၆ ဦး၊ မေ ၁ ရက်က မယ်ပုံးနှင့် ဟွေပူး ကျေးရွာတို့မှ တိုင်းရင်းသားများအား အခမဲ့ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ထားဝယ်မြို့နယ် ထီးထကျေးရွာတွင် လေပြင်းတိုက်ခတ်

မေတ္တာ မေ ၂

ထားဝယ်မြို့နယ် ပျားသားချောင်းကျေးရွာအုပ်စု ထီးထကျေးရွာတွင် ဧပြီ ၂၅ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ၂၅ မိနစ်ကြာ လေပြင်းတိုက်ခတ်ခဲ့ရာ လူနေအိမ်သုံးလုံး ပြိုကျပြီး စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် လူနေအိမ် ၄၀ ကျော်ခန့် အမိုးလန်ခြင်းများ ပျက်စီးဆုံးရှုံးခဲ့ရာ အဆိုပါကျေးရွာသို့ မေတ္တာမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးအာကာထွန်းနှင့် အဖွဲ့က ကွင်းဆင်း စာရင်းကောက်ခံခဲ့သည်။ ယင်းပျက်စီးဆုံးရှုံးမှုနှင့် လေဘေးသင့် ပြည်သူများအတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကူညီဆောင်ရွက်ပေးနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

မွန်ပြည်နယ် ရေးမြို့နယ် ရေးမြစ်ဖျားဒေသရှိ တောင်ညိုတောင်တန်း တောင်အသွယ်သွယ် လျှိုအကြားမှ စီးဆင်းလာသော ရေးမြစ်အဖျားပိုင်းဒေသရှိ ရစ်ချောင်းကျေးရွာအနီးတွင် တောင်ကျရေများကို နွေအခါ ပူပြင်းခြောက်သွေ့၍ ပတ်ဝန်းကျင်ရွာများမှ ဒေသခံလူငယ်လူရွယ်များ မေ ၁ ရက်က ရေချိုးအပန်းဖြေနေကြသည်ကို ဤသို့တွေ့ရသည်။ နေမျိုးထွဋ် (ရေး)

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီက ပြည်သူများသို့ အသိပေးကြေညာ

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ASEAN FTA နယ်ပယ်အတွင်း အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများ လွတ်လပ်စွာကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် Development/Implementation of Cooperation Programs of Enhancing ASEAN SMEs FTA Utilization project ကို ဆောင်ရွက်လျက်ရှိပါသည်။

ယင်းစီမံကိန်းကို အကောင်အထည်ဖော်မည့် Project draft work plan, questionnaire information sheet,...etc များကိုလည်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပေးပို့လာပါသည်။ ယင်း Project နှင့် ပတ်သက်သည့် လုပ်ငန်းများ၊ target ပြုလုပ်မည့်ဧရိယာများ ရွေးချယ်ဖော်ပြလျက် အာဆီယံရုံးမှ ပေးပို့လာသည့် work plan နှင့် questionnaire ဖြင့် အကောင်အထည်ဖော်ရန်ဖြစ်၍ ၄င်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်များ (ဥပမာ- transportation cost, လိုအပ်ပါက translation cost နှင့် အခြားကုန်ကျစရိတ်များအား) JAIF Management Team မှ ကျခံမည်ဖြစ်ပါသည်။ ၄င်း Project ကို စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်လျက် လိုအပ်သည့် စာရွက်စာတမ်းများအား ထုတ်ယူနိုင်ပါသည်။

ဦးနေလွင်ထွဋ် (လက်ထောက်ညွှန်ကြားရေးမှူး) ၀၁-၈၆၀၃၈၂၆၊ ဒေါ်ဆွေဇင်စိုး(လက်ထောက်ညွှန်ကြားရေးမှူး) ၀၁-၈၆၀၃၈၂၆ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် Project work plan, questionnaires survey form များအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ၈-၅-၂၀၁၄ ရက်နေ့အရောက် ပေးပို့ရမည်ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အာဆီယံရုံးမှ ပေးပို့လာသော work plan, questionnaires များကို ပြန်လည်ဖြည့်စွက်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ၆-၅-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရန်ဖြစ်သည်။

ဂုဏပူဇာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တနန္ဒောဘာသ သက်တော်ရှည်ဆရာတော်ကြီးအား အဘိဓေဂုဏပူဇာသဘင်အား ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ သာသနဝိပုလကာရီ သိမ်တော်ကြီး၌ ထပ်ဆင့်ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာ ဒါယိကာမအပေါင်းအား ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီနှင့်
တပည့်သံဃာတော်များ
ဒါယကာ ဒါယိကာမများ

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်းလွှာ

ကျွန်တော် ကျွန်မတို့၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ပါပါး ဦးဇော်မြင့် Director (United Paints Group Co.,Ltd.)-မာမား ဒေါ်အေးရှင်တို့၏ ၃-၅-၂၀၁၄ ရက်တွင်ကျရောက်သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် ရတုပေါင်းများစွာပိုင်ဆိုင်ပြီး အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပြီး အသက်ရာကျော်ရှည်ပါစေကြောင်း သားသမီး၊ မြေးများက ဆုတောင်းလိုက်ပါသည်။

ချစ်သားသမီးများ	ချစ်မြေးများ
ဦးဇော်လွင်ဦး-ဒေါ်အေးအေးဝင်း	အောင်မျိုးကျော်(Final Part II၊ ဆေး-၂)၊ မြဖူးသဇင်(2nd Year Tourism)၊
ဦးဇော်မျိုးသန့်-ဒေါ်မြင့်မြင့်မော်	ဇော်မျိုးသူ(ခေတ္တ-Japan)၊ ဇော်မျိုးထွဋ်၊ ဇော်မျိုးလွင်(New Direction Travels & Tours) အိချောပိုပိုအောင်
ဦးဇော်မျိုးနိုင်-ဒေါ်မိုးမိုးနွယ်	ဆုဝန်းရံ
ဒေါ်နွယ်နွယ်အေး-ဦးတင်မောင်စိုး	ဂျူးမေလင်း (KG-II, NIEC)
ဦးဇော်မျိုးခိုင်-ဒေါ်တင်သန်းဝင်း	ယွန်းမီမီခိုင်(Grade VII အထက-၂ ရန်ကင်း) အောင်နန္ဒာထက်(Grade IV အထက-၂ ရန်ကင်း)
ဦးဇော်ညီညီအောင်-ဒေါ်အိအိပိုင်	ဖြူစင်ဝင့်ထည်
ဒေါ်မီမီအေး-ဦးအောင်ဖြိုးကျော် (ကောင်းစံအိမ် Construction မိသားစု)	သွန်းပြည့်အိန္ဒြေ(Grade II အထက-၂ ရန်ကင်း)

တေးရေး၊ တေးဆို ဆောင်းဦးလှိုင် မှ အသိပေးကြေငြာခြင်း

ကျွန်တော်ဆောင်းဦးလှိုင်နှင့် သက်ဆိုင်သော အနုပညာလုပ်ငန်းများအတွက် ဆက်သွယ်ဆောင်ရွက်လိုပါက ကျွန်တော်၏ဖခင်ဖြစ်သူ ဦးဆွေလင်းအေး(Ph:No.09-73010466)အားဆက်သွယ်နိုင်ပါသည်။ ထို့အပြင် Internet မှ တစ်ဆင့် kosongcomposer@gmail.com သို့လည်းကောင်း၊ Composer Myanmar @ facebook.com သို့လည်းကောင်း၊ ကျွန်တော်၏ Viber account သိရှိသူများမှာ Viber ဖြင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် အသိပေးကြေငြာအပ်ပါသည်။ ကျွန်တော်၏ လက်ရှိအသုံးပြုနေသော GSM Phone No. ကို အနုပညာလုပ်ငန်းများအတွက် အသုံးပြု တော့မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။ တေးသီချင်း ရေးသားခြင်း၊ သီဆို၊ အသံဖမ်း၊ ထုတ်လုပ်ခြင်း၊ မူပိုင်ခွင့်ကိစ္စအဝဝတို့အတွက် အထက်ဖော်ပြပါအတိုင်း ဆက်သွယ်ပေးကြပါရန် ဂီတလုပ်ဖော်ကိုင်ဖက်၊ မိတ်ဟောင်း၊ မိတ်သစ်များအားလုံးကို အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်
တေးရေး၊ တေးဆို ဆောင်းဦးလှိုင်

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်း တက်ရောက်နေသော နန်းဆုဇင်ဝိုင်း ၁၃/လရန(နိုင်)၁၆၅၃၀၀၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၁၃/လရန(နိုင်)၁၀၆၆၄၄ဖြစ်ကြောင်း။**ဦးကျော်လွင် ၁၃/လရန(နိုင်)၁၀၆၆၄၄**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

နိုင်ငံတကာအားကစားသတင်း

အကြိုတ်အနယ်နွှဲရမယ့် စီးရီးအေပွဲစဉ်(၃၆)

မိုးမြင့်လင်းလက်

စီးရီးအေပွဲစဉ်(၃၆)ကို မေ ၄ ရက်ညပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာလည်း တန်းဆင်းဇုန်အသင်းတွေရဲ့ အားထုတ်မှုနဲ့ ယူရိုပါလီဂ်ဝင်ခွင့် ရုန်းကန်ကြမယ့်အသင်းတွေရဲ့ ယှဉ်ပြိုင်မှုကို စိတ်ဝင်စားစွာအားပေးကြရဦးမှာဖြစ်ပါတယ်။

ကာတာနီးယားနှင့် ရိုးမား

ရိုးမားတို့ကတော့ ဒီပွဲကိုအနိုင်ရအောင် ကြိုးစားမှာဖြစ်ပါတယ်။ ဒီနှစ်မှာ တန်းဆင်းဖို့သေချာသွားပြီဖြစ်တဲ့ ကာတာနီးယားဟာ အခုပွဲကို အားထည့်မှုပြင်းထန်မှာတော့ မဟုတ်ပါဘူး။ ရိုးမားတို့ကတော့အစဉ်အလာအရ နိုင်ပွဲတွေပဲရယူနေကျမို့ အိမ်ရှင်တို့ သုံးမှတ်စလုံးပေးလိုက်ရမယ့်ပွဲပါပဲ။

ဂျူဗင်တပ်စ်နှင့် အတ္တလန္တာ

စီးရီးအေဖလားကို သေချာသည်ထက်သေချာအောင် ဂျူဗင်တပ်စ်တို့ ကြိုးစားပါလိမ့်မယ်။ အတ္တလန္တာနဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာတစ်ပွဲမှ မရှုံးခဲ့တဲ့ ဂျူဗင်တပ်စ်ဟာ အခုပွဲကိုလည်း အနိုင်ယူပါလိမ့်မယ်။ အတ္တလန္တာရဲ့ တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်မထက်မြက်တာမို့ အခုပွဲဟာ အိမ်ရှင်ရဲ့ ပွဲဖြစ်ပါတယ်။

အေစီမီလန်နှင့် အင်တာမီလန်

သရေပွဲတွေဆက်တိုက်ဖြစ်နေတဲ့ အင်တာမီလန်ဟာ အေစီမီလန်ရဲ့ ကွင်းမှာ ခက်ခဲမှာသေချာပါတယ်။ အေစီမီလန်တို့ကလည်း ယူရိုပါလီဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်နည်းနေပြီဖြစ်ပေမယ့် အင်တာမီလန်ကို ခြေရည်တူကစားပြီး အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ အင်တာမီလန်တို့ အားထုတ်မှုကောင်းရင် အမှတ်ရအောင် ယူနိုင်မယ့်ပွဲပါပဲ။

ချီယေဗိုနှင့် တိုရီနို

ယူရိုပါလီဂ်ဝင်ခွင့်အတွက် ကြိုးစားမယ့် တိုရီနိုနဲ့ တန်းမဆင်းရအောင် ကြိုးစားမယ့် ချီယေဗိုတို့ရဲ့ပွဲကတော့ မြိုင်ဆိုင်ပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲရလဒ်ကိုကြည့်ရင် တိုရီနိုက နှစ်ပွဲနိုင်ပြီး သုံးပွဲသရေဖြစ်ထားပါတယ်။ ဒါကြောင့် အဝေးကွင်းတွင် ကစားရမယ့် တိုရီနိုတို့ အနိုင်ယူကာ ယူရိုပါလီဂ်ဝင်ခွင့်ရရေး ကြိုးစားပါလိမ့်မယ်။

ပါးမားနှင့် ဆမ်ဒိုးရီးယား

ဒီပွဲမှာ ပါးမားရဲ့ ကြိုးစားအားထုတ်မှုက အရာထင်မယ့်အနေအထားပါပဲ။ နှစ်သင်းစလုံးအတွက် ဖိအားလည်းမရှိ မျှော်လင့်ချက်လည်းမရှိတဲ့ ပွဲဖြစ်တာမို့ ပါးမားဟာ အိမ်ကွင်းမှာတော့ နိုင်ပွဲရအောင်ကစားပါလိမ့်မယ်။ ဆမ်ဒိုးရီးယားနဲ့ဆုံတိုင်း ပါးမားတို့ အသာစီးရလေ့ရှိတာမို့ ဆမ်ဒိုးရီးယားတို့ အမြင့်ဆုံးမှန်းနိုင်မှုသရေပွဲပါပဲ။

ဂျီနိုအာနှင့် ဘိုလော့နာ

ဂျီနိုအာတို့က အမှတ်လိုအပ်မှုမရှိပေမယ့် ဘိုလော့နာတို့ကတော့ အမှတ်ပြည့်ရရှိရေး ခြေကုန်ဖွင့်ရမယ့် အနေအထားပါပဲ။ ဘိုလော့နာရဲ့ ကစားအားက ဂျီနိုအာကို အသာစီးရနိုင်ခဲ့ရင်တော့ တန်းဆင်းဇုန်က ဝေးအောင် ကြိုးစားမှု အရာထင်နိုင်မှာပါ။ ဘိုလော့နာရဲ့ စွမ်းဆောင်မှုက ဒီပွဲမှာ အမှတ်ပြည့်ရယူနိုင်ပါလိမ့်မယ်။

ဘင်ဖီကာ ဗိုလ်လုပွဲတက်

ယူရိုပါလီဂ် အကြိုဗိုလ်လုပွဲအဖြစ် ဂျူဗင်တပ်စ်နှင့် ဘင်ဖီကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ၁၀ ဦးတည်းနှင့် ကစားသည့်ဘင်ဖီကာက နောက်ပိုင်းတွင် ဂျူဗင်တပ်စ်ကိုဖိကစားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ထိုနေ့ပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။ ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဘင်ဖီကာက အနိုင်ရခဲ့၍ဘင်ဖီကာဗိုလ်လုပွဲတက်လာသည်။ ဘင်ဖီကာတို့ ဒုတိယအကြိမ်ဆက်တိုက် ယူရိုပါလီဂ်ဗိုလ်လုပွဲတက်ခဲ့သည်။ ဧည့်သည် ဘင်ဖီကာမှ ပီရက်ဇ်သည် နှစ်ဝါ တစ်နီဖြင့် ထွက်ခဲ့ရသည်။ သို့သော်လည်း ဂျူဗင်တပ်စ်အသင်းသည် ဂိုးရအောင်မဖန်တီးနိုင်ခဲ့ပေ။ ကားလို့စ်တီဗက်ဇ်၏ ခြေမကျကန်သွင်းဘောမှာလည်း ဘားတန်းကျော်တက်သွား၍ ဂျူဗင်တပ်စ်တို့ ချေပဂိုးနှင့် လွဲချော်ခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၇) — **မေ ၃**

ဝက်စ်ဟမ်း	-	စပါး	ညနေ ၆း၁၅
အက်စ်တွန်ဗီလာ	-	ဟားလ်စီးတီး	ည ၈း၃၀
မန်ယူ	-	ဆန်းဒါးလန်း	ည ၈း၃၀
နယူးကာဆယ်	-	ကာဒစ်ဖ်	ည ၈း၃၀
စတုတ်စီးတီး	-	ဖူလ်ဟမ်	ည ၈း၃၀
ဆွမ်ဆီး	-	ဆောက်သမ်တန်	ည ၈း၃၀

စပိန်လာလီဂါ ပွဲစဉ်(၃၆) — **မေ ၃/၄**

ဘာစီလိုနာ	-	ဂီတာဖေး	ည ၈း၃၀
မာလာဂါ	-	အယ်လ်ချီ	ည ၁၀း၃၀
အိုဆာဆူနာ	-	ဆယ်လ်တာဗီဂို	နံနက် ၀၀း၃၀
ဗယ်လာဒိုလစ်	-	အက်စ်ပန်ညို	နံနက် ၂း၃၀

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၃) — **မေ ၃**

ဒေါ့မွန်	-	ဟော်ဖန်ဟိမ်း	ည ၈း၀၀
ဂလက်ဘတ်	-	မိန့်ဇ်	ည ၈း၀၀
စတုဂတ်	-	ဝုဖ်ဘတ်	ည ၈း၀၀
ဝါဒါဘရီမင်	-	ဟာသာဘာလင်	ည ၈း၀၀
နူရင်ဘတ်	-	ဟန်နိုဗာ	ည ၈း၀၀
ဖရိုင်းဘတ်	-	ရှော်လ်ကေး	ည ၈း၀၀
ဟမ်းဘတ်	-	ဘိုင်ယန်မြူးနစ်	ည ၈း၀၀
ဘရန်းရှ်ဗစ်	-	အော့စ်ဘတ်	ည ၈း၀၀
ဖရန့်ဖတ်	-	လေဗာကူဆင်	ည ၈း၀၀

အီတလီ ကိုပါအီတာလီယာဖလား — **မေ ၄**

ဖီအိုရင်တီးနား	-	နာပိုလီ	နံနက် ၁း၃၀

ချယ်လ်ဆီးလက်ထောက်နည်းပြခြောက်ပွဲပိတ်ပင်ခံရ

ချယ်လ်ဆီးလက်ထောက်နည်းပြ ရှိုင်းဖာရီယာသည် ဆန်းဒါးလန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်စဉ် အော်ကျယ်ဟစ်ကျယ်ငြင်းခုံပြောဆိုမှုကြောင့် ခြောက်ပွဲပိတ်ပင်လိုက်သည်။ ဖာရီယာက ယင်းပိတ်ပင်မှုအပေါ် အယူခံဝင်သွားမည်ဟုဆိုသည်။ ၎င်းအား ပေါင် ၃၀၀၀၀ လည်း ဒဏ်ရိုက်လိုက်သည်။ ယင်းပိတ်ပင်မှုသည် နော့ဝှစ်နှင့်ကစားမည့် အိမ်ကွင်းပွဲနှင့် အဝေးကွင်းကစားမည့် ကာဒစ်ဖ်ပွဲများ လွဲချော်လိမ့်မည်ဟု ဆိုသည်။

ဌာနဆိုင်ရာ

အသေးစားနှင့်အလတ်စားလုပ်ငန်းများအထောက်အကူပြုဆပ်ကော်မတီ

အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းများလုပ်ငန်းအဖွဲ့မှ အာဆီယံနိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများမြှင့်တင်ရေးပူးပေါင်းဆောင်ရွက်ချက်များ

လူဦးရေသန်း ၆၀၀ ရှိသော အာဆီယံနိုင်ငံများ၏ GDP စုစုပေါင်းမှာ US$ 3 Trillions ဖြစ်ပြီး မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံအတွင်းသို့ ၁၉၉၇ ခုနှစ် ဇူလိုင်လအတွင်း ဝင်ရောက်ခဲ့ပါသည်။ အာဆီယံအဖွဲ့အစည်းအောက်၌ ကဏ္ဍအလိုက် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များအနက် အာဆီယံအသေးစား အလတ်စားလုပ်ငန်းများအဖွဲ့ (ASEAN Small and Medium Entriprises Working Group)တွင် စက်မှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ Focal Point အဖြစ် တာဝန်ယူခဲ့ပါသည်။ အာဆီယံအသေးစားအလတ်စားလုပ်ငန်းများအဖွဲ့သည် အာဆီယံနိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစွာဖြင့် တစ်ခုတည်းသော အာဆီယံဘုံဈေးကွက်တွင် အပြည့်အဝပါဝင်ပေါင်းစည်းရေးတို့ကို မျှော်မှန်းလျက် အာဆီယံခေါင်းဆောင်ကြီးများ၏ လမ်းညွှန်ချက် သဘောတူညီချက်များနှင့်အညီ ASEAN Strategic Action Plan များ ရေးဆွဲလျက် စီမံကိန်းပါလုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိပါသည်။

ASEAN Strategic Action Plan များအရ အာဆီယံ SME များ၏ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ရရှိနိုင်မည့် နည်းလမ်းများ ရှာဖွေရေး၊ တီထွင်ဖန်တီးမှုများဖြင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ သတင်းအချက်အလက်များနှင့် အကြံဉာဏ်များရရှိရေး စသည့် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများက Project Proposal တင်ပြဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားတောင်းခံ၍ သဘောတူညီချက်ရယူခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်ကြပါသည်။ ယင်းအပြင် မိုက်ခရိုနှင့်အသေးစား အလတ်စားလုပ်ငန်းများကို သက်ဆိုင်ရာနိုင်ငံမှ ငွေကြေးထောက်ပံ့သည့် အစီအစဉ်များ စီမံကိန်းများကို နိုင်ငံအလိုက်တင်ပြလျက် ဖွံ့ဖြိုးတိုးတက်မှုကို ဝိုင်းဝန်းအကဲဖြတ်သုံးသပ်လျက်ရှိပါသည်။

အာဆီယံ၏ စီမံကိန်းများအရ သက်ဆိုင်ရာ Project Team များမှ နိုင်ငံအလိုက်အကောင်အထည်ဖော်မှုအခြေအနေများကို လာရောက်လေ့လာအကဲဖြတ်လျက် အတွေ့အကြုံဖလှယ်ခြင်း၊ SME များကို ဖိတ်ခေါ်လျက် အတွေ့အကြုံအသစ်ရစေခြင်း၊ နည်းပညာများ လွှဲပြောင်းခြင်းဖြင့် ချိတ်ဆက်ဆောင်ရွက်စေခြင်း၊ Regional ဒေသများတွင် ပြန်လည်အကောင်အထည်ဖော်စေခြင်းဖြင့် ဒေသတွင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံအသေးစားအလတ်စားလုပ်ငန်းအဖွဲ့၏ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကိုတစ်နှစ်လျှင်နှစ်ကြိမ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌အလှည့်ကျကျင်းပလျက်ရှိရာ ၂၀၁၃ ခုနှစ် ဇွန်လတွင်လာအိုနိုင်ငံ၌ ကျင်းပသော (၃၂)ကြိမ်မြောက် ASEAN SMEWG Meeting နှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံမှဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး မြန်မာနိုင်ငံ၊ ParkRoyal Hotel ၌ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းအိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သော (၃၃) ကြိမ်မြောက် ASEAN SMEWG Meeting နှင့်ဆက်စပ်အစည်းအဝေးများတွင်လည်း မြန်မာနိုင်ငံမှဥက္ကဋ္ဌအဖြစ်တာဝန်ယူကျင်းပခဲ့ပါသည်။ ယင်း (၃၃) ကြိမ်မြောက် ASEAN SMEWG Meeting နှင့်ဆက်စပ်အစည်းအဝေးများမှာ-

- (က) (၃၃) ကြိမ်မြောက် ASEAN SMEWG Meeting
- (ခ) (၁၂) ကြိမ်မြောက် ASEAN SMEWG Plus Three Countries (ဂျပန်၊ ကိုရီးယား၊ တရုတ်)
- (ဂ) (၁၃) ကြိမ်မြောက် ASEAN SMEWG Plus Japan
- (ဃ) ASEAN SMEWG Plus USAID Meeting

ယင်းအစည်းအဝေးများတွင် (၂၀၁၀-၂၀၁၅) ASEAN Strategic Action Plan ၌ ရေးဆွဲခဲ့သော SME များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့်ပြီးစီးမှုများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ AEC ၂၀၁၅ တွင် SME များ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေရန်နှင့်တစ်ခုတည်းသော ဘုံဈေးကွက်တွင်အတူတကွပါဝင်နိုင်စေရန် အာဆီယံအဖွဲ့အစည်းအောက်ရှိ အခြားကဏ္ဍများနှင့်လည်း နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေ့အကြုံကောင်းများနှင့် အမြင်များကို ဆွေးနွေးဖလှယ်ခြင်း၊ အာဆီယံအတွင်း လွတ်လပ်စွာ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ခြင်းအပေါ် သုံးသပ်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအလိုက် ပေါ်လစီ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကဲဖြတ်ထားသည့်ရလဒ်များကို OECD (Origanization for Economic Cooperation and Development) နှင့် ERIA (The Economic Research Institute for ASEAN and East Asia) Project Team တို့မှ တင်ပြဆွေးနွေးခြင်းနှင့်ပြန်လည်ပြုပြင်ထားသော အောက်ဖော်ပြပါ Area ခြောက်ခု ပါဝင်သည့် ASEAN Strategic Action Plan ကို အတည်ပြု၍ တိုးမြှင့်အကောင်အထည်ဖော်ရန် သဘောတူ ဆုံးဖြတ်ထားပါသည် -

- (က) Access to Finance
- (ခ) Access to Market and Internationalization
- (ဂ) Access to Human Resources
- (ဃ) Access to Information and Advisory Service
- (င) Access to Technology and Innovation
- (စ) Access to Good Regulatory Environment (Addition)

ယင်းအစည်းအဝေးတွင် SME များအတွက် AEC ဆိုင်ရာသတင်းအချက်အလက်များနှင့်နိုင်ငံတကာအဆင့်မီ SME များ၊ ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်နှင့်အခွင့်အလမ်းများ၊ AEC မှ SME များအတွက်ဖြစ်ပေါ်လာမည့် အကျိုးအပြစ်များစသည့်အချက်များပါဝင်သော SME Guide Book Toward The AEC 2015 စာအုပ်ကို ASEAN ကိုယ်စားလှယ်များသို့ ဖြန့်ဝေခဲ့ပါသည်။ ယင်း Guide Book ကို မြန်မာဘာသာပြန်ဆိုလျက် SME များသို့ဖြန့်ဝေရန် ဂျာမနီနိုင်ငံ FNF နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် SME Guide Book ကို အောက်ပါ Website မှ Download ဆွဲလျက်ကြိုတင်လေ့လာနိုင်ပါကြောင်း တင်ပြပါသည်။

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဒိုင်လူကြီးသင်တန်းအမှတ်စဉ်(၁/၂၀၁၄) ဆင်း

မန္တလေး မေ ၂

၂၀၁၄ ခုနှစ် မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီက ကြီးမှူး၍ ဘောလုံး ဒိုင်လူကြီး သင်တန်း အမှတ်စဉ်(၁/၂၀၁၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး အောင်မြေသာစံမြို့နယ် အောင်မြေ မန္တလာ အားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီ ကိုယ်စားအဖွဲ့ဝင် ဘဏ္ဍာရေး အထောက်အကူပြု အတွင်းရေးမှူး ဦးနေအောင်က ကျေးဇူးတင်စကား ပြောကြားကာ သင်တန်းနည်းပြဆရာများကိုယ်စား သင်တန်းနည်းပြဆရာ ဦးရစ်ချတ်မောင်မောင်က ဩဝါဒစကားပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူတို့က ထူးချွန်သင်တန်းသားဆုနှင့် သင်တန်းဆင်း ၁၉ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ တစ်ဦးချင်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်မောင် (မန္တလေး)

(၆၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ကျင်းပရန် အလှူငွေလှူဒါန်း

မေ ၅ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး(၆၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့်မီးသတ်လုပ်ငန်း ဆောင်ရွက်ရန်အတွက် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ် ၃၅ လမ်းနှင့် ၇၆ လမ်းထောင့်ရှိ မန္တလေးကီးမားတင်ဝင်း စားသောက်ဆိုင် မိသားစုမှ ကိုမင်းမင်းမောင်က အလှူငွေကျပ် နှစ်သိန်းကို ဧပြီ ၃၀ ရက် ည ၇ နာရီတွင် အဆိုပါ ဆိုင်၌ ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဘဏ္ဍာရှာကြံရေး ကော်မတီဝင် မီးသတ်တပ်ဖွဲ့နေ့ကျင်းပရေး ဘဏ္ဍာရေးကော်မတီ ဘဏ္ဍာရေးမှူး တပ်ဖွဲ့မှူး ဦးတင်ဝင်း၊ ခရိုင်ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး တပ်ခွဲမှူး ဦးဝင်းစိန်နှင့်အဖွဲ့ဝင်များက လက်ခံယူသည်။

ထို့နောက် ဘဏ္ဍာရေးမှူး တပ်ခွဲမှူး ဦးတင်ဝင်းနှင့် ခရိုင်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး တပ်ခွဲမှူး ဦးဝင်းစိန်တို့က ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင် ဂုဏ်ပြုလွှာ ပေးအပ်ချီးမြှင့်ရာ မန္တလေး ကီးမားတင်ဝင်း ကဖေးမိသားစုမှ ကိုမင်းမင်းမောင်က လက်ခံယူသည်ဟု သိရှိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၂) ဆေးဝါးစက်ရုံ(အင်းရောင်း)၏ ကျောက်ဆည် သောက်ရေသန့်စက်ရုံခွဲမှ အသုံးမလို ပိုလျှံစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၉-၅-၂၀၁၄ ရက်
တင်ဒါပိတ်ရက်နှင့်အချိန် - ၃၀-၅-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၀၆၇-၄၀၈၂၇၆

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(မိုင်းယောင်းမြို့)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ခွဲကျောက်ရွယ်စုံ	၃၃၈၅ ကျင်း
(ခ)	သဲ	၂၅၀ ကျင်း
(ဂ)	ဘိလပ်မြေ	၁၆၇၀ အိတ်
(ဃ)	သံချောင်းရွယ်စုံ	၇ တန်
(င)	ချောင်းသဲကျောက်	၁၅၈၀ ကျင်း

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၄-၅-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၅-၅-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ
တင်ဒါတင်သွင်းစိစစ် ရွေးချယ်မည့်နေရာ - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းယောင်းမြို့

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ၃၀-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ၊ မိုင်းယောင်းမြို့၊ ဖုန်း-၀၈၄-၆၅၀၁၄၊ ၀၉-၈၃၀၁၃၅၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်။

- (၁) လက်တော့ကွန်ပျူတာများ
- (၂) Farmmer Channel ရိုက်ကူးရေး Video Camera၊ အသံစနစ်နှင့် အလင်းစနစ်များ
- (၃) မြက်ဖြတ်စက်များ
- (၄) မျက်နှာကြက်ပန်ကာများ
- (၅) လေအေးပေးစက်များ (Split Type)

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၃-၆-၂၀၁၄ ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ ငွေစာရင်းဌာန၊ ဖုန်း-၀၆၇-၄၁၆၆၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

တင်ဒါရက်တိုးမြှင့်သတ်မှတ်ခြင်း

၁၂-၄-၂၀၁၄ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးကြပ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး တင်ဒါခေါ်ယူရေးအဖွဲ့မှ ခေါ်ယူခဲ့သော အိတ်ဖွင့်တင်ဒါတွင် လုပ်ငန်း ၃၇ ခုအတွက် တင်သွင်းရန်ရက်ကို ၉-၄-၂၀၁၄ရက်မှ ၃၀-၄-၂၀၁၄ရက်အထိ တင်သွင်းနိုင်သည်ဟု ဖော်ပြခဲ့ပါသည်။ ယခုအခါ တင်ဒါလျှောက်လွှာကို ၁၅-၅-၂၀၁၄ ရက်အထိ နောက်ဆုံးထားဝယ်ယူနိုင်ကြောင်းနှင့် ၂၁-၅-၂၀၁၄ ရက်အထိ နောက်ဆုံးတင်သွင်းနိုင်ကြောင်း ရက်တိုးမြှင့်လိုက်ပါသည်။ လျှောက်လွှာကို တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက ဖုန်း-၀၇၁-၂၄၃၁၄၊ ၀၇၁-၂၂၈၁၇၊ ၀၇၁-၂၃၂၀၄တို့သို့ ဆက်သွယ်နိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

ဒီဇိုင်းတင်ဒါတင်သွင်းမည့်ရက် တိုးမြှင့်သတ်မှတ်ခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ တောင်ပလူကျေးရွာအနီး မြေဧရိယာ ၃၆.၈၄ ပေါ်တွင် လူနေနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများပါဝင်သည့် စပယ်အထပ်မြင့်အဆောက်အအုံစီမံကိန်းနှင့် မုံရွာမြို့နယ်၊ ဒေါနခြံရပ်ကွက် မြေဧရိယာ ၄ ဧကပေါ်တွင် အထပ်မြင့်ဟိုတယ်ရုံးခန်းနှင့် လူနေအိမ်များပါဝင်သည့် ချင်းတွင်း အထပ်မြင့်အဆောက်အအုံစီမံကိန်းတို့အား ပုံစံရေးဆွဲယှဉ်ပြိုင်မှုစနစ်ဖြင့် ဒီဇိုင်းတင်ဒါများကို တင်သွင်းရန် ၄-၄-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခေါ်ယူခဲ့ပါသည်။

၂။ ဒီဇိုင်းတင်ဒါများတင်သွင်းရမည့်ရက်အား အောက်ပါအစီအစဉ်အတိုင်း ရက်တိုးမြှင့်သတ်မှတ်ပါကြောင်း အသိပေးအပ်ပါသည်-

- (က) **တင်ဒါလျှောက်လွှာဝယ်ယူရန်** - ၁-၄-၂၀၁၄ ရက်မှ ၁၅-၅-၂၀၁၄ ရက်အထိ
- (ခ) **တင်ဒါတင်သွင်းရန်** - ၁၆-၅-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီအထိ
- (ဂ) **တင်ဒါဖွင့်မည့်ရက်** - စပယ်အိမ်ရာ ၂၀-၅-၂၀၁၄ ရက်
  - ချင်းတွင်းအိမ်ရာ ၂၂-၅-၂၀၁၄ ရက်

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၂၊ ၂၅၅၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အမည်ပြောင်း

ကျောက်ဖြူမြို့ အလက(၂) ဆဋ္ဌမတန်း(ခ)မှ မောင်ဘုန်းမြတ်မဟာအား မောင်ကောင်းခန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းခန့်ပိုင်

ဖခင်အမည်မှန်

တာချီလိတ်မြို့၊ အထက(၁)တွင် ပညာသင်ကြားနေသော မောင်ငြိမ်းထက် ၁၃/တခလ(နိုင်)၀၉၈၂၁၃၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွန်း ၁/မကတ(နိုင်)၀၇၉၂၅၆ ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

နေပြည်တော် မေ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ် ဇွန် ၅ ရက်နေ့တွင်ကျရောက်မည့်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်တွင်ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက်ဆောင်ပုဒ်မှာ "Raise your Voice, Not the Sea Level" ဖြစ်ပြီး အဆိုပါခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအားကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်ဆောင်ပုဒ်သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင်ကျင်းပမည့် ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံငယ်များဆိုင်ရာ တတိယအကြိမ်ညီလာခံကိုကြိုဆိုသောအားဖြင့်လည်းကောင်း၊ ကျွန်းနိုင်ငံငယ်များတွင်ရင်ဆိုင်နေရသော ဘေးအန္တရာယ်များနှင့်အကာအကွယ်မဲ့မှုများ တိုးပွားလာမှုနှင့်ရာသီဥတုပြောင်းလဲမှုကြောင့် ကျွန်းငယ်များကိုကာကွယ်ရန်အကူအညီအရေးပေါ်လိုအပ်လာမှုတို့ကို ပိုမိုကျယ်ပြန့်စွာသိရှိနားလည်စေရန်အတွက်လည်းကောင်း ရည်ရွယ်၍ အဆိုပါဆောင်ပုဒ်ကိုသတ်မှတ်ခြင်းဖြစ်သည်။ ကုလသမဂ္ဂက ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံငယ်များအား ကာကွယ်ရန်အတွက် ၂၀၁၄ ခုနှစ်အား အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးဆဲကျွန်းနိုင်ငံငယ်များနှစ်ဟု သတ်မှတ်ထားသည်။

သို့ပါ၍ ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်များနှင့်အသိပေးနှိုးဆော်ချက်များကို ပြည်သူအများသိရှိလိုက်နာဆောင်ရွက်နိုင်ကြစေရန်၊ ယင်းတို့နှင့် စပ်လျဉ်း၍ မိမိတို့သီးခြားရေးသားတင်ပြလိုသည့်အချက်အလက်များ၊ သာဓကများ ပါဝင်သောအလွတ်တန်းဆောင်းပါးနှင့်စာစီစာ ကုံးများကို ရေးသားပေးပို့ ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ဆောင်းပါးများကို A4 ဆိုက်စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိလည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုက်စာမျက်နှာ အနည်းဆုံးငါးမျက်နှာမှ အများဆုံးခုနစ်မျက်နှာအထိလည်းကောင်း၊ ကွန်ပျူတာစာလုံး Win-Innwa သို့မဟုတ် Myanmar Unicode(Myanmar 2)စာလုံးအရွယ်အစား-၁၈(Fontsize 18)၊ ကွန်ပျူတာစာလုံး Myanmar Unicode (Myanmar 3) စာလုံးအရွယ်အစား-၁၄ (Fontsize 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5) ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard copy) တစ်စုံနှင့် CD ဖြင့် (Soft copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့နှင့်အတူ လူ ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၅၃) နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၁၃၂၅၊ ၀၆၇-၄၃၁၃၂၁၊ ၀၆၇-၄၃၁၃၁၈၊ အီးမေးလ်-env.myan@mptmail.net.mm) သို့ ၂၀၁၆ ခုနှစ် မေ ၂၃ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်သည်။

ဆုရရှိသူများကို နေပြည်တော်၌ကျင်းပမည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမြင့်တိုက်နယ်ဆေးရုံအတွက် လူနာတင်ယာဉ်နှင့်ဆေးငွေပဒေသာပင်လှူဒါန်း

ချောင်းဦး မေ ၂

မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်တိုက်နယ်ဆေးရုံအတွက် ရန်ကုန်မြို့နေ အလှူရှင်ထက်လင်းဆေးဝါးထုတ်လုပ်ရေးမိသားစုမှ ကျပ်သိန်း ၁၉၀ တန်ဖိုးရှိ လူနာတင်ယာဉ်နှင့်ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀ လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက အမြင့်တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး အလှူရှင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာခင်မောင်ထွန်းက လူနာတင်ယာဉ်နှင့် ဆေးပဒေသာပင်လှူဒါန်းရခြင်းအကြောင်းများကို ရှင်းလင်းပြောကြား ပြီးနောက်အမြင့်တိုက်နယ်ဆေးရုံအုပ်ဒေါက်တာမင်းခိုင်မှ တိုက်နယ်ဆေးရုံအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ထက်လင်းဆေးဝါးထုတ်လုပ်ရေးမိသားစုမှ အရေးပေါ်လူနာတင်ယာဉ်နှင့် သက်ဆိုင်သည့်ပစ္စည်းများနှင့်ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀ တို့ကိုတာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းပြီး အမြင့်တိုက်နယ် ဆေးရုံကြီးကြပ်မှုကော်မတီနာယက ဦးညဏ်အောင်မှ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အမြင့်တိုက်နယ်ဆေးရုံ ကြီးကြပ်မှုကော်မတီနာယကဦးညဏ်အောင်မှ "အခုလိုတိုက်နယ်ဆေးရုံအတွက် ထက်လင်းဆေးဝါးထုတ်လုပ်ရေးမိသားစုမှ အရေးပေါ်လူနာတင်ယာဉ်နှင့် ဆေးပဒေသာပင်လှူဒါန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း လူနာတင်ယာဉ်လှူဒါန်းပေးတဲ့အတွက် ကျေးရွာနေပြည်သူများ ကျန်းမာရေးအခက်အခဲဖြစ်လာပါက မြို့ကြီးများသို့ အချိန်မရွေးသွားရောက်ကုသနိုင်တော့မှာဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်ထိန်းရဲများ နေကာမျက်မှန်တပ်ဆင်၍ တာဝန်ထမ်းဆောင်ခွင့်ရ

ယခုအချိန်ကာလသည် ရာသီဥတုပူပြင်းသဖြင့် လမ်းမကြီးများ၊ လမ်းဆုံလမ်းခွများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ခရမ်းလွန်ရောင်ခြည်ဒဏ်ကြောင့် မျက်စိဝေဒနာများမဖြစ်စေရေးအတွက် နေကာမျက်မှန်တပ်ဆင်ပြီး တာဝန်ထမ်းဆောင်ခွင့်ရကြောင်း သိရသည်။

"ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် နေ့စဉ် ဖိနပ်စီး၊ ဦးထုပ်ဆောင်းပြီး နေပူထဲမှာ ကြာရှည်နေတဲ့အခါ မျက်စိအကာအကွယ်မရှိတော့ အပူဒဏ်ခံရပြီး မျက်စိနာခြင်း၊ မျက်စိစူးခြင်းစတဲ့မျက်စိဝေဒနာဖြစ်လာတတ်တယ်" ဟုနေပြည်တော်ရှိယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောဆိုသည်။

အဆိုပါ နေကာမျက်မှန်တပ်ဆင်တာဝန်ထမ်းဆောင်ခြင်းသည် ယာဉ်ထိန်းရဲတပ်ဖွဲ့သမိုင်းတွင် ပထမဆုံးဖြစ်ကြောင်း သိရှိရပြီး မျက်မှန်တပ်ဆင်ရာတွင် အများပြည်သူအမြင်မတင့်တယ်သည့် ပုံစံမျိုးမဖြစ်စေရန်၊ ရှင်းလင်းကြည်လင်ပြတ်သားသည့် မျက်မှန်မျိုးဖြစ်ရန် ယာဉ်အန္တရာယ်ကင်းရှင်းရေးတာဝန်ကို ကောင်းစွာဆောင်ရွက်နိုင်သည့် မျက်မှန်မျိုးဖြစ်ရန်လိုကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ကြက်ခြေနီဆင့်ပွားသင်တန်းဖွင့်

ဖလမ်း မေ ၂

ချင်းပြည်နယ် ဖလမ်းမြို့၌ လူထုအတွင်းရှေးဦးပြုစုခြင်းကြက်ခြေနီဆင့်ပွားသင်တန်း (၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းသို့ ဖလမ်းမြို့ပေါ်မှသင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များမှာ ကြက်ခြေနီအကြောင်း သိကောင်းစရာ၊ ကြက်ခြေနီအခြေခံသဘော တရား ခုနစ်ချက် အမှတ်အသား အသုံးပြုပုံ၊ ရှေးဦးပြုစုခြင်းနှင့်သဘောတရားအတွေးအခေါ်များ ရှေးဦးပြုစုသူများ၏ အခန်းကဏ္ဍ၊ သဘာဝဘေးအန္တရာယ်ကို ကြိုတင် ပြင်ဆင်ခြင်း၊ ကူညီစောင့်ရှောက်ခြင်း လူနာဆန်းစစ်ခြင်း၊ လက်နက်မဲ့စစ်ရေးပြ၊ ဒဏ်ရာအမျိုးမျိုးနှင့်သွေးယိုစီးခြင်း၊ အပူလောင်ခြင်း၊ အရည် ပူလောင်ခြင်း၊ ဆေးထည့်ခြင်း၊ ပတ်တီးစည်းခြင်း၊ သွေးဆုတ်သွေး လန့်ခြင်း၊ ဦးခေါင်းဒဏ်ရာနှင့် ကျောရိုးမကြီးဒဏ်ရာ၊ သတိလစ်ခြင်း၊ မူးဝေခြင်း၊ အခြေခံအသက်အထောက်အထားလူကြီး/လူငယ်၊ ဆို့နင့်ခြင်း လူကြီး၊ လူငယ်၊ကလေး၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ကြွက်သားနှင့် အရိုးအက်ကြောများဒဏ်ရာကြပ် စည်းအသုံးပြုပုံ၊ RICE အသုံးပြုပုံ အဆိပ်သင့်ခြင်း၊ သတ္တဝါ၊ မြွေကိုက်ခြင်း၊ အထွေထွေအရေးပေါ်အခြေအနေများ၊ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှု၊ ကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်း စသည့် ဘာသာရပ်များကို သင်တန်းနည်းပြ ဆရာမ ငါးဦးတို့က သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အတွင်းရှိ သံတောင်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် တရားရေးဌာနပိုင် အရာရှိအိမ်ရာ နှစ်ခန်းတွဲ အုတ်ညှပ်တစ်ထပ်အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကန်ထရိုက်တာစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ကရင်ပြည်နယ် တရားလွှတ်တော် ပြည်နယ်တရားရေးဦးစီးမှူးရုံးတွင် တစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်)နှုန်းဖြင့်ဝယ်ယူနိုင်ပါသည်။

၃။ ပြည်နယ် တင်ဒါကြီးကြပ်ရေးအဖွဲ့မှ တင်ဒါစည်းကမ်းချက်နှင့်ညီညွတ်သော အဆိုပြုလွှာများကို ကရင်ပြည်နယ် တရားလွှတ်တော် ပြည်နယ်တရားရေးဦးစီးမှူးရုံးတွင် လက်ခံသွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားလက်ခံမည်ဖြစ်ပြီး ၁၅ ရက်ပြည့်သည့်ရက်၌ တင်ဒါကို ဖွင့်ဖောက်ကြေညာမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကရင်ပြည်နယ် တရားလွှတ်တော် ပြည်နယ်တရားရေးဦးစီးမှူးရုံး ဖုန်း-၀၅၈-၂၁၀၀၄၊ ၀၅၈-၂၁၅၃၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ကရင်ပြည်နယ် တင်ဒါကြီးကြပ်ရေးအဖွဲ့)

သရက်သီးပြပွဲ၊ ပြိုင်ပွဲ၊ စာတမ်းဖတ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်မည်

မြန်မာနိုင်ငံတွင် ဒေသအလိုက် အမယ်မျိုးစုံစိုက်ပျိုးထွက်ရှိနေသည့် သရက်သီးမျိုးများမှ အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များပေါ်ထွက်လာစေရေး၊ သရက်သီးမျိုးကောင်းမျိုးသန့်များစုစည်းနိုင်ရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် နည်းပညာများရရှိနိုင်ရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်သူ တောင်သူအချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရေးနှင့် ပြည်တွင်းပြည်ပ စျေးကွက်ရှာဖွေနိုင်ရေးအတွက် သရက်သီးပြပွဲ၊ ပြိုင်ပွဲ၊ စာတမ်းဖတ် ဆွေးနွေးပွဲကို သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ကျင်းပမည့်ရက် - ၁၀-၅-၂၀၁၆ ရက်မှ ၁၂-၅-၂၀၁၆ ရက်အထိ
ကျင်းပမည့်အချိန် - ၀၉း၀၀ နာရီမှ ၅း၀၀ နာရီအထိ
ကျင်းပမည့်နေရာ - ရွှေပုစွန်အအေးနှင့်ကိတ်မုန့်မျိုးစုံ၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်သရက်မျိုးများကို အကဲဖြတ်ဒိုင်များမှ စစ်ဆေးအကဲဖြတ်၍ အောက်ဖော်ပြပါအတိုင်း ဆုများချီးမြှင့်ပါမည်-

ပထမဆု - ကျပ်သုံးသိန်း
ဒုတိယဆု - ကျပ်နှစ်သိန်း
တတိယဆု - ကျပ်တစ်သိန်းငါးသောင်း
နှစ်သိမ့်ဆု - ကျပ်တစ်သိန်း

မှတ်ချက်။ ပြပွဲ၊ ပြိုင်ပွဲဝင်မည့် သရက်သီးများကို ၉-၅-၂၀၁၆ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပမည့် ရွှေပုစွန်အအေးနှင့် ကိတ်မုန့်မျိုးစုံရှိ ပြိုင်ပွဲရုံးခန်းသို့ အရောက်ပေးပို့ရမည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ကုန်သည်စက်မှုအသင်းချုပ်၊ ငါးလွှာ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဖုန်း-၀၁-၂၁၈၃၆၇၊ ၀၉-၄၃၁၂၇၆၅၆၊ ၀၉-၇၃၁၆၉၇၄၉
Email-mffvpea.office@gmail.com

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများအလိုက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တိုင်းဒေသကြီးရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**
(၁) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ (၅)စုံ

(ခ) **မြန်မာ့ရုပ်ရှင်လုပ်ငန်း**
(၁) လုပ်ငန်းသုံးမော်တော်ယာဉ်၊ 4 Wheel (Double Cub) (model -91 နှင့်အထက်)

(ဂ) **တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန**
(၁) မူးတိမ်ချောင်းသဲနုန်းတူးဖော်ခြင်း
(၂) ထန်းဇလုပ်ရေကူတမံတည်ဆောက်ခြင်း

(ဃ) **တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
(၁) ဗင် (၁)စီး
(၂) ဟွန်ဒါဖစ် (၁)စီး

(င) **တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန**
(၁) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း (၂၀)စုံ

(စ) **တိုင်းဒေသကြီးဥပဒေချုပ်ရုံး**
(၁) တိုင်းရုံး (ပေ ၄၀×၂၅ပေ) RC နှစ်ထပ်အဆောက်အအုံ
(၂) လေရှီး၊ တန့်ဆည်၊ အင်းတော်မြို့နယ်ရုံးများအတွက် (ပေ၃၀×၂၅ပေ) နံကပ်အဆောက်အအုံ

(ဆ) **တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**
(၁) ကောလင်းမြို့နယ် လဝကရုံး RC တစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း
(၂) ကျွန်းလှမြို့နယ် လဝကရုံး RC တစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂-၅-၂၀၁၆ ရက်မှ ၂၉-၅-၂၀၁၆ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၃၀-၅-၂၀၁၆ ရက် ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ရက်** - ၆-၆-၂၀၁၆ ရက်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၃၄၊ ၀၇၁-၂၃၆၂၄၊ ၀၉-၄၇၀၅၄၀၉၅၊ ၀၇၁-၂၃၆၂၆၊ ၀၇၁-၂၁၂၂၀၊ ၀၇၁-၂၂၅၄၂၊ ၀၇၁-၂၄၃၂၁၊ ၀၇၁-၂၂၉၈၂တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

မွေးသက္ကရာဇ်အမှန်

ဘူးသီးတောင်မြို့၊ သေကံခွဆုံနေ ဦးမောင်ခင်ဝင်း၏သမီး မစောမြတ်မွန် ၁၁/ဘသတ(နိုင်)၀၃၀၁၇၁၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၆-၁၉၉၃ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ဘူးသီးတောင်မြို့၊ သေကံခွဆုံနေ ဦးမောင်ချေ၏သား မောင်သိန်းထွန်းဦး ၁၁/ဘသတ(နိုင်)၀၂၀၂၂၉၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၈-၁၉၈၂ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ်(၇၇)၊ ဧရိယာ ၀ဒသမ ၀၈၂၈ဧကရှိ ဦးကြည်လွင်အမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေမြေကွက်၏ မြေပေးစလစ်မူရင်း ရေစိုပျက်စီးသွားသဖြင့် ဦးကြည်လွင် ၉/ပဗသ(နိုင်)၀၀၁၅၉၂ (ဘ) ဦးမှင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေပေးစလစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျေးရွာအုပ်စု သွားရာလမ်း အမာခံကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီခုံ သစ်သားတံတားအမာခံတည်ဆောက်

ဖလမ်း မေ ၂

ချင်းပြည်နယ် ဖလမ်းမြို့နှင့် လိုင်ဇိုးကျေးရွာအုပ်စု သွားရာလမ်း တလန်လိုရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်း အောက်ဘက်ရှိ ကားလမ်းသည် ကျေးရွာပေါင်း ၂၀ နှင့် ဖလမ်းမြို့ တလန်လို ရပ်ကွက်ရှိ ပြည်သူများ သွားလာရာတွင်အသုံးပြုသော ကုန်စည် စီးဆင်းရာကားလမ်းဖြစ်သည်။

ဟရန်ထီးယိုးဘောလုံးကွင်း အနီး အဆိုပါ ကားလမ်းနေရာတွင် မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေ တိုက်စားပြီး ကားလမ်းဘေးပြိုကျမှု ဖြစ်ပေါ်ကာ ကားများ သွားလာနိုင်ခြင်း မရှိဘဲ ဆိုင်ကယ်လမ်းအဖြစ်ဖြင့်သာ ယာယီ ပြုပြင်သွားလာ အသုံးပြုလျက်ရှိသည်။

ယင်းလမ်းပိုင်းသည် လိုင်ဇိုး ကျေးရွာအုပ်စုနှင့်အနီးအနား ကျေးရွာအုပ်စုများရှိ ကျေးရွာ ပေါင်း၂၀ မှ ထွက်ရှိသည့် စိုက်ပျိုးရေး ထွက်ကုန်များကို ဖလမ်း၊ ဟားခါး၊ ထန်တလန်နှင့် ကလေးမြို့များသို့ တင်ပို့ရောင်းချရာတွင်အသုံးပြုသည့်လမ်းဖြစ်သည်။

ယခင်က ယင်းလမ်းမအောက်ရှိ ရေပြွန်မကောင်းခြင်း၊ မြေထိန်းနံရံ မရှိခြင်းတို့ကြောင့် လမ်းဘေး ချောင်းကမ်းစပ်ပြိုကျမှုဖြစ်ပြီး ကားငယ်များပင်သွားလာမရဘဲ ဒေသခံပြည်သူတို့၏ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ပို့ဆောင်ရန်နှင့် သာရေးနာရေးကိစ္စများတွင်လည်း များစွာ အခက်အခဲရှိနေကြကြောင်း သိရသည်။

ယခုအချိန်တွင် ချင်းပြည်နယ် ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြု ရန်ပုံငွေ ကျပ်သိန်းပေါင်း ၈၀၃ သိန်းဖြင့် ကျောက်စီရေကာ အမာခံနံရံနှင့် ရေအရှိန်ထိန်းကျောက်စီတန်း တည်ဆောက်လျက်ရှိရာ လုပ်ငန်း၏ ၆၅ ရာခိုင်နှုန်းကျော်ပြီးစီးပြီး ကျောက်စီအမာခံခုံပေါ် သစ်သားတံတား တည်ဆောက်ခြင်း ပြီးစီးပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများအားလုံးပြီးစီးပါက ကျေးရွာပြည်သူများ၏ ကုန်စည်ဖောက်ကား ရောင်းဝယ်ရာတွင် ကုန်ပစ္စည်းစီးဆင်းမှု မြန်ဆန်လာမည်ဖြစ်သဖြင့် လိုင်ဇိုးကျေးရွာအုပ်စု ပြည်သူများနှင့် ဖလမ်းမြို့ ပေါ်ရှိ ပြည်သူလူထုတစ်ရပ်လုံး အလွန်ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။ **ဂျူနိုင်း**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

စင်ကာပူနိုင်ငံ ဆောက်လုပ်ရေးနည်းပညာနှင့် အထောက်အကူပြုဆိုင်ရာပစ္စည်းများ ပြပွဲကျင်းပမည်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များပါဝင်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းမျိုးစုံပြပွဲ Build Tech Yangon 2014 ပြပွဲကျင်းပသွားမည်ဖြစ်ကြောင်း ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှသိရသည်။ ပြပွဲတွင် ပြခန်းပေါင်း ၇၀ ခန့်ပါဝင်မည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကိရိယာနှင့်ယန္တရားများ၊ လျှပ်စစ်ပစ္စည်းများစုံလင်စွာပြသသွားမည်ဖြစ်ကြောင်း၊ တရုတ်၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူနှင့်ထိုင်ဝမ်တို့မှ ကုန်အမှတ်တံဆိပ်ပေါင်း ၁၂၀ ခန့်ပါဝင်ကြောင်း၊ ပြပွဲကာလအတွင်း ဆောက်လုပ်ရေးနှင့်အင်ဂျင်နီယာနည်းပညာရပ်ဆိုင်ရာများ၏ အပြောင်းအလဲနှင့်အခွင့်အလမ်းများအကြောင်းကို ဗိသုကာပညာရှင်များနှင့် အင်ဂျင်နီယာများက ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ မေ ၂၂ ရက်မှ ၂၄ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

သတင်းတို

ကျေးရွာချင်းဆက်တလိုင်းကန် ကွန်ကရစ်တံတားဖွင့်ပွဲတောင်ငူမြို့နယ်၌ကျင်းပ

တောင်ငူ မေ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စပါးကြွယ်ကျေးရွာအုပ်စု မန်ကျည်းခုံကျေးရွာနှင့်ဇီးပင်သာကျေးရွာအကြား အလျားပေ ၂၀၊ အကျယ်ရှစ်ပေခွဲနှင့် အမြင့်ရှစ်ပေခွဲရှိသံချည်သံကွေး ကွန်ကရစ်တလိုင်းကန်တံတားဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက်က အဆိုပါတံတားထိပ်၌ကျင်းပရာ တောင်ငူမြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တံတားကို တောင်ငူမြို့နယ်အထောက်အကူပြုကော်မတီရန်ပုံငွေနှင့်ကျေးရွာများမှ စုပေါင်းပါဝင်လှူဒါန်းငွေကျပ်သိန်း ၄၀ ခန့်ဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပြီးစီးသွားပါက ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပညာရေးကိစ္စများအား အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၅)**

အမျိုးသမီးများဘဝတိုးတက်ရေးအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်

ကသာ ဧပြီ ၂

ကသာမြို့နယ်အတွင်းရှိ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေးနှင့်လူနေမှုဘဝမြင့်မားရေးတို့အတွက် ကသာမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၄) ကို ဖွင့်လှစ်လျက်ရှိသည်။

သင်တန်းတွင် ကသာမြို့စီမံခန့်ခွဲမှုကော်မတီနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းကာ သင်တန်းသူ ၃၀ ကို အခြေခံစက်ချုပ် နည်းသင်ကြားပေးလျက်ရှိသည်။ သင်တန်းတွင် ရင်ဖုံးအကျႌ၊ ဘလောက်အကျႌ၊ ရှပ်အကျႌ၊ စကတ်ချုပ်နည်းစသည့်ပညာရပ်များကို သင်တန်းနည်းပြသုံးဦးဖြင့် နေ့စဉ် သင်ကြားလျက်ရှိသည်။

ယင်းသင်တန်းပြီးမြောက်ပါက စက်မရှိသေးသော သင်တန်းသူများကို သ/မ ဦးစီးဌာနနှင့်ပူးပေါင်းကာအရစ်ကျစနစ်ဖြင့် အပ်ချုပ်စက်ရရှိစေရေး ညှိနှိုင်းဆောင်ရွက်ထားကြောင်းလည်း သိရသည်။ အဆိုပါသင်တန်းသည် မတ် ၁၅ ရက်မှ စတင်ကာ ဧပြီ ၂၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး သင်တန်းအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆင်းရဲမှုလျှော့ချရေးကော်မတီ ရန်ပုံငွေမှ သင်တန်းသူတစ်ဦးလျှင်ငွေကျပ် ၆၀၀၀၀ နှုန်း၊ သင်တန်းနည်းပြတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း စုစုပေါင်းငွေကျပ် ၂၁ သိန်းထောက်ပံ့ပေးထားကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော် မြင်းခြံမြို့

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြင်းခြံမြို့၊ နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၏ ယခုနှစ် (၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၅ရက်မှ လပြည့်ကျော် ၇ရက်အထိ ၁-၇-၂၀၁၄ရက်မှ ၁၈-၇-၂၀၁၄ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပွဲတော်ဆိုင်ခန်းတင်ဒါနှင့် ဇာတ်ရုံကပြပွဲမြေနေရာ လေလံပွဲကို ၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက် ၂၁-၅-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် ဘုရားကြီးရင်ပြင်တော်ပေါ်၌ ကျင်းပပါမည်။ နာယကဆရာတော်ကြီးများ၏ ဩဝါဒအရ လောင်းကစားဆန်သော မည်သည့်လုပ်ရပ်မျိုးကိုမျှ ခွင့်မပြုဘဲ မြန်မာ့ရိုးရာ ဇာတ်သဘင်၊ အငြိမ့်၊ ဆက်ကပ်နှင့် မျက်လှည့်များကို တင်ဆက်ကပြခွင့်ပြုပါမည်။ ဝါးထောင်လုပ်ငန်းပိုင်ရှင် မှတ်ပုံတင်ရှိသူများသာ ဆိုင်ခန်းတင်ဒါပေးသွင်းခွင့်ပြုပါမည်။

ဂေါပကအဖွဲ့
နှစ်ကျိပ်ရှစ်ဆူဘုရားကြီး
မြင်းခြံမြို့
ဖုန်း-၀၆၆-၂၁၅၁၀၊ ၂၂၈၄၈၊ ၀၉-၂၅၆၀၀၇၈၀၄

အမည်ပြောင်း

ဦးမောင်ရွှေ၏သမီး မြိတ်မြို့၊ သာရမဲရွာ၊ မြိတ်တက္ကသိုလ်၊ ဓာတုဗေဒအဓိက ခုံအမှတ် ၂၈-၅၃ မှ မခင်မြတ်မွန်အား မဇင်မြတ်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

မဇင်မြတ်မွန်

ဖခင်အမည်မှန်

မြိတ်မြို့၊ အမှတ်(၆)၊ နဝမတန်း (C)တွင် အောင်မြင်ခဲ့သော မဖြူဖြူဌေးနှင့် မဇင်မြတ်မွန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်ရွှေ ဖြစ်ပါကြောင်း။

ဦးမောင်ရွှေ ၆/မမန(နိုင်)၁၇၅၃၇၄

မြတ်တံခွန်စာသင်တိုက် သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားနေသော သံဃာတော်များ သီတင်းသုံးနေထိုင်နိုင်ရန်၊ ယောဂီများ တရားအားထုတ်နိုင်ရန် ပေ(၈၀×၅၀) သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

အနန္တဂုဏ်ရည်ကျောင်းတိုက် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ ပိတောက်မြိုင်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်တွင် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (လေးမျက်နှာမြို့နယ်၊ ဓမ္မရိပ်သာ သရက်တောကျောင်း) ဆရာတော်ကြီး၏ (၆)ကြိမ်မြောက် ခန္ဓာဉာဏ်ရောက် သမထဝိပဿနာတရားတော်များကို ၂၀၁၄ ခုနှစ် မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ ဟောပြောပြသမည်ဖြစ်ရာ မည်သူမဆိုလာရောက်၍ ကုသိုလ်ယူ တရားအားထုတ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်စာရင်းပေးရန်-
ဖုန်း-၀၉-၂၅၅၇၁၀၁၉၁၊ ၀၉-၄၃၀၅၇၅၉၉
မှတ်ချက်။ တရားစခန်းဝင်မည့်ယောဂီများ ၂၈-၅-၂၀၁၄ ရက် ညနေ ၄ နာရီ အရောက် သတင်းပို့ကြပါရန်။

အမည်ပြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ညောင်ရမ်းတောင် အထက်တန်းကျောင်း စတုတ္ထတန်းတက်ရောက်အောင်မြင်ခဲ့သော ဒေါ်အေးမြကြူ ၁၂/အစန(နိုင်) ၀၆၅၆၇၈၏သား ဟိန်းမင်းမြတ်အား ရဲရင့်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **ရဲရင့်ဝင်း**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့နယ်၊ ငါးဖယ်အင်းကျေးရွာအုပ်စု၊ ငါးရှဥ့်ချောင်းရွာနေ မင်းဝေအောင်(ခ)ပိုက်ပိုက် ၇/တငန(နိုင်)၀၇၀၃၀၅ အိမ်ထောင်ခွဲသည် မိခင်ကြီးနှင့်မိသားစုတို့ ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုး အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အမြဲလုပ်ဆောင်နေပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှစွန့်လွှတ်လိုက်သည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။)

မိခင်-ဒေါ်တင်အေး ၇/တငန(နိုင်)၀၈၈၃၈၇

သွာနုတ္တသားအဖြစ် အမွေပြတ်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြ(ခ)ဒေါ်ခင်မြင့် ၇/ရတရ(နိုင်)၀၃၉၁၉၃ လှည်းပွဲကြီးကျေးရွာ၊ ဆန်တော်ပို့ကျေးရွာအုပ်စု၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆန်တော်ပို့ကျေးရွာအုပ်စု၊ လှည်းပွဲကြီးကျေးရွာနေ (ဦးဖိုးအောင်)-ဒေါ်ခင်မြ(ခ)ဒေါ်ခင်မြင့်တို့၏သား မောင်ချို ၇/ရတရ(နိုင်)၀၈၄၅၂၃ သည် မိခင်အပေါ် ကိုယ်စိတ်နှလုံးဆင်းရဲအောင်နှင့် ခွင့်မလွှတ်နိုင်သောကိစ္စများပြုလုပ်ခဲ့ပြီး မိခင်အား ရိုင်းပျစွာ ပြောဆိုဆက်ဆံခဲ့သည့်အတွက် ၎င်းအား သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ဦးမောင် LL.B
အထက်တန်းရှေ့နေ (စဥ်-၂၅၈၅၄)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ စစ်တွေမြို့၌ ကျင်းပ

စစ်တွေ မေ ၂

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီခွဲက စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ရခိုင်ပြည်နယ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းချစ်ဦး၊ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ရခိုင်ပြည်နယ်ကော်မတီဝင်များ၊ အလုပ်ရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ အနည်းဆုံးအခကြေးငွေ စိစစ်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ အမျိုးသားကော်မတီ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများ ဖွဲ့စည်းခြင်းဆိုင်ရာများနှင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီးနောက် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် ပတ်သက်၍ ရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်နေမှုများ၊ အနည်းဆုံး အခကြေးငွေသတ်မှတ်သည့်ပုံစံများ၊ လုပ်ငန်းအမျိုးအစားများ၊ သတိပြုသင့်သည့်အချက်များ၊ ရှေးဦးသုတေသနပြု စစ်တမ်းကောက်ယူခြင်း၊ အာဆီယံနိုင်ငံများမှ အနည်းဆုံးအခကြေးငွေသတ်မှတ်ထားသည့် ဥပမာများ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗန်းမော်မြို့လမ်းဆုံမီးပွိုင့်တွင် ဒစ်ဂျစ်တယ်ကင်မရာတပ်ဆင်

ဗန်းမော် မေ ၂

ကချင်ပြည်နယ် ဗန်းမော်မြို့ အထက(၁)နှင့် အထက(၂)လမ်းဆုံ မီးပွိုင့်တွင် ဧပြီ ၃၀ ရက် ညနေ ၄ နာရီတွင် ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒစ်ဂျစ်တယ်လုံခြုံရေးကင်မရာလေးလုံး တပ်ဆင်လျက်ရှိသည်။ **(အပေါ်ပုံ)**

ဒစ်ဂျစ်တယ်လုံခြုံရေးကင်မရာအမျိုးအစားမှာ တရုတ်နိုင်ငံလုပ်ဖြစ်သည်။ Digital CCD Camera Model 800 TVL 12 mm, JBSFC Model; FC 730A, 1/13 Sony-iR Color CCD Camera System-PAL 800 TVL Power-DC-12V ဖြစ်သည်။

ပြည်သူများ ယာဉ်ထိခိုက်မှု အန္တရာယ် လျော့နည်းစေရေး၊ မိဘပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများ ကာကွယ်စောင့်ရှောက်နိုင်ရေး၊ မှုခင်းများ၊ စုံစမ်းထောက်လှမ်း ဖော်ထုတ်ရာတွင် အထောက်အကူ ဖြစ်စေရေးတို့အတွက် ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဒစ်ဂျစ်တယ်လုံခြုံရေးကင်မရာ တပ်ဆင်ပေးကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ပတ်စ်ပို့နှင့် အလုပ်လုပ်ခွင့်ပါမစ်ရှိသည့် မြန်မာအလုပ်သမား ၁၂ ဦး ဗန်ကောက်တွင် ဖမ်းဆီးခံရ

ဗန်ကောက် မေ ၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်တွင်ရှိသော ပတူနန်းကုန်တိုက် ညဈေးတွင် ဈေးအကူရောင်းသည့်ပတ်စ်ပို့နှင့် အလုပ်လုပ်ခွင့်ပါမစ် အပြည့်အစုံရှိသည့် မြန်မာအလုပ်သမား ၁၂ ဦးကို ဧပြီ ၂၈ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန(တောမော)များမှ အရပ်ဝတ်များဖြင့် ဖမ်းဆီးသွားကြောင်း၊ အလုပ်သမားတစ်ဦး၏ အစ်မတစ်ဦးက ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) သို့ ဆက်သွယ်ပြောကြားကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ရွှေ့ပြောင်း အလုပ်သမားဆိုင်ရာ ဥပဒေတွင် နိုင်ငံခြားမှ လာရောက်အလုပ်လုပ်ကြသူများအား ဆောက်လုပ်ရေး၊ သန့်ရှင်းရေး၊ မာလီ၊ အိမ်ဖော်၊ ဆိပ်ကမ်းကုန်တင်ကုန်ချ၊ ငါးဖမ်းလုပ်ငန်း၊ စက်ရုံအလုပ်ရုံနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့တွင်သာ လုပ်ကိုင်ခွင့်ပြုထားကြောင်း သိရသည်။ ထို့အပြင် အလုပ်လုပ်ခွင့်ပါမစ်တွင် ပါသည့် အလုပ်အမျိုးအစားကိုသာ လုပ်ကိုင်ခွင့်ပေးထားပြီး လုပ်ငန်းရှင်ပြောင်းရွှေ့ခြင်းတွင် အခက်အခဲများစွာရှိနေကြောင်း သိရသည်။

ထိုင်းအလုပ်သမားဥပဒေပြဋ္ဌာန်းစဉ်ကာလက မြန်မာအစိုးရအနေဖြင့် မသိရှိခဲ့သော်လည်း ယခု ခေတ်အပြောင်းအလဲကာလတွင် ထိုင်းပညာရှင်အမြောက်အမြား မြန်မာနိုင်ငံထဲတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြပြီဖြစ်သည်။ ထို့အတူ မြန်မာကျွမ်းကျင်အလုပ်သမားများကိုလည်း မူလသတ်မှတ်ထားသည့် (ညစ်ပတ်၊ ပင်ပန်း၊ အန္တရာယ်များ)သည့် အလုပ်များတွင်သာမက အခြားအလုပ်များတွင်ပါ လုပ်ကိုင်ခွင့် တောင်းဆိုရတော့မည် ဖြစ်ကြောင်း အလုပ်သမားအရေး လုပ်သူများက ထောက်ပြခဲ့ဖူးသည်။

ထိုင်းတောင်ပိုင်း အခြေစိုက် ပညာရေး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED ဒါရိုက်တာဦးထူးချစ်က "ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားဝင်ငွေတွေကို အဓိကရှာဖွေပေးနေတဲ့ ဒီအလုပ်သမားထုကြီးအရေးကိစ္စ၊ အကာအကွယ်ပေးဖို့ တကယ်လိုလားတယ်ဆိုလို့ရှိရင် ထိုင်းမှာ ပြဋ္ဌာန်းထားတဲ့ အလုပ်သမားပေါ်လစီတွေ ဥပဒေတွေကို ကျွမ်းကျင်တဲ့ ထိုင်း-မြန်မာ ဥပဒေပညာရှင်တွေနဲ့ ပြန်သုံးသပ်ပြီးတော့ လိုအပ်တာတွေကို ပြုပြင်ပြောင်းလဲဖို့ ထိုင်းအစိုးရကို တောင်းဆိုရမယ်။

ထိုင်းနိုင်ငံအတွင်းမှာ ရှိနေတဲ့ ၇၆ ပြည်နယ်စလုံးမှာ မြန်မာနိုင်ငံက လာရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမားတွေက အနည်းနဲ့အများရှိနေကြပါတယ်။ ၇၆ ပြည်နယ်လုံးမှာ မြန်မာအလုပ်သမား ကာကွယ်စောင့်ရှောက်ရေးရုံး မရှိရင်တောင် အများစုနေထိုင်ကြတဲ့ ၁၄ ပြည်နယ်လောက်မှာ ရှိသင့်ပါတယ်။ ကျွမ်းကျင်တဲ့ ဝန်ထမ်းတွေနဲ့ ထိုင်းဥပဒေတွေကို နားလည်တဲ့ရှေ့နေတွေလည်း ရှိရပါမယ်။

မြန်မာတာဝန်ရှိသူတွေအနေနဲ့ မလုပ်တတ်ရင် အတွေ့အကြုံရှိတဲ့သူတွေနဲ့ ပေါင်းလုပ်ရင်ရတာပဲလေ" ဟု ထောက်ပြပြောဆိုခဲ့သည်။

ဥပမာအနေဖြင့် ယခင်က ဖနင်ခရိုင် ထလမု ငါးဖမ်းလှေဆိပ်ရှိ ငါးဖမ်းလှေပေါ်တွင် အပုပ်နံ့ကြောင့် တစ်လအတွင်း မြန်မာလေးဦးသေဆုံးခဲ့ပြီဖြစ်ကြောင်း၊ ထိုအလုပ်သမားများ သေဆုံးမှုနှင့်ပတ်သက်၍ မြန်မာသံရုံးအနေဖြင့် အလုပ်သမားရုံးများ၊ ငါးဖမ်းလှေပိုင်ရှင်များအား စုံစမ်းစစ်ဆေးခြင်း၊ ဖုန်းဆက်ခြင်းများ ပြုလုပ်ပေးခြင်းအားဖြင့် တစ်စုံတစ်ရာနစ်နာကြေးရရှိနိုင်ကြောင်း ဦးထူးချစ်က အကြံပြုပြောဆိုသွားခဲ့သေးသည်။

> **ထိုင်း-မြန်မာ ဥပဒေပညာရှင်တွေနဲ့ ပြန်သုံးသပ်ပြီးတော့ လိုအပ်တာတွေကို ပြုပြင်ပြောင်းလဲဖို့ ထိုင်းအစိုးရကို တောင်းဆိုရမယ်။**

စိုးဝင်း(SP)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများအလိုက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တိုင်းဒေသကြီးစက်မှုသီးနှံဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၁) e-Government လုပ်ငန်းအတွက် ဆက်စပ်ပစ္စည်း
(၂) ကွန်ပျူတာနှင့် ပရင်တာ (၁) စုံ
(၃) Copier (၁) ခု
(၄) Fax (၁၁) လုံး
(၅) ကွန်ပျူတာစားပွဲ (၁၃) ခု

(ခ) တိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
(၁) တိုင်းထွာရေးကိရိယာဝင်းခြံကာရံခြင်း(ပင်လယ်ဘူး၊ မြင်းမူ၊မော်လိုက်၊ မင်းကင်း၊ ကြေးမုံ)
(၂) ဝန်ထမ်းအိမ်ရာမွမ်းမံခြင်း(ကလေးဝ)
(၃) ရေတွင်းတူးခြင်းနှင့် ရေလောင်းအိမ်သာမွမ်းမံခြင်း(ကလေးမြို့)
(၄) ရုံးအဆောက်အအုံဆေးသုတ်ခြင်းနှင့် ဝန်ထမ်းနေအိမ်အမိုးပြုပြင်ခြင်း (ရွှေဘို)
(၅) ရုံးဝင်းခြံကာရံခြင်း(ရွှေဘို)
(၆) ရုံးတွင်း မီးကြိုးသွယ်တန်းခြင်းနှင့် ရုံးဝင်းခြံကာရံခြင်း(ဟုမ္မလင်း)

(ဂ) တိုင်းဒေသကြီး သစ်တောဦးစီးဌာန
(၁) မော်လိုက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနေအိမ်တစ်လုံး
(၂) မော်လိုက်ခရိုင် တောအုပ်ကြီးနေအိမ်နှစ်ခန်းတွဲတစ်လုံး
(၃) မုံရွာမြို့နယ် ဝန်ထမ်းအိမ်ရာလုံးချင်းနေအိမ်နှစ်လုံး

(ဃ) တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
(၁) အရာတော်မြို့နယ်ရုံး(၄၄ပေ×၂၄ပေ×၁၁ပေ)နှင့် (၃၂ပေ× ပေ၂၀×၁၁ပေ) အုတ်ညှပ်တစ်ထပ်သွပ်မိုး

(င) တိုင်းဒေသကြီးစာရင်းရုံး
(၁) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း (၂၉)လုံး
(၂) ပရင်တာ (၂၉)လုံး
(၃) ကွန်ပျူတာစားပွဲ (၂၉)စုံ

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂-၅-၂၀၁၄ရက်မှ ၂၉-၅-၂၀၁၄ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၃၀-၅-၂၀၁၄ရက် ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ရက်** - ၆-၆-၂၀၁၄ရက်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၃၄၊ ၀၇၁-၂၂၈၇၇၊ ၀၇၁-၂၁၀၃၁၊ ၀၇၁-၂၂၉၉၃၊ ၀၇၁-၂၁၁၁၄တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၇၈၁၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၇၂၂၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေး)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၄၄၇၀ Toyota Succeed S/W ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၂/မဂတ(နိုင်) ၀၅၉၃၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၃၅၅၇ Toyota Landcruiser Prado, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်စီစီသိန်း ၁၂/အစန(နိုင်)၀၀၄၄၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ကျွန်တော် ကိုစိုးသန်းပိုင်နှင့် ဇနီး မဖြူဖြူဝင်းတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ ၂၀၁၂ ဇန်နဝါရီ ၂၈ ရက်မှ ယနေ့ထိတိုင် အတူပေါင်းသင်းနေထိုင်ခြင်း မရှိပါသဖြင့် တရားဝင်ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကိုစိုးသန်းပိုင်
၉/ပမန(နိုင်)၀၀၁၆၁၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၄၆၇၇ Nissan AO, S/W ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၁၂/ကမရ(နိုင်)၀၅၁၅၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/6484 Hino xz 4306, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးစောကော်ဘလေထူး ၇/တငန(နိုင်)၁၂၈၅၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၄၅၀၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/2037 Toyota Dyna Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအုံးဟန် ၁၂/ဥကတ(နိုင်)၀၅၀၇၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

မြန်မာ UN ကတ် ကိုင်ဆောင်ထားကြသူများအား မလေးရှားကမိခင်နိုင်ငံသို့ ပြန်ပို့ မပို့ ပါလီမန်တွင် ဆွေးနွေး

ကွာလာလမ်ပူ မေ ၂

မြန်မာဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသူများအရေးနှင့် စပ်လျဉ်း၍ မလေးရှားအစိုးရမှ စိုးရိမ်ပူပန်မှုများရှိလာခဲ့ပြီးနောက် ထိန်းချုပ်ရန်နည်းလမ်းများနှင့် မိခင်နေရပ်နိုင်ငံပြန်ပို့နိုင်ရန်အတွက် မလေးရှားလွှတ်တော်ပါလီမန် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာဒုက္ခသည် အရေအတွက်မှာ မလေးရှားနိုင်ငံတွင် အများဆုံးဖြစ်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်ဟု မလေးရှားနိုင်ငံ နေ့စဉ်ထုတ် ဘားနားမားသတင်းစာတွင် ဧပြီ ၈ ရက်က ရေးသားဖော်ပြထားကြောင်း မလေးရှားရောက် မြန်မာအသိုင်းအဝိုင်းက ဧပြီ ၃၀ ရက်တွင် ဆက်သွယ်ပြောကြားခဲ့သည်။

မလေးရှားအစိုးရအနေနှင့် ကုလသမဂ္ဂတွင် နိုင်ငံတကာမှ ဒုက္ခသည်များအား လက်ခံထားပေးရန်အတွက် ၁၉၅၁ စည်းမျဉ်းဥပဒေကို လက်မှတ်ရေးထိုးထားခြင်းမရှိခဲ့ကြောင်း၊ မလေးရှားအတွင်း နေထိုင်ကြသော နိုင်ငံတကာမှ ဒုက္ခသည်များအား UNHCR က အသိမှတ်ပြုထားသော်လည်း မလေးရှားအစိုးရက အသိအမှတ်ပြုထားခြင်းမရှိကြောင်းဖြင့် အာဏာရပါတီ Mohd Johari Baharom (BN-Kubang Pasu)က လွှတ်တော်အစည်းအဝေးတွင် ပြောခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူရှိ ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)တွင် လက်ခံအသိမှတ်ပြုထားသည့် ဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသူများအတွင်း မြန်မာအပါအဝင် အာဖဂန်နစ္စတန်၊ အီရတ်၊ ဆိုမာလီယာ၊ သီရိလင်္ကာစသည့် ဒုက္ခသည်ဦးရေများမှာ စုစုပေါင်း တစ်သိန်းလေးသောင်းနှစ်ထောင်ကျော် ရှိနေကြောင်း သိရသည်။ ၎င်းအနက် မြန်မာဒုက္ခသည်မှာ တစ်သိန်းသုံးသောင်းနှစ်ထောင်ကျော်ရှိရာ အများဆုံးဖြစ်ခဲ့ကြောင်း၊ မြန်မာဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသူများတွင် ဘင်္ဂါလီဒုက္ခသည် နှစ်သောင်းခုနစ်ထောင်ကျော် ပါဝင်နေကြောင်းလည်း သတင်းဌာနအသီးသီးက ဖော်ပြခဲ့သည်ဟု ဆိုသည်။

ယင်းဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသူများအား မိခင်နေရပ်သို့ ပြန်ပို့ရန်အတွက် ကုန်ကျစရိတ်မှာ လွန်စွာများပြားကြောင်းနှင့် ဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသူများအား တရားဝင်အထောက်အထား စာရွက်စာတမ်းတစ်စုံတစ်ရာမရှိဘဲနှင့် ကုန်ကျစရိတ်သုံးစွဲငွေများအား မည်သူကတာဝန်ယူ ဖြေရှင်းပေးမည်နည်းဟု အတိုက်အခံပါတီက မေးခွန်းထုတ်ထားကြောင်း သိရသည်။

မလေးရှားနိုင်ငံအတွင်း နေထိုင်ကြသော နိုင်ငံတကာမှ ဒုက္ခသည်များ၏ ပြဿနာအလုံးစုံကို ကုလသမဂ္ဂက အဓိကတာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ပြီး မလေးရှားအစိုးရအနေနှင့် အဆိုပါကိစ္စများအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဟု ပါလီမန်တွင် ထည့်သွင်းဆွေးနွေးခဲ့သည်ဟု သတင်းဌာနများက ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသူများမှာ ယခင်ကာလများက ထွက်ပြေးတိမ်းရှောင် ရောက်ရှိလာကြသူများနှင့် တရားဝင်နိုင်ငံကူးလက်မှတ်များ ကိုင်ဆောင်ပြီး ဝင်ရောက်လာကြသောသူများ ရှိနေကြကြောင်းသိရပြီး မိသားစု စားဝတ်နေရေးအခက်အခဲနှင့် ပါမစ်ကြေး တန်ဖိုးမြင့်မားနေသောကြောင့် ငွေကြေးတစ်စုံတစ်ရာ မပေးရသော အဆိုပါကတ်ကို ကိုင်ဆောင်ထားကြခြင်းဖြစ်ကြောင်းလည်း သိရသည်။

ယခင်ကာလက အချို့တရားဝင်လိုင်စင်ရထားကြသောကုမ္ပဏီများမှ မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားများ စေလွှတ်ကြရာတွင်အလုပ်သမားအတော်များများသည် လုပ်ခလစာ နည်းပါးကြခြင်းကြောင့် တရားဝင်အလုပ်သမားများမှ တရားမဝင်အလုပ်သမားများဘဝသို့ ဖြစ်သွားခဲ့ကြရကြောင်းဖြင့် မလေးရှားသတင်းအရင်းအမြစ်များမှ စုံစမ်းသိရသည်။

မလေးရှား အလုပ်ရှင်သူဌေးများက မြန်မာအလုပ်သမားများကို ဖိနှိပ်ခဲ့ကြသည့်အတွက် မြန်မာအလုပ်သမားများမှာ မခံမရပ်နိုင်ဖြစ်ခဲ့ကြကာ နီးစပ်ရာ မြန်မာအသိုင်းအဝိုင်းများရှိရာ နေရာများသို့ ထွက်ပြေးခဲ့ကြကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံအတွင်း နေထိုင်ကြသော မြန်မာအလုပ်သမား ဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသူများအား ကွာလာလမ်ပူရှိ UNHCR ရုံးမှ ခွဲခြားဆက်ဆံမှုများ ရှိလာကြောင်းလည်း သိရသည်။

မလေးရှားနိုင်ငံရှိ ဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံးမှ အရာရှိများနှင့် မလေးရှားအစိုးရတို့က ယခုအခါ မြန်မာ UN ကတ် ကိုင်ဆောင်ထားကြသူများအား အကြောင်းပြချက်မရှိ အပြစ်ရှာကျန်ပြီး တတိယနိုင်ငံကို ထွက်၍မရအောင် ပိတ်ပင်တားဆီးထားမှုရှိကြောင်းနှင့် တမင်ဖန်တီးမှုများလည်း ရှိနေကြောင်း သိရသည်။

မလေးရှားမှ မြန်မာဒုက္ခသည်ကတ် ကိုင်ဆောင်ထားကြသူအများစုမှာ ယခင်ကာလက ပွဲစားများနှင့်အတူ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။ အချို့ မြန်မာနိုင်ငံမှတစ်ဆင့် အနောက်နိုင်ငံများသို့ သွားကြရန်အတွက် အခွင့်အလမ်းများမရှိခဲ့ကြသဖြင့် တရားဝင်နိုင်ငံကူး လက်မှတ်များ ပြုလုပ်ကြကာ မလေးရှားနိုင်ငံသို့ အလည်အပတ်ဗီဇာနှင့် ဝင်ရောက်ခဲ့ကြပြီးနောက် မလေးရှားနိုင်ငံရှိ ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးမှာ ခိုလှုံခွင့် တောင်းခံလျှောက်ထားခဲ့ကြကာ ထိုမှတစ်ဆင့် တတိယနိုင်ငံများဖြစ်သော UN မှ စေလွှတ်နေသည့် အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဂျာမနီ၊ နယူးဇီလန်၊ နော်ဝေ နိုင်ငံများသို့ ရောက်သွားကြသောသူများလည်း အများအပြားရှိခဲ့ကြကြောင်း သိရသည်။ ထို့အပြင် အဆိုပါ တတိယနိုင်ငံသို့ ငွေကြေးပြည့်စုံကြသောသူများက အမြန်ဝင်ရောက်လိုကြလျှင်လည်း ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးမှ အရာရှိများနှင့် ပူးပေါင်းကြကာ ဘာသာပြန်မှတစ်ဆင့် ငွေကြေးညှိနှိုင်းပြီး မလေးရှားရင်းဂစ်တစ်သောင်းကျော်အထိ ပေးချေကြကာ ဒုက္ခသည်အစစ်မဟုတ်ဘဲ အဆင်ပြေသွားကြသူများလည်း ရှိခဲ့ကြကြောင်း ကြားသိရသည်။

လက်ရှိ မလေးရှားနိုင်ငံတွင် UNHCR ဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံးမှ တရားဝင်ထုတ်ပေးထားသော UN ဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသော စာရင်းများအရ မြန်မာအပါအဝင် အာဖဂန်နစ္စတန်၊ အီရတ်၊ ဆိုမာလီယာ၊ သီရိလင်္ကာ ဒုက္ခသည်ဦးရေများမှာ စုစုပေါင်း ၁၄၂၁၆၀ ရှိနေကြောင်း သိရပြီး မြန်မာနိုင်ငံမှ UN ဒုက္ခသည်(ခိုလှုံခွင့်)ကတ် ကိုင်ဆောင်ထားကြသောသူများမှာ ၁၃၂၁၈၇ ဦး ရှိနေကြောင်း သိရကာ အဆိုပါ အားလုံးအား ၎င်းတို့ဆန္ဒမရှိပါက မိခင်နေရပ်သို့ အတင်းအကျပ်ပြန်ပို့မည်မဟုတ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို မလေးရှားနိုင်ငံ နေ့စဉ်ထုတ်သတင်းစာဖြစ်သော thesun daily သတင်းစာက ဖော်ပြခဲ့သည်။

စိုးဝင်း(SP)

သတင်းတို

ပဲခူးရိုးမအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

တရားမဝင်သစ်ထုတ်လုပ်မှုများနှင့် သစ်တောသယံဇာတများပြုန်းတီးမှုမှ ကာကွယ်နိုင်ရေးအတွက် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦး ဦးဆောင်သော အဖွဲ့သည် ပဲခူးရိုးမအတွင်း အင်အား ၁၀၀ ပါ တပ်ဖွဲ့ဖြင့် အဖွဲ့များခွဲကာ လှုပ်ရှားခြင်း၊ ပိတ်ဆို့ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တောင်ငူခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းရွှေက ပြောကြားသည်။ "တောင်ငူခရိုင်နဲ့ ဆက်စပ်နယ်မြေတွေဖြစ်တဲ့ အုတ်တွင်း-ပေါက်ခေါင်း ကားလမ်း၊ လက်ပံခုနစ်စခန်း၊ ၁၇ မိုင်စခန်း၊ ပေါ်လံကြီးစခန်းသုံးခုမှာ အင်အား ၅၀ ဖြန့်ချထားပြီး လှုပ်ရှားမှုနဲ့ ပိတ်ဆို့ရေး ဆောင်ရွက်နေပါတယ်။ သာဂရ-ကိုးပင်လမ်းတစ်လျှောက်မှာတော့ အင်အား ၂၅ ဦးနဲ့ ၁၈ မိုင်၊ ၃၆ မိုင်၊ ၆၂ မိုင် စခန်းတွေမှာ ဖြန့်ခွဲနေရာချပြီး ပိတ်ဆို့ဖမ်းဆီးရေး ဆောင်ရွက်နေပါတယ်။ အလားတူ မြို့ချောင်း-မင်းလှလမ်းမှာလည်း အင်အား ၂၅ ဦးနဲ့ ပိတ်ဆို့ဖမ်းဆီးရေး ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောကြားသည်။ အဆိုပါအဖွဲ့သည် ပဲခူးရိုးမအတွင်း လုံခြုံရေး ဆောင်ရွက်ခြင်းကို ဧပြီ ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး တစ်လခန့်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် နယ်မြေခံ သစ်တောဝန်ထမ်းများလည်း လုံခြုံရေးအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်တက္ကသိုလ်
ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ
Diploma in Applied Geology

သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာနတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် "ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ" (Diploma in Applied Geology) (၁)နှစ်သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) Economic & Mining Geology
(ခ) Exploration Geochemistry
(ဂ) Exploration Geophysics
(ဃ) Gemmology
(င) Hydrogeology
(စ) Engineering Geology
(ဆ) Petroleum Geology

၂။ အထက်ပါအထူးပြုဘာသာရပ်သင်တန်းတစ်ခုခုတွင် တက်ရောက်ရန်အတွက် အောက်ပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး ပညာအရည်အချင်းမှာ ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရပြီး၊ မဟာသိပ္ပံ အရည်အချင်းစစ်သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဂ) ဘူမိဗေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရ ဘူမိဗေဒဆိုင်ရာလုပ်ငန်းခွင်မှ ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာလုပ်ငန်း၌ အမြဲတမ်းလုပ်သက် (၂)နှစ်ရှိပြီး ဌာနဆိုင်ရာအကြီးအကဲ (ညွှန်ကြားရေးမှူးချုပ်၊ဦးဆောင်ညွှန်ကြားရေးမှူး)၏ တရားဝင်ခွင့်ပြုမိန့်ရရှိသူများလျှောက်ထားနိုင်သည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။ ၎င်းရက်မှ ကျော်လွန်လျှောက်ထားလာသော လျှောက်လွှာများအား လုံးဝလက်ခံစဉ်းစား မည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊လှိုင်တက္ကသိုလ်နယ်မြေတွင် စုံစမ်းနိုင်ပါသည်။

ဒေါက်တာလှဆွေ
ဌာနမှူး၊ သင်တန်းရေးရာ
ရန်ကုန်တက္ကသိုလ်

ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ပြုခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘက်စုံထူးချွန်(လူရည်ချွန်)အဖြစ် ရွေးချယ်ခံရသော သမီးငယ် မကေဇင်သွယ် (တက္ကသိုလ်ဝင်တန်း)အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အတန်းစဉ်အဘက်ဘက်မှ ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးခဲ့ကြပါသော မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ **"အမက ပရိက္ခရာ" "အထက ဆင်ဖြူကျွန်း"** နှင့် **"အေးရိပ်ညိုဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း"**တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း အလေးအနက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဖေဖေ Bio ဦးသန်းလွင်-မေမေ ဒေါ်သီသီအေးနှင့်
မမကြီး-မလွင်လွင်အေး B.N.Sc (Generic)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်း ၄ ကံဘဲ့(ပြည်သာယာအိမ်ရာ)၊ မြေကွက် ၁၁၇/ခ-၂၂၊ ဧရိယာ ဝဒသမ၁၂၉၈ကေ၊ မြေကွက်အမှတ် ၁၁၇/ခ-၂၃၊ ဧရိယာ ဝ ဒသမ ၁၂၇၈ကေ၊ နှစ် ၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဦးမျိုးဦး၊ ဒေါ်လှလှဝင်းဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံအား စွန့်လွှတ်စာချုပ် ၁၅၈၆/၂၀၁၄၊ ၁၅၈၇/၂၀၁၄ တို့တင်ပြ၍ ဒေါ်လှလှဝင်း ၁၂/လသန(နိုင်)၀၁၄၂၁၆ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၅၂၃၊ မြေကွက်တည်နေရာအမှတ် ၅၂၃၊ အလင်းရောင် ၃ လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးဘရင်)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးဘရင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်နှင်းအေး ၁၂/သဃက(နိုင်)၀၈၀၃၂၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/စီမံကိန်း-၁၊ မြေကွက်အမှတ် ၃၂၁၊မြေကွက်တည်နေရာအမှတ် ၃၂၁၊ သခင်ဖိုးလှကြီးလမ်း၊ (၁၄/စီမံကိန်း ၁)ရပ်ကွက်၊ တောင်ဥက္ကလာ (ဒေါ်ခင်၊ ဦးငွေညွှန့်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးငွေညွှန့်ကွယ်လွန်သဖြင့် ဒေါ်ကြည်ညွှန့်၁၂/ဥကတ(နိုင်)၁၀၇၁၉၃ နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်နှင့် ခင်ပွန်းဦးမြကွန်းတို့ကွယ်လွန်သဖြင့် ဒေါ်ခင်မြတ်မွန် ၁၂/ဥကတ(နိုင်)၁၂၈၉၇၅၊ ကိုတင်ဇော်ဦး ၁၂/ဥကတ(နိုင်)၁၆၄၁၅၃၊ မဝင်းမြတ်ထွေး ၁၂/ဥကတ(နိုင်)၁၆၇၃၂၇၊ မောင်မြတ်သူ ၁၂/ဥကတ(နိုင်)၁၇၈၇၃၁ တို့က ဇနီးနှင့်သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဓာတ်ဆီလှယ်ရာမှ အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ပွား

ဟင်္သာတ မေ ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ညောင်ပင်ရပ်ကွက် ဓမ္မာရုံကျောင်းလမ်းနှင့် တာသစ်လမ်းထိပ်ဆုံရာ(ယခင်မိုးဂွဲကျောင်းဂုံး) ယခုတိုက်သစ် မိုးကောင်းကျောင်းဂုံးရှိ ဧရာရွှေဝါ စက်သုံးဆီအရောင်းဆိုင်ခွဲတွင် ရေသန့်ဘူးအတွင်းသို့ ဓာတ်ဆီခွဲထည့်စဉ် အပူရှိန်လွန်ကဲမှုကြောင့် ၎င်းဓာတ်ဆီဆိုင်မှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်တွင် အိမ်ရှင် ဦးကြည်လင်း ပိုင်ဆိုင်သော ဓာတ်ဆီဆိုင်မှ စတင်၍ ဧပြီ ၃၀ ရက် ညနေ ၃ နာရီခန့်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ညနေ ၃ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပါသည်။ အဆိုပါ မီးလောင်မှုကြောင့် ပေ(၂၀×၂၀) သွပ်ကာ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ဓာတ်ဆီဆိုင်နှင့် (၁၀× ၁၀)ပတ်လည်သွပ်ကာ၊ သွပ်မိုး၊ ပျဉ်ခင်း၊ဒေါက်တာအံ့မော်ကောင်း ပိုင်ဆေးခန်းတို့ မီးလောင်ကျွမ်းခဲ့ရသည်။

ဆီပုလင်းထဲသို့ ဓာတ်ဆီခွဲထည့်စဉ် မဥမ္မာလင်း (၃၂ နှစ်)မှာ ဝဲဘက်ခန္ဓာကိုယ်တစ်ခြမ်းတွင် မီးလောင်ဒဏ်ရာရရှိခဲ့ပြီး ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိကြောင်းနှင့် မီးလောင်ရာနေရာသို့ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဟင်္သာတမီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ်လေးစီးနှင့် အင်အား ၁၆ ဦး အရန်မီးသတ် ၁၀ ဦးတို့နှင့်အတူ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ရှစ်သိန်းခွဲခန့် ဆုံးရှုံးခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ သိရှိရသည်။

မီးစတင်လောင်ကျွမ်းရာ ပိုင်ရှင်ဦးကြည်လင်းအား သက်ဆိုင်ရာ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အမျိုးသမီးသုံးဦးအား တရုတ်နိုင်ငံမှ လွှဲပြောင်းပေး

နေပြည်တော် မေ ၂

တရုတ်နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ အမျိုးသမီးငယ်သုံးဦးအား ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက တရုတ်နိုင်ငံ ရွှေလီလူကုန်ကူးအဖွဲ့မှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု၊ မူဆယ်သို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် အမျိုးသမီးသုံးဦးအနက် တောင်ကုတ်မြို့နေ မ---(၁၈နှစ်)အား တောင်ကုတ်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်းအတွင်းနေ မမိသဲ(ခ)မြင့်မြင့်အေး၊ မမူမူမြင့်တို့က တရုတ်ယောကျ်ားယူရန် စည်းရုံးပြောဆိုခဲ့ ကြောင်း၊ ထို့နောက် မမိသဲတို့နှစ်ဦးက မ---ကို ရန်ကုန်သို့ ခေါ်ဆောင်သွားပြီး ဗမာကြီး ဆိုသူထံ အပ်ပေးခဲ့ကြောင်း၊ ဗမာကြီးကိုယ်တိုင် ရန်ကုန်မှ လားရှိုးသို့ ခေါ်ဆောင်သွားပြီး ၎င်း၏သမီးဆိုသူအိမ်သို့ ရောက်ရှိခဲ့ကြောင်း၊ ရောက်ရှိသည့်နေရာကို မသိသော်လည်း အိမ်နီးချင်းများမှာ တရုတ်လူမျိုးများဖြစ်သည်ကို သိရကြောင်း၊ ထိုအိမ်တွင် ဗမာကြီးက ထွက်မပြေး ရန်ခြိမ်းခြောက်ပြီး မ---ကို လေးရက်ခန့် အခမ့်ပေါင်းသင်းခဲ့ပြီးနောက် တရုတ်ယောကျ်ားတစ်ဦးကို ပြသခဲ့ကြောင်း၊ တရုတ်ယောကျ်ားနှင့် ၎င်း၏ ဖခင်တို့က ပေါင်မုန့်ကားငယ်ဖြင့် ခေါ်ဆောင်သွားရာ နှစ်ညအိပ်သုံးရက်စီးရပြီးနောက် တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ ရွာတစ်ရွာသို့ ရောက်ရှိပြီး ထိုတရုတ်ယောကျ်ားနှင့် တစ်လကျော်ခန့် ပေါင်းသင်းရကြောင်း၊ တရုတ်ယောကျ်ားက နှိပ်စက်သဖြင့် လွန်ခဲ့သော ၁၀ ရက်ခန့်က ထွက်ပြေးခဲ့ရာ တရုတ်ရဲစခန်းသို့ ရောက်ရှိပြီး ၁၀ ရက်ခန့် ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခံရခြင်းဖြစ်ကြောင်း သိရှိရသဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(မူဆယ်)က တရားလိုပြုလုပ် တိုင်တန်းသဖြင့် မ---အား စည်းရုံးခေါ်ဆောင်ပြီး တရုတ်ယောကျ်ားထံ ရောင်းစားခဲ့သူ မမိသဲ(ခ)မြင့်မြင့်အေး(၃၂ နှစ်) ကမ်းပိုင်ရပ်ကွက် တောင်ကုတ်မြို့၊ မူမူမြင့်(၃၂နှစ်)ကိုင်းရှည်ရွာ တောင်ကုတ်မြို့နှင့် ဗမာကြီး(ခ)ခိုင်ထူး(ခ)စစ်ပြန်ကြီး ဂူတာရပ်ကွက် ကားကြီးဝင်း တောင်ကုတ်မြို့တို့ သုံးဦးအား ဧပြီ ၂၅ ရက်က မူဆယ်မြို့မရဲစခန်းမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ အမျိုးသမီးနှစ်ဦးမှာ မိမိတို့အစီအစဉ်ဖြင့် တရုတ်နိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့သဖြင့် တရုတ်ရဲ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် အမျိုးသမီးငယ်သုံးဦးအား မူဆယ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာတွင် ခေတ္တထိန်းသိမ်းထားရှိပြီး တာဝန်ရှိသူများမှ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မှုခင်းသတင်းတိုများ

ရထားပေါ်မှဆင်းစဉ် ခြေချော်ကျသဖြင့် ရထားကြိတ်မိသေဆုံး

သဃ်န်းကျွန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(က)ရပ်ကွက် နှင်းဆီကုန်းဘူတာအနီးတွင် ဧပြီ ၃၀ ရက် နံနက် ၇ နာရီက အမျိုးသားတစ်ဦး ရထားကြိတ်မိ၍ သေဆုံးသွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ကိုနိုင်ဝင်း (၃၅ နှစ်) သဃ်န်းကျွန်းမြို့နယ်နေသူဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ ထို့နောက် ဖြစ်စဉ်အားစုံစမ်းခဲ့ရာ သေဆုံးသူသည် နံနက် ၅ နာရီ ၂၅ မိနစ်ခန့်က ရန်ကုန်-မော်လမြိုင်အမှတ်(၃၆)အစုန်ရထား စက်ခေါင်း အမှတ် DF-1324 ဖြင့် စီးနင်းလိုက်ပါလာပြီး နှစ်ဆီကုန်းဘူတာအနီးအရောက် ရထားမှာ အရှိန်လျှော့မောင်းနှင်နေစဉ် ရထားပေါ်မှဆင်းခဲ့ရာ ခြေချော်ကျခဲ့သဖြင့် ရထားကြိတ်မိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိခဲ့ရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ သဃ်န်းကျွန်းမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၄/၂၀၁၄)ဖြင့် ရေးဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဂန့်ဂေါမြို့တွင် လမ်းဘေးရှိ နေအိမ်တစ်အိမ်ကို အရှိန်လွန်ဂျစ်ကား ဝင်တိုက်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက်အတွင်း မြို့ပတ်လမ်းဘေးရှိ နေအိမ်တစ်အိမ်ကို ဂျစ်ကားတစ်စီးက အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိသောဖြစ်ရပ်တစ်ခု ဧပြီ ၂၇ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ ဂျစ်ကားသည် ချင်းပြည်နယ် မတူပီမြို့နယ် လုံငူးကျေးရွာနေ ယာဉ်မောင်းဦးခန်ခိုထန့် (၂၄နှစ်) မောင်းနှင်သော ဂျစ်ကားဖြစ်ပြီး ဓာတ်ဆီထည့်ရန် လမ်းဘေး၌ရပ်တန့်ထားစဉ် ယာဉ်အကူလိုက်ပါလာသော မောင်ဆွေထွန်းလင်း (၁၈နှစ်)က တက်မောင်းရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ သုံးဘီးဆိုင်ကယ်တစ်စီး၊ တယ်လီဖုန်းတိုင်တစ်တိုင်နှင့် နေအိမ်တို့ကို အဆင့်ဆင့်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ချင်းပြည်နယ် မတူပီမြို့နယ် လုံငူးကျေးရွာနေ မောင်ဆွေထွန်းလင်းကို ဂန့်ဂေါမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ဧပြီ ၂၈ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ပင်ဝယ်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းမကြီး မိုင်တိုင်အမှတ် ၁၅၆/၁ နှင့် ၁၅၆/၂အကြား ကားတစ်စီးလမ်းဘေးထိုးကျတိမ်းမှောက်ပြီး ကလေးငယ်တစ်ဦးသေဆုံးခဲ့ကြောင်း ပင်ဝယ်ရဲကင်းမှူး ဒုရဲအုပ်မင်းသိန်းထွန်းနှင့်အဖွဲ့၊ ပင်ဝယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်တို့က သွားရောက်စစ်ဆေးရာ ယာဉ်မောင်းဝေယံမြင့်မောင်းနှင်လာသော ယာဉ်အမှတ် IJ-. . . မစ်ဆူဘီရှီ 4×4 သည် ပင်ဝယ်ရွာမှ တစ်မိုင်ခန့်အကွာတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်လိုက်ပါလာသူ ထိုက်အောင်ပိုင် (၁၂ နှစ်) ဘုရားကြီးတောင်ရပ် မန္တလေးမြို့သည် ဒဏ်ရာများဖြင့် အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးရဲစခန်းက ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် ယာဉ်မောင်း ဝေယံမြင့်အား အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

နီတိုး

တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများမှ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ် ၁၈ စီးအား သက်ဆိုင်ရာမြို့နယ်တရားရုံးများသို့ သွားရောက်ကြည့်ရှုပြီး အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

(က) မုံရွာမြို့နယ်တရားရုံး
　ထော်လာဂျီ(သေး)　၃ စီး
(ခ) ရေဦးမြို့နယ်တရားရုံး
　ထော်လာဂျီ　၁ စီး
(ဂ) ခင်ဦးမြို့နယ်တရားရုံး
　ယူဒီကောင်တာ(၆)ဘီး　၁ စီး
(ဃ) ကသာမြို့နယ်တရားရုံး
　တုန်ဖုန်း Truck　၃ စီး
(င) ကျွန်းလှမြို့နယ်တရားရုံး
　ထော်လာဂျီ(၆)ဘီး　၁ စီး
　GMC Truck　၁ စီး
(စ) ကန့်ဘလူမြို့နယ်တရားရုံး
　Nissan (UD ခေါင်းပြာ)　၁ စီး
　ကင်တာ (၆)ဘီး　၁ စီး
　ဒိုင်နာ　၁ စီး
　ဒေါင်းဖန်း　၁ စီး
　ယူဒီ(၆)ဘီး　၁ စီး
(ဆ) ဖန်းမောက်မြို့နယ်တရားရုံး
　KOBELCO back Hoe　၁ စီး
　HITACHIZAXIS 270LC Back Hoe　၁ စီး
　HITACHIZAXIS 210LC Back Hoe　၁ စီး

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
တင်ဒါလျှောက်လွှာရယူရမည့်ရက် - ၂-၅-၂၀၁၄ ရက်မှ ၂၉-၅-၂၀၁၄ ရက်အထိ
တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၃၀-၅-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါဖွင့်ရက် - ၆-၆-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၄၃၁၅၊ ၂၂၅၃၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

ကြော်ငြာစာ

(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ -၂၈၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမထွေထွေမှုအမှတ် -၈၉

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ -၂၈၁အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် လျှောက်ထားသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီရိပ်သာ၊ တာဝါ(ဒီ)၊ အခန်း ၁၀၃နေ ရှာန်မြင့်မိုရ်၊ အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (၎င်း၏ဒါရိုက်တာဦးနေမျိုးထက်)က ကုမ္ပဏီများအက်ဥပဒေအရ အစည်းအဝေးကျင်းပရန် ပျက်ကွက်ခြင်းနှင့်ပုံစံ (င) နှင့် အရှုံးအမြတ်စာရင်းပူးတွဲလျက် မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၈၁ အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ၂၀၁၄ခုနှစ် မေ ၁၄ ရက် (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်) နံနက် ၁၀နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့်မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ရှာန်မြင့်မိုရ်အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာ ထုတ်ဆင့်လိုက်သည်။

၂၀၁၄ခုနှစ် ဧပြီ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ ၁၁)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ် -၄၁

ဒေါ်ခင်အေးဝင်း　　**လျှောက်ထားသူ**

အကွက် (၁၆၁)၊ အမှတ် (၁၁၆/ဘီ)၊ ၂၂×၂၃လမ်းကြား၊
၈၃လမ်း၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ ၈၃လမ်း၊ ၂၂×၂၃ လမ်းကြား၊ အကွက် (၁၆၁)၊ အမှတ် (၁၁၆/ဘီ)နေ အရွယ်မရောက်သေးသောသူငယ် မောင်ထက်ဝေယံညွန့် အသက် (၁၄)နှစ်နှင့် မအေးသီရိညွန့် အသက် (၁၂)နှစ် ၎င်းတို့၏ ပိုင်သော ပစ္စည်းအကြောင်း။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ ၈၃လမ်း၊ ၂၂×၂၃ လမ်းကြား၊ အကွက် (၁၆၁)၊ အမှတ် (၁၁၆/ဘီ)နေ ဒေါ်ခင်အေးဝင်းက အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ထက်ဝေယံညွန့်နှင့် မအေးသီရိညွန့်တို့၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ခုနှစ် မေ ၁၉ရက် (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်)တွင် ဆိုင်ဆိုရန် ချိန်းချက်မှုသည်။

၂၀၁၄ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထားထား)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ
ဦးအောင်မျိုးလွင်-ဒေါ်တင်တင်ဦးတို့၏ တစ်ဦးတည်းသောသား
မောင်ကျော်ဖြိုးလွင် (2nd yerar, History)
AB (Lizstar Shipping Co.,Ltd.)
နှင့်
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ
ဦးစိုးနိုင်-ဒေါ်တင်တင်ဝင်းတို့၏ သမီးလတ်
မယုယုမော် (B.C.Sc) Cabin Crew (M.A.I)

တို့သည် ၄-၄-၂၀၁၄ရက် (သောကြာနေ့)၌ နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ဖြိုးလွင်-မယုယုမော်

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့နယ်ခွဲ၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် ရှောက်ချောင်း၊ ညောင်မှော်ကျေးရွာ၊ ဦးပိုင်အမှတ် ၅၇၊ ၅၉၊ ၆၀၊ ၆၁ ဧရိယာ ၆ဒသမ၂၃ ဧကရှိ ဥယျာဉ်မြေကွက်များကို (၁) ဦးမင်းနိုင် ၁၄/ပသန(နိုင်)၀၀၆၇၈၃၊ (၂) ဦးစိုးမိုးနိုင် ၁၄/ပသန(နိုင်)၀၆၁၀၃၄၊(၃)ဦးဇင်ယော်လေး ၁၄/ပသန(နိုင်)၁၂၃၇၂၅၊ (၄) ဦးမျိုးမင်း ၁၄/ပသန(နိုင်)၁၅၈၃၇၅အမည်များဖြင့် မှတ်သားတည်ရှိသော ဥယျာဉ်မြေအမျိုးအစားမြေကွက်ဖြစ်ပြီး အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များမှ မိမိတို့သာလျှင် ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုကြ၍ ကျွန်ုပ်၏မိတ်ဆွေ ထံသို့အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်အရေးဆိုလိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် တရားဝင် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် (၅၄၄)၊ မွှေးရုံလမ်း (၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၃၁၁၄၆၅၄

အများသိရှိနိုင်ရန် အသိပေးခြင်း

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်၊ ပင်းတိန်ကျေးရွာအုပ်စု၊ နောင်ပိန်မြောက် ကွင်း၊ အကွက် ၅၊ ဦးပိုင်အမှတ် ၁၅၅/၃၃၀၊ ဂရန်မြေဧရိယာဧက ၀ ဒသမ ၁၈၀ သည် ဒေါက်တာချစ်ရွှေအမည်ပေါက်ပိုင်ဆိုင်ပြီး မန္တလေးမြို့နေ မိမိ၏ တပည့်ဖြစ်သူ ဒေါ်သန်းစီထံ ယုံကြည်အပ်နှံထားခဲ့ပါသည်။ အထက်ပါဂရန်မြေအား ပိုင်ရှင်၏သဘောတူညီမှုမရှိဘဲ မည်သူမဆို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ လက်ခံခြင်း၊ အပေါင်ခံခြင်း၊ အငှားချခြင်းတို့အပြင် အခြားနည်းလွှဲပြောင်းခြင်း၊ ထိုသို့အခြားနည်းလွှဲပြောင်းသည်ကို လက်ခံခြင်းတို့မပြုလုပ်ကြရန် အသိပေးထားမြစ်ပါသည်။ သို့ပါလျက် ထိုသို့ပြုလုပ်ကြသည်ရှိသော် ထိုသို့ပြုလုပ်သူ မည်သူကိုမဆို သက်ဆိုင်ရာဥပဒေကြောင်းတို့အရ အရေးယူခံရလိမ့်မည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

(ဒေါက်တာချစ်ရွှေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ)
ဒေါက်တာသက်ဝင်း၏ လွှဲအပ်ချက်အရ

ဦးမြင့်သိန်း
B.Sc, M.Sc (Q), H.G.P
အထက်တန်းရှေ့နေ (စဉ်-၁၇၄၇၅)

ကျေးဇူးဆပ်ပါမည်

၁၀-၄-၂၀၁၄ ရက် ည ၈ နာရီအချိန်ခန့် ပုဏ္ဏမီနှင့် စာတိုက်မှတ်တိုင်အကြားတွင် မော်တော်ယာဉ် CC/4598 နှင့်ပတ်သက်သည့် အရေးကြီးစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနှင့်လိပ်စာသို့ အမြန်ဆုံးဆက်သွယ်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၃၁၁၁၈၈၆၇၊ ၀၉-၄၂၁၀၇၁၇၁၇၊ အမှတ် ၄/က၊ ရာဇသူရလမ်းနှင့် သစ္စာလမ်းထောင့် လှျပ်စစ်ဝန်ထမ်းအိမ်ရာ၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁/ကံဘဲ့၊ မြေကွက်အမှတ် ၃/၁၃၄၊ မြေကွက်တည်နေရာအမှတ် ၄၉၊ သဇင်ဖြူ ၃လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် အစိုးရမြေအား စီမံချက်ငယ်စာရင်းအမည်ပေါက် ဦးသန်းထွန်း ၁၂/ရကန(နိုင်)၀၂၉၆၆၈၈ နှစ်၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၀/စီ၊ မြေကွက်အမှတ် ၂၊ မြေကွက်တည်နေရာအမှတ် ၂၊ ရွှေနံ့သာကျေးရွာအုပ်စု ဘားလား၊ ရွှေနံ့သာသစ်ခွကျေးရွာအတွင်းရှိ မြေကွက်အား လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာရရှိထားသူ ဦးကျော်နိုင်ဦး ၁၂/ပဘတ(နိုင်) ၀၁၇၇၁၃၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၄၉၀/ ၁၂-၆-၂၀၁၂ ရရှိထားသူ ဒေါ်ဝေမာကျော် ၇/ကတခ(နိုင်)၁၆၅၄၁၀က လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး (ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းနယ်မြေ၊ အောက်ကျင်းရပ်ကွက်၊ သုတလမ်း၊ အမှတ် (အေ-၁၃)နေ (ဦးချစ်စံ)-ဒေါ်ခါတွန်တို့၏သား မောင်မြင့်စိုး KKK-၁၅၅၀၅၉သည် မိခင်အား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ခွင့်မလွှတ်နိုင်သည့်ကိစ္စ အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင် ဒေါ်ခါတွန် ၁၀/မလမ(နိုင်)၀၃၅၁၈၇

ကမ္ဘာ့အမှတ်အများဆုံးဆုရှင်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

The Association of Business Executives (abe-UK) ၏ အသိအမှတ်ပြု College တစ်ခုဖြစ်သော Myanmar Human Resources (MHR) Management Institute မှ **ဆရာမဒေါ်လှလှမွန်**၏ သင်ကြားလမ်းညွှန်မှုဖြင့် 2013, abe-UK, June Exam တွင် (Level-6) Corporate Finance for Business Management ဘာသာရပ်ဖြင့် ကမ္ဘာ့အမှတ်အများဆုံး (World First, Top Paper Prize) ရရှိခဲ့သော မအေးပရယ်လွင်ဝင်း (BBM-Q) အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးအောင်ဌေး-ဒေါ်ဌေးဌေး
သုခ စတိုး မိသားစု
လင်းစဒေါင်း၊ ဗိုလ်တထောင်

မွေးသက္ကရာဇ်အမှန်

ဦးသန်းကျော် ၁၁/ကဖန(နိုင်)၀၀၇၂၄၆ ၏သား မောင်မြတ်လင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၅-၉၆ ဖြစ်ပါကြောင်း။

ပြောင်းလဲခေါ်ရန်

မိတ္ထီလာမြို့၊ သမာဓိကိုယ်ပိုင် အထက်တန်းကျောင်း အဌမတန်းမှ ဦးဇော်မိုးလွင်-ဒေါ်ချောချောအောင်တို့၏သား မောင်ဇေဟိန်းခန့်အား မောင်ဖြိုးသန့်နိုင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

ဖခင်အမည်မှန်

အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း Grade 8 (B)၊ မရမ်းကုန်းမြို့နယ်မှ မောင်စိုင်းဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးတင့် ၁၂/မရက(နိုင်)၀၇၁၆၅၁ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ် F.M.I City အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်၅၀၆၊ အလျား ပေ၄၀×အနံပေ ၆၀အကျယ်အဝန်းရှိ ဦးမောင်ကျင်အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊(၄)ရပ်ကွက်၊ F.M.I City အိမ်ရာ၊ ကန်သာယာလမ်း၊ အမှတ် (D-73)ဟုခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးဝင်း ၉/မထလ(နိုင်)၁၅၆၁၂၅၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူဦးဇော်လင်းဦး ၁၂/တမန(နိုင်)၀၀၃၂၂၉ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နွယ်နီအောင် LL.B, LL.M, D.I.R
တရားလွှတ်တော်ရှေ့နေ
အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈၊ ၀၉-၇၃၁၄၆၇၅၈

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် က/၂၅၊ မြေကွက်တည်နေရာအမှတ် ၁၃၄၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးလှတင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှတင်(ဖခင်)နှင့် (မိခင်)တို့ ကွယ်လွန်သဖြင့် ၄င်းတို့သားသမီးများဖြစ်ကြသော ဦးတင်စမ်း ၁၂/ဒပန(နိုင်) ၀၅၀၉၇၂၊ ဒေါ်သီတာလှိုင် ၁၂/ဒပန(နိုင်) ၀၅၀၉၇၃၊ ဦးအောင်ထွန်းလင်း ၁၂/ဒပန(နိုင်)၀၅၁၉၁၂တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ်(၄၅၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၄၅၃/ခ)၊ မာန်ပြေလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးရန်လင်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးရန်လင်းထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်စန်းစန်းကြည် ၁၂/သဃက(နိုင်)၁၀၂၂၄၄မှာ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မာလာလမ်း၊ အမှတ် ၃၄၊ ပေ(၂၅×၅၀)မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် နှစ်ခန်းတွဲသုံးထပ်ခွဲတိုက်၏ တတိယအလွှာ (ခေါင်းရင်းခန်း)တိုက်ခန်း၊ ၄င်းနှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသော ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှမြင့်ဦး(ခ)သူရ ၆/ထဝန(နိုင်)၀၆၃၅၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မူရင်းအထောက်အထား၊ စာရွက်စာတမ်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညိုမာသွယ် **LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၈၈)
အခန်း ၁၄-က၊ ဒုတိယထပ်၊ အမှတ် ၈၃၊ ပန်းဆိုးတန်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၁၈၁၅

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် L-၁၇(၆၀) မှ မြေကွက်အမှတ်(၈၆၈+၈၆၉)၊ ဧရိယာပေ(အလျား $\frac{၁၁၅}{၇၄}$ ပေ၊ အနံ $\frac{၆၁}{၆၀}$ ပေ)နှင့် အမှတ်(၈၇၀+၈၇၁) ဧရိယာ ပေ(၈၀×၆၀) အကျယ်အဝန်းရှိသော အမည်ပေါက်ဒေါ်ရီရီဆွေ(ခ) မေခင် အမည်ပေါက် ဂရန်မြေကွက်ကို ၄င်းကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၁၂၅/၂၀၁၄)နှင့် (၅၁၂၆/၂၀၁၄)တို့အရ ဒေါ်ခင်နန္ဒာစိုး ၃/ဘအန(နိုင်)၂၂၃၂၉၉ထံမှ ကျွန်တော်ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျော်ဒီရှိန် ၁/မကန(ပြု)၀၀၀၃၅၄
အမှတ် ၈၆၁၊ မင်းရပ်ရပ်ကွက်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်၊ ဖုန်း-၀၉-၂၄၀၁၄၇၀၊ ၀၇၄-၂၂၇၃၈

ကောင်းမြတ် တရုတ်ကားပစ္စည်းအရောင်းဆိုင်နှင့်စပ်လျဉ်း၍ Customer များနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး၊ ရုံကြီး ခ/၂၊ အခန်း၄၊ ၅၊ ၆၊ ရုံ-ခ/၃၉၊ အခန်း ၇တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် **ကောင်းမြတ်** တရုတ်ကားပစ္စည်း အရောင်းဆိုင်တွင် ဝန်ထမ်းအဖြစ်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည့် **အောင်လှိုင်(ခ)အောင်မြင့်** နှင့် **ဘိုဘို(ခ)စိုးအောင်ထက် (ဘ) ဦးကျော်သိန်း** တို့သည် ၁၈-၃-၂၀၁၄ရက်မှစ၍ **ကောင်းမြတ်** တရုတ်ကားပစ္စည်းအရောင်းဆိုင်၌ အလုပ်လုပ်ကိုင်ခြင်းမရှိကြတော့ဘဲ အပြီးအပိုင် နုတ်ထွက်သွားပြီဖြစ်ပါသဖြင့် အဆိုပါရက်မှစတင်ပြီး ၄င်းတို့၏လုပ်ကိုင်ဆောင်ရွက်မှုများမှာ **ကောင်းမြတ်** ဆိုင်နှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း **ကောင်းမြတ်** တရုတ်ကားပစ္စည်း အရောင်းဆိုင်၏ Customer များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းရွှေ LL.B, D.B.L — **ဦးထက်ကို LL.B**
အထက်တန်းရှေ့နေ(၂၂၃၈၂) — **အထက်တန်းရှေ့နေ(၄၁၆၂၄)**
ဖုန်း-၀၉-၅၀၁၄၀၂၂ — **ဖုန်း-၀၉-၄၃၁၆၅၇၄၀**

အမှတ် ၉၉၊ ပထမထပ်(ဘယ်)၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၂၂၊ မြေကွက်တည်နေရာအမှတ် ၂၂၊ ၈၅ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ခင်ခင်အေး အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်ခင်အေး၊၎င်း၏ခင်ပွန်း ဦးလှဝင်းတို့ကွယ်လွန်သဖြင့် ဒေါ်သော်တာကြည် ၁၂/ဗဟန(နိုင်)၀၃၁၃၂၃၊ ဦးခင်ဇော်ဝင်း ၁၂/ဥကတ(နိုင်)၁၁၅၅၈၆၊ ဒေါ်ယုယုဝင်း ၁၂/ရကန(နိုင်)၀၂၀၅၀၉၊ ဦးနိုင်အောင်ကျော် ၁၂/ရကန(နိုင်)၀၂၀၆၄၉၊ဦးထွန်းထွန်းလွင်၁၂/ ရကန(နိုင်) ၀၁၉၄၅၀တို့က သား သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းထံမှ GPအမှတ် ၁၇၂၉၈ (၂၆-၁၀-၂၀၁၂)ဖြင့် ပါဝါရရှိသူ ဦးနိုင်အောင်ကျော် ၁၂/ရကန(နိုင်)၀၂၀၆၄၉ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြောက်လယ်ယာ)၊ မြေကွက်အမှတ် ၄/က၊ မြေကွက်တည်နေရာအမှတ် ၄/က၊ လယ်ယာ ၂လမ်း၊ (၁၀/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးသန်းနွဲ့) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်းနွဲ့(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ထွေးရီ၁၂/သကတ(နိုင်)၀၅၉၅၉၅က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊ ရေတွင်း၊ ရေစက် ဒါယိကာမကြီး-ဒေါ်ရီ (ပုသိမ်)
ပုသိမ်မြို့နယ်အသင်း-ဂုဏ်ထူးဆောင်နာယကကြီး
အသက်(၈၅)နှစ်

ပုသိမ်မြို့နေ(ဦးချမ်းမား)+(ဒေါ်ဟန်)တို့၏သမီးထွေး၊ (ဦးဟုတ်စိန်)+(ဒေါ်စော)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၀၉)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးအလင်း)၏ဇနီး၊ အဂ္ဂမဟာ သီရိသုဓမ္မဇောတိကဓဇ ဦးစိုးဟန်လင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)+ဒေါ်နန္ဒာအောင်၏မိခင်- ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)ဂုဏ်ထူးဆောင်နာယကကြီး ဒေါ်ရီ သည် (၂၉-၄-၂၀၁၄)ရက် အင်္ဂါနေ့ ည(၈)နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက်ဒါယိကာမကြီး
ဒေါ်ရီ (ပုသိမ်)
အသက်(၈၅)နှစ်

ရောဝတီယူနိုက်တက် FC ဘောလုံးအသင်း၏ နာယကကြီး ဦးစိုးဟန်လင်း (အမျိုးသား လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်နန္ဒာအောင်၏မိခင် ဒေါ်ရီသည် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အသင်းပိုင်ရှင်များနှင့်
ရောဝတီယူနိုက်တက်FC ဘောလုံးအသင်း

(၆)လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဗိုလ်မှူးခင်ဦး (ငြိမ်း) ကြည်-၅၇၆၇
ဂျပန်ခေတ်စစ်တက္ကသိုလ် ပထမပတ် (ယောနင်း)
စံပြကျောင်းသား
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)
အသက် (၈၈)နှစ်

ကျေးဇူးကြီးမား၍ ချစ်သောဖေဖေ ဖေဖေ မိသားစုနှင့် ခွဲခွာသွားတာ (၆)လပြည့်ခဲ့ပါပြီ။ ဖေဖေရဲ့ ဂုဏ်ကျေးဇူးတရား၊ မေတ္တာ၊ စေတနာများကို အမြဲအမှတ်ရ၊ သတိရနေပါတယ်။ သားသမီး၊ တူ၊ တူမ၊ မြေးများက ဖေ့ဖေ့အတွက်ရည်စူး၍ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုများအား အမျှပေးဝေပါတယ်။ ဖေဖေအေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးသိန်းထွန်း(ခ)ဗိုလ်သိဒ္ဓိ အသက်(၉၂)နှစ်
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ ကုလသမဂ္ဂပြန်ကြားရေး
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကပရ

ရန်ကုန်မြို့၊ အမှတ် ၈၇၊ ပထမထပ်၊ လမ်း ၅၀နေ (ဦးသိန်းမောင်-ဒေါ်ဒေါ်စု)တို့၏သား၊ ဒေါ်ခင်မြင့်ကြည်(လဝကမှူး၊ ငြိမ်း)၏ခင်ပွန်း၊ ဦးသန်းနိုင်ဦး(အကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်စန္ဒာထွန်း၊ ဦးစိန်မင်း(အထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)-ဒေါ်မာလာထွန်း(အထက-၁၊ ဒဂုံ)၊ ဦးအောင်မင်း-ဒေါ် ရီမာထွန်း(ခေတ္တ-အမေရိက)၊(ဦးဇော်ဝင်းထွန်း၊ Ex.CO)တို့၏ဖခင်၊ ဒေါက်တာကျော်ဇေယျမင်း၊ ဦးရဲမြတ်မင်း၊ ဦးလှိုင်ဝင်းသန်း၊ ဦးကျော်ဘုန်းနိုင်၊ မောင်သီဟသန်းနိုင်၊ မောင်ကျော်ဇင်သန့်တို့၏အဘိုးသည် ၁-၅-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၉:၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၅-၂၀၁၄ရက်(စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၄၄၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်(ဗိုလ်ချုပ်ဈေးအနီး)ရှိ သန့်ရှင်းသောတြိနတိကသီဒြယ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဖေ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)၊
အခြေခံပညာဦးစီးဌာန
အသက် (၈၁)နှစ်

ဦးတင်ဖေ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနသည် ၂၈-၄-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဖေ
(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)၊ အခြေခံပညာဦးစီးဌာန
အသက် (၈၁)နှစ်

ဦးတင်ဖေ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနသည် ၂၈-၄-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဖေ
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အခြေခံပညာဦးစီးဌာန
အသက် (၈၁)နှစ်

သူငယ်ချင်း ဦးသန့်ဇင် (MD Treasure Villa Gems Co., Ltd.)-ဒေါ်မိုးသူဇာ(35 Mart)တို့၏ဖခင်သည် ၂၈-၄-၂၀၁၄ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၃ ဘူမိဗေဒရန်ကုန်တက္ကသိုလ်မှ
သူငယ်ချင်းများ

အထူးကျေးဇူးတင်ရှိခြင်း

၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသော အမှတ် ၁၁၂၁၊ ဗိုလ်မင်းရောင်လမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဦးတင့်မော် (မုန့်ဖုတ်ဌာန၊ အင်းလျားကန်ဟိုတယ်)အား ၎င်းကျန်းမာရေးမကောင်းသည့်အချိန်မှစ၍ အစမှအဆုံး အစစအရာရာ အကူအညီပေးပါသော MR. SUKHDEEP SINGH (G.M)၊ ဒေါ်ယုယုဝင်း (Financial Controller)၊ ဦးကျော်ရွှေ၊ စားဖိုဆောင်မှ မန်နေဂျာနှင့် ဝန်ထမ်းအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲမေတ္တာပို့သခြင်း

ဒေါ်သီတာဂီထွန်း
အသက် (၃၉)နှစ်

သမီး မသီတာဂီ မမျှော်လင့်ဘဲ သမီးချစ်တဲ့မိသားစုနှင့် မိတ်ဆွေအပေါင်းကို အပြီးတိုင် ခွဲခွာသွားခြင်းအတွက် အထူးကြေကွဲဝမ်းနည်းခံစားရပါတယ်။ သမီး မသီတာဂီ ကောင်းရာသုဂတိ၊ အေးချမ်းတဲ့ဘဝမှာ စံစားနေရပါစေကြောင်း ဦးတို့အန်တီတို့က မေတ္တာပို့သအပ်ပါတယ်။

ကျန်ရစ်တဲ့ကိုဇော်ထွန်းနှင့် သားလေးကျော်ဟိန်းသီဟ၊ မောင်တိုးနန္ဒတို့လည်း ရှေ့ဘဝခရီးမှာ ခိုင်မြဲချစ်ကြည်စွာ အကောင်းဆုံးကျော်ဖြတ်နိုင်ပါစေလို့ထပ်မံမေတ္တာပို့သ ဆုမွန်ခြွေအပ်ပါတယ်။

သားသမီးအရင်းလိုချစ်ခင်ရတဲ့
ဦး- ဦးမြင့်ကြည်
မာမီ- ဒေါ်မကြီး

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက်ဒါယိကာမကြီး
ဒေါ်ရီ (ပုသိမ်)
အသက်(၈၅)နှစ်

ပုသိမ်မြို့နေ (ဦးချမ်းမား-ဒေါ်ဟန်)တို့၏သမီးထွေး၊ (ဦးဟုတ်စိန်-ဒေါ်စော)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်၂၀၉၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးအလင်း)၏ဇနီး၊ ရောဝတီတိုင်းဒေသကြီးဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးစိုးဟန်လင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်နန္ဒာအောင်တို့၏မိခင် ဒေါ်ရီသည် ၂၉-၄-၂၀၁၄ရက်(အင်္ဂါနေ့)ညစနာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရောဝတီတိုင်းဒေသကြီးဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး
အကျိုးတော်ဆောင်အဖွဲ့၊ ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဖေ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
အခြေခံပညာဦးစီးဌာန
အသက်(၈၁)နှစ်

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)ရန်ကင်းပညာရေးကောလိပ်တွင် ကျောင်းအုပ်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီးဦးတင်ဖေသည် ၂၈-၄-၂၀၁၄ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တပည့်ဟောင်းများ
ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)
ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီး၊
ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်
သင်တန်းသား သင်တန်းသူများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သီတာဂီထွန်း
အသက် (၃၉)နှစ်

ဦးဇော်ထွန်း ဒု-အင်ဂျင်နီယာမှူးကြီး၊ ရန်ကုန်-မန္တလေးအမြန်လမ်း(ပြင်/ထိန်း)၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၏ ချစ်လှစွာသောဇနီး ဒေါ်သီတာဂီထွန်း အသက် (၃၉)နှစ်သည် ၂၇-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာမှူးကြီးနှင့်ဝန်ထမ်းများ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မန္တလေးတိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၇လမ်း၊ အမှတ် ဟ/၈၊ အကွက်အမှတ် ၅ နေ ဦးဇော်ထွန်း (အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ မောင်ဟိန်းသီဟ၊ မောင်တိုးနန္ဒတို့၏ချစ်လှစွာသောမွေးမိခင် ဒေါ်သီတာဂီထွန်းသည် ၂၇-၄-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုအောင်ဇော်၊ ကိုဝဏ္ဏကို

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းထွန်း(ခ)ဗိုလ်သိဒ္ဓိ အသက်(၉၂)နှစ်
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
ကုလသမဂ္ဂပြန်ကြားရေး
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကပရ

မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိန်မင်း-ဒေါ်မာလာထွန်း (အထက-၁၊ ဒဂုံ) တို့၏ဖခင် ဦးသိန်းထွန်း(ခ)ဗိုလ်သိဒ္ဓိသည် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအေးမင်းသိန်း(ဦးဆောင်ညွှန်ကြားရေးမှူး)နှင့်
မြန်မာ့အာမခံလုပ်ငန်းဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက် ဒါယိကာမကြီး
ဒေါ်ရီ (ပုသိမ်မြို့)
အသက်(၈၅)နှစ်

ဦးစိုးဟန်လင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်နန္ဒာအောင်တို့၏မိခင် ဒေါ်ရီ အသက် (၈၅)နှစ်သည် ၂၉-၄-၂၀၁၄ရက်(အင်္ဂါနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျန်ကြူ(ခ) MR.K မိသားစု
ကေ-ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်ယုံ (ဒေးဒရဲမြို့၊ အင်းဒူးကျေးရွာ)
အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် (၆)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် (၁၃)နေ (ဦးကောက်)၏ဇနီး ဦးခင်ဇော်(ဇော်ပုံမောင်ခင်ဇော် မုန့်ဟင်းခါးဖို)-ဒေါ်ခင်ခင်ရီတို့၏ မိခင်သည်၂၉-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စက်မှုဇုန်အမှတ် (၂)စီမံခန့်ခွဲရေးကော်မတီ (ဒဂုံတောင်)

ဝမ်းနည်းကြေကွဲခြင်း

ရဲအုပ်ချမ်းလွင် (ငြိမ်း)
လ/၁၂၈၆၄၆-Cadet 17/86
အသက် (၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ တိုက်အမှတ် ၄၁(လေးလွှာ)နေ ဒေါ်ယဉ်နု၏ခင်ပွန်း ရဲအုပ်ချမ်းလွင်(ငြိမ်း)သည် ၂၈-၄-၂၀၁၄ ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Cadet 17/86
ကျောင်းဆင်းဖက်သူငယ်ချင်းများ

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက် ဒါယိကာမကြီး

ဒေါ်ရီ (ပုသိမ်)

အသက်(၈၅)နှစ်

ဦးစိုးဟန်လင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) - ဒေါ်နန္ဒာအောင်တို့၏မိခင်၊ ဦးအောင်သက်မန်း-ဒေါ်ခင်နှင်းသန္တာတို့၏အဘွား၊ ဒေါ်ရီ အသက်(၈၅)နှစ်သည် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်အောင်မြင့် (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)

ဝမ်းနည်းကြေကွဲခြင်း

ဦးလှိုင် (နတ်စင်ကုန်း)

အသက်(၇၇)နှစ်

ဦးမင်းမင်း-ဒေါ်မော်မော်လှိုင်တို့၏ဖခင် ဦးလှိုင်သည် ၂၆-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန်းလွင်(မွန်ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး၊ မော်လမြိုင်မြို့)-ဒေါ်သန်းသန်းဌေး

ဘုရား၊ ရဟန်း၊ ကျောင်းအမကြီး

ဒေါ်ရီရီမြ အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရေကျော်လမ်းမကြီး၊ အမှတ် ၈၁နေ (ဦးအုန်းမြ-ဒေါ်ခင်ညွန့်)တို့၏သမီးကြီး၊ [ဦးမင်းဇော်(ခ)ဦးမြလွင်]၏ဇနီး၊ (ဦးဘ မြင့်)-ဒေါ်တူးတို့၏ညီမ၊ (ဦးသိန်းမြင့်)-ဒေါ်လှလှညွန့်၊ ဒေါ်ခင်ခင်စန်းတို့၏အစ်မ၊ ဦးဝင်းမော်-ဒေါ်ခင်ဆွေဦး၊ ဦးဝင်းမော်ဦး-ဒေါ်မွန်မွန်သန့်၊(ဦးဝင်းနိုင်ဦး)-ဒေါ်ဇင်မာမြင့်တို့၏မိခင်၊ ဦးပီတာဇံ-ဒေါ်နောစောမြင့်မာ၊ မောင်သန်းနောင်-မစုလတ်မြင့်တို့၏အဒေါ်၊ မချောကေခိုင်၊ မသက်ဆုငြိမ်း၊ မောင်ညဏ်လင်းဖြိုးတို့၏အဘွားသည် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၄ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန်းအေး(ကျိုက္ခမီ) အသက်(၆၃)နှစ်

Ex-RO East Wind

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈လမ်း၊ အမှတ် ၄၈နေ (ဦးလွန်းရွှေ-ဒေါ်ငွေစိန်)တို့၏သား၊ ၁၀၉လမ်း၊ အမှတ် ၂၅နေ ဦးတင်အောင်-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်သီသီအောင်(လက်ထောက်မန်နေဂျာ၊ ဆသရ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာစိုးလွင်ထွန်း(International SOS)၊ မအေးချမ်းသူ(2nd yr - English)တို့၏ဖခင်၊ ဦးအေးမောင်-ဒေါ်ခင်တင့်ရွှေတို့၏မောင်၊ ဦးထွန်းဝင်း(ဦး/ရှိ၊ ရှမ်းပြည်နယ် သ/မဦးစီးဌာန၊ တောင်ကြီး)-ဒေါ်အေးသက်ရွှေတို့၏အစ်ကို၊ မောင်လွင်ထူးဆွေ၊ မောင်ငြိမ်းချမ်းအေး၊ မောင်ပြုံးမောင်မောင်၊ မောင်ချမ်းမြေ့မောင်မောင်တို့၏ဦးလေး/ဘကြီးသည် ၃၀-၄-၂၀၁၄ရက် စင်ကာပူစံတော်ချိန် နံနက် ၁၀း၄၁နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ၁၀၈လမ်း၊ အမှတ် ၄၈၊ မင်္ဂလာတောင်ညွန့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန်းအေး(ကျိုက္ခမီ) အသက်(၆၃)နှစ်

Ex-RO East Wind

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈လမ်း၊ အမှတ် ၄၈နေ (ဦးလွန်းရွှေ-ဒေါ်ငွေစိန်)တို့၏သား၊ ၁၀၉လမ်း၊ အမှတ် ၂၅နေ ဦးတင်အောင်-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်သီသီအောင် (လက်ထောက်မန်နေဂျာ၊ ဆသရ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာစိုးလွင်ထွန်း(International SOS)၊ မအေးချမ်းသူ(2nd yr - English)တို့၏ဖခင်၊ ဦးသန်းဝင်း-ဒေါ်နီနီအောင်၊ ဦးကိုကိုအောင်-ဒေါ်မေသင်းနွယ်၊ ဦးရဲမြင့်မောင်-ဒေါ်အေးအေးဝင်း၊ (ဗိုလ်မှူးမြင့်ခိုင်)-ဒေါ်တင်ရဝေအောင်တို့၏အစ်ကို၊ ဒေါက်တာအောင်သူရထက်၊ မလွင်စံမီအောင် (Final Part-1, ဆေး-၁)၊ မောင်ရဲရင့်နိုင်(Grade-11၊ အထက-၁၊ ဒဂုံ)၊ မောင်ကောင်းထွဋ်(Grade-6၊ အလက-၁၊ ဒဂုံ)၊ မောင်သစ်နိုင်အောင်တို့၏ဘကြီးသည် ၃၀-၄-၂၀၁၄ရက် စင်ကာပူစံတော်ချိန် နံနက် ၁၀း၄၁နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ၁၀၈လမ်း၊ အမှတ်၄၈၊ မင်္ဂလာတောင်ညွန့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Lia Khawl Sian Cing Sezang(Gualnam)

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ အမှတ် ၃၊ အခန်း ၃၀၃၊ Aဘလောက်၊ ဇလမ်းနေ[Pa Cin Za Nang(မြို့နယ်အခွန်ဦးစီးမှူး၊ ငြိမ်း) - Nu Vung Khaw Man] တို့၏သမီး၊ Pa Tuang Khan Thang -Nu Cing Khaw Lun@ ပန်းသီး(USA)၊ Pa Thawng Hau Cin-Nu Cing Lawh Nuam (USA) တို့၏ညီမ၊ Pa Pau Thawn Mung - Nu Lal Ram Hngak (USA)၊ Tg.Khan Za Khai (USA)၊ Nu Man Sian Dim-Rev. Tuang Khan Khup (Japan) တို့၏အစ်မသည် ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၀၆နာရီက စံပြပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၅-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်၊ ပီတောက်ကွေ့၊ စီယင်းနှစ်ခြင်းဘုရားကျောင်း၊ ဧမာနွေလဘုရားကျောင်းတို့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းအေး(ထားဝယ်)

(ဝင်းဝါဝါ၊ ကားပစ္စည်းဆိုင်)

အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၁၃နေ (ဦးဦးတင်)-ဒေါ်တင်ရီတို့၏သမီး၊ ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၂၁/ကနေ (ဦးတိတ်စွမ်) - ဒေါ်လှကြွယ်တို့၏ သမီးချွေးမ၊ ဦးတင့်လွင်(ခ)ဦးဖိုးနီ၏ဇနီး၊ ဦးစိုးဝင်း-ဒေါ်ခင်မာထွေး(ခေတ္တ-စင်ကာပူ)၊ ဦးအေးညို-ဒေါ်လွယ်လွယ်မာတို့၏ညီမ၊ ဦးလေးမြင့်-ဒေါ်စန်းလှ၊ ဦးဝင်းဗိုလ်-ဒေါ်ခင်ခင်ပြုံးတို့၏အစ်မ၊ မောင်တင့်လွင်ဦး၊ မကေခိုင်ဦး၊ မောင်မင်းလွင်ဦးတို့၏မိခင်သည် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၉း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း(ပခုက္ကူ) အသက်(၉၀)

နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)၊လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) ပါလီမန်အတွင်းဝန်(ဟောင်း)

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) (ကုန်သွယ်/လယ်ယာ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာစခန်း၊ တိုက်အမှတ် ၃၅၊ အခန်းအမှတ် ၆နေ (ဦးဖေညွန့်-ဒေါ်တင်ဥ)တို့၏သား၊ ဒေါ်သန်းဆင့်(သူနာပြုဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ (ဒေါ်ခင်မူ)၊ (ဒေါ်ခင်ကြည်)တို့၏မောင်၊ ဒေါ်ခင်ခင်အေး၊ (ဦးစောလွင်)-ဒေါ်ခင်မေဝင်း၊ (ဦးအောင်ဝင်း-ဒေါ်ခင်ဆွေ)တို့၏အစ်ကို၊ ဦးကျော်ဝင်း(ခ)ဦးလူသာကျော် (ဒါရိုက်တာ၊ DSS/Third Eye Co., Ltd.)-ဒေါ်စိုးစိုး၊ ဦးကျော်မင်း(မန်နေဂျာ၊ မြန်မာလီဝေဝေ စားသောက်ကုန်လုပ်ငန်းလီမိတက်)-ဒေါ်ကြူကြူလှ (ဦးစီးအရာရှိ၊ ငြိမ်း၊ လဝက)တို့၏ဖခင်၊ မောင်စိုးလူကျော်၏အဘိုးသည် ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးမြင့်ဆွေ(ဦးမောင်) အသက်(၆၆)နှစ်

B.E (Textile) (၁၉၇၂/၇၃/၇၄)

ပလိပ် ချည်မျှင်နှင့်အထည်စက်ရုံ၊ ပဝါ(၁)စက်ရုံမှူး၊ ဆေးဝွမ်းနှင့်ပတ်တီးစက်ရုံမှူး၊ ဒု/လက်ထောက်စက်ရုံမှူး(ငြိမ်း) (ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ)

တောင်ငူမြို့နေ (ဦးတင်ကြီး-ဒေါ်ယဉ်ယဉ်)တို့၏သား၊ ပန်းချီ ဦးသောင်းဟန်-(ဒေါ်ခင်လှလှ)တို့၏သားသမက်၊ ဦးဝင်းမင်းဟန်(ကူးသန်း/ဦးစီး)-ဒေါ်စန်းစန်းဦး၊ (ဦးဝင်းမော်ဟန်)၊ (ဦးဝင်းဇော်ဟန်)၊ ဒေါ်ချယ်ရီသောင်းဟန် (Best Industrial Co.,Ltd.)၊ ဦးဝင်းဗိုလ်ဟန်-ဒေါ်စိုးမော်ထွန်း(U.S.A)တို့၏အစ်ကိုကြီး၊ မောင်လူမော်ဟန်-မဖြူဖြူခိုင်၊ မောင်စည်သူဇော်ဟန်၊ မောင်မင်းခန့်ဟန်၊ မခင်မမဟန်တို့၏ဘကြီး၊ မအေးချမ်းဦး၊ မထက်အာကာဆွေတို့၏ဖခင်၊ ဒေါ်နွယ်နီသောင်းဟန်(အလက-၁၊ ပုဇွန်တောင်)၏ခင်ပွန်းသည် ၂-၅-၂၀၁၄ရက် (သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးကြူ(ပန်းခိုင်ကျေးရွာ) အသက်(၅၁)နှစ်

အထပြ၊ အထက(၂)တောင်ဥက္ကလာပ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ် ၁၅၁နေ(ဦးပို-ဒေါ်သောင်းညွန့်)တို့၏သမီး၊ ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာနေ (ဦးမောင်ကြီး-ဒေါ်သန်းမြင့်)တို့၏သမီးချွေးမ၊ ဦးစံခင်-ဒေါ်မြသွယ်၊ ဦးတင်ထွန်း-ဒေါ်ခင်မာဝင်း၊ ဦးကြည်ဝင်း-ဒေါ်ညွန့်လှိုင်၊ ကိုတင့်လွင်-မသန်းဝင်းတို့၏ညီမ၊ ကိုမြင့်ဌေး-မခင်လေးဝင်း၊ ကိုတင့်လွင်-မတင်တင်၊ ကိုသောင်းနိုင်-မခိုင်ခိုင်တို့၏အစ်မ၊ ရန်ကုန်မြို့နေ (ဦးဘိုကြီး-ဒေါ်တင်မြင့်)၊ (ဦးသောင်းအေး)-ဒေါ်ရွှေကြည်၊ ဦးအုန်းသွင်-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးသိန်းဆွေ-ဒေါ်ခင်သန်းဦး၊ (ဦးတင်ထွန်းအောင်)-ဒေါ်ယဉ်ယဉ်လှ၊ ဦးတင်လှ-ဒေါ်အေးအေးမူတို့၏ညီမ၊ မခင်မမစိုး၊ မောင်သန့်စင်စိုးတို့၏မိခင်၊တူ၊တူမ ၄၀ယောက်တို့၏အဒေါ်၊ ဦးခင်မောင်စိုး၏ဇနီးသည် ၂-၅-၂၀၁၄ရက် (သောကြာနေ့) နံနက် ၂နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအချင်း(ခ)လီကိုချင်း

(ပန်းတနော်)

အသက်(၉၀)

ပန်းတနော်မြို့၊ အမှတ် ၄၁၊ ဘုရင့်နောင်လမ်း၊ အလယ်ပိုင်းရပ်ကွက်နေ (ဦးစိန်ကွမ် - ဒေါ်တိုက်လျော်)တို့၏သား၊ (ဒေါ်ကျင်သိန်း)၏ ခင်ပွန်း၊ ဦးစောမြင့် - ဒေါ်ခင်ဌေး (ဦးချင်း-အထည်ဆိုင်)၊ ဒေါ်စန်းစန်းဌေးတို့၏ဖခင်၊ ကိုဟန်ထွန်းအောင်၊ မဆုမွန်မြင့်တို့၏အဘိုးသည် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၇း၂၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၁၄ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၂-၅-၂၀၁၄ရက် ဤသတင်းစာ စာမျက်နှာ၂၃ပါ ဒေါက်တာထွန်းအောင်ကျော် အသက်(၇၈)နှစ် နာရေးကြော်ငြာတွင် DR. RAKHAL BANIK (&) ဒေါက်တာထွန်းအောင်ကျော် အသက်(၇၈)နှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ရွှေဘုန်းပွင့်စေတီ(ရှမ်းတဲကြီး) ဘုရားဒါယကာ

ဦးသိန်းဆွေ (M.D)

အောင်သူရိန်ဆောက်လုပ်ရေးနှင့် Yazabwar Machinery Trading Co.,Ltd.

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အမှတ် ၁၈၊ အာဇာနည်လမ်းနေ (ဦးမြလှိုင်-ဒေါ်ကြည်)တို့၏သား၊ (ဦးမောင်မောင်ကြည် - ဒေါ်လှလှ)တို့၏ သားသမက်၊ ဒေါ်လွင်လွင်မော်(အလက-၂၊ ဗဟန်း၊ ငြိမ်း)၏ခင်ပွန်း၊ ကိုအောင်သူရိန်ထွန်း (GM, Yazabwar Machinery Trading Co.,Ltd.)၊ မဆွေလွင်လွင်ထွန်း(G-XI, Y.E.C)တို့၏ဖခင်၊ ဦးမြဆွေ-ဒေါ်ရီရီမြင့်၊ ဦးသန်းစိုး-ဒေါ်ခင်ခင်ဆွေ၊ ဦးစိန်လွင်-ဒေါ်စုစုမော်၊ ဦးဝင်းနိုင်ဦး - ဒေါ်စန္ဒာမော် (ရိုးမဘဏ်၊ မြေနီကုန်း)၊ ဦးသန်းထိုက်-ဒေါ်အေးအေးမော်တို့၏အစ်ကိုကြီး၊တူ၊တူမ ကိုးယောက်တို့၏ ဘကြီးသည် ၂-၅-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ကြိုင်

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မဟာမြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ၊ အောင်ဆန်း တည်းကုန်းစုပေါင်း၊ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တဓမ္မိသရတို့၏ညီမ၊ ဦးမြင့်ကျော်ထွန်း-ဒေါ်အိအိခိုင်၊ ဦးသက်ထွန်းအောင်-ဒေါ်ခင်မြင့်မော်၊ဦးမြင့်ဇော်ထွန်း-ဒေါ်မေသက်ထား၊ ဦးတင်နိုင်ဝင်း-ဒေါ်ဝင်းဝင်းရွှေတို့၏မိခင်၊ ဦးတင်အုန်းထွန်း၏ဇနီး၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၅၅၁၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာသစ်အရှေ့နေ ဦးတင်အုန်းထွန်း-(ဒေါ်ခင်ကြိုင်)တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းရီ အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘောဇ္ဇဘန်းလမ်း၊ အမှတ် ၇၀၄၊ မြေညီ/ခေါင်းရင်းခန်းနေ ဦးစောခိုင်-ဒေါ်သန်းတို့၏သမီး၊ ဦးသန်းရွှေ(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ (ဦးအောင်မိုး)-ဒေါ်အေးအေးသန်း၊ ဦးတိုးဝင်း-ဒေါ်ယဉ်ယဉ်စိုး၊ ဦးသန့်ဇော်၊ ဒေါ်တင်တင်ခိုင်(အိမ်၊ ခြံ၊ မြေ အကျိုးဆောင်)၊ ဒေါ်အေးအေးခိုင် (A-Group ဆောက်လုပ်ရေး)၊ ဦးလှိုင်ဘွား-ဒေါ်ပပလှိုင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂-၅-၂၀၁၄ရက်(သောကြာနေ့)နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးကျော်မြ

အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျိုက်ထော်စံပြကျေးရွာ၊ အမှတ် ၄၀၁၊ ဈေးပိုင်းရပ်ကွက်နေ (ဦးဘိုးဟန်-ဒေါ်မယ်ကျန်)တို့၏သား၊ (ဒေါ်စောစ)၏ခင်ပွန်း၊ ဦးသန်းဦး-(ဒေါ်မြသိန်း)၊ (ဦးမြင့်သိန်း)-ဒေါ်လှလှ၊ (ဦးသန်းလှိုင်)-ဒေါ်အေးလှ၊ ဒေါ်ခင်စန်း၊ (ကိုရဲအောင်)တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၂ယောက်တို့၏ဘိုးဘိုးသည် ၂-၅-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်ထော်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်လှ (ရွှေဆိုင်)

ကလေးမြို့

အသက်(၈၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးချစ်)ရွှေဆိုင်၏ဇနီး၊ ဦးကျော်သန်း - ဒေါ်ကြည်လှိုင် (စည်သူ ဆိုင်ကယ် အပိုပစ္စည်းဆိုင်)၊ ဦးစန်းမောင်-ဒေါ်ခင်ဆွေဝင်း(ရွှေဆိုင်)၊ ဦးတင်ညွန့်(ခ)ဦးအဲကြီး(ရွှေဆိုင်)၊ ဦးတင်ဝင်း(ခ)ဦးအဲလေး - ဒေါ်သောန်းနီး(ရွှေဆိုင်)၊ ဦးမြင့်သိန်း(ခ)ဦးဖြူလှ၊ ဦးကျော်ညွန့်(ခ)ဦးဝကြီး၊ ဦးတင်မောင်လှ-ဒေါ်သီသီဟန် (လှဆန်းယဉ် ရွှေဆိုင်)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၄ရက် (စနေနေ့) ညနေ၃နာရီတွင် ဒိုးပိုင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဟုတ်စိန်(ခ) ဦးကျော်ထင်

(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၈/၆(ခ)၊ သီရိမင်္ဂလာလမ်းနေ ဒေါ်ငြိမ်းခင်၏ခင်ပွန်း၊ ဦးထင်အောင်-ဒေါ်ညိုညိုဆွေ (ခေတ္တ-Australia)၊ ဦးသာဖြိုး (Myanmar Carlsberg Co., Ltd.) - ဒေါ်စန္ဒာထွန်း (World Vision-Myanmar)၊ ဒေါ်ငြိမ်းစုလှိုင်-ဦးသန့်ဝင်း (ခေတ္တ-Australia)တို့၏ဖခင်၊ ထက်ထက်ထင်အောင်၊ အံ့ဘွယ်သာ၊ စန္ဒီထင်အောင်၊ အားသစ်ဝင်း၊ Alexander ထင်အောင်၊ မြတ်သုသာ၊ ပိုင်သစ်ဝင်းတို့၏အဘိုးသည် ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၁၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဈာပနဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ကို ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်းတွင် ပြုလုပ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင့်ဇော်(ကန်တော်ကလေး)

စား/ဖျော်(ငြိမ်း)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း၉၀၊ ငါးလွှာ(ဘီ)နေ ဦးမောင်မောင်-(ဒေါ်တင်တင်)တို့၏သား၊ (ဦးခင်မောင်တိုး)-ဒေါ်တင်တင်တို့၏ သားသမက်၊ ဒေါ်လှလှဝင်း(အင်းလျားကန်ဟိုတယ်)၏မောင်၊ ဦးခင်အုန်း-ဒေါ်ခင်အေးနွယ်၊ (ဦးထွန်းနိုင်)-ဒေါ်စန်းစန်းတင့်၊ ဒေါ်စန်းစန်းမြင့်(ကူးသန်း/ဦးစီး)၊ (ဦးတင့်မော်)-ဒေါ်မေမြတ်စိုး၊ ဦးမင်းသော်-ဒေါ်မဋ္ဌုရှိန်တို့၏အစ်ကို၊ ဒေါ်ခင်မြတ်မွန် (အထက-၄၊ မင်္ဂလာတောင်ညွန့်၊ ငြိမ်း)၏ခင်ပွန်း၊ မောင်တင့်ရှိန်အောင် (St.Johns Shipmanagement PTE., Ltd.)၊ မောင်ထွန်းလင်းအောင် (St. Johns Shipmanagement Pte., Ltd.)-နော်ဖေရှာတို့၏ဖခင်၊ မောင်စွမ်းဆက်ပိုင်၏အဘိုးသည် ဗဟိုစည်ဆေးရုံ၌ ၂-၅-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသူရိယ

(သာသနဓဇ ဓမ္မာစရိယ၊ မြို့နယ်ပရိယတ္တိပြန့်ပွားရေးအဖွဲ့သြဝါဒါစရိယ၊ မြို့နယ်တိုင်းဝိနည်းခိုရ် ပါဠိပထမပြန်စာမေးပွဲသြဝါဒါစရိယ)

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ ရှမ်းကျောင်းကြီးကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယ ဆရာတော်ကြီး သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါသည် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) ၂၅-၄-၂၀၁၄ရက်(သောကြာနေ့)ည၇း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၇ရက်) ၅-၅-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဇောတိန္ဒြိယ မဟာထေရ်

သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၃၉)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မုဆိုးကွင်းကျေးရွာအုပ်စု၊ ညောင်လေးပင်ရပ်ကွက်၊ ပဋ္ဌာနရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ(ရွှေကျင်) သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဇောတိန္ဒြိယ မဟာထေရ်သည်(၁၃၇၆ခုနှစ် ကဆုန်လဆန်း ၃ရက်) ည ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၇ရက်) ၅-၅-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ
မြောင်းမြမြို့

ဒေါ်တင်တင်အေး အသက်(၈၇)နှစ်

စက်မှု(၁)(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၅၄နေ (ဦးအောင်ခင်-ဒေါ်ကြင်)တို့၏သမီး၊ (ဦးလှထွန်း-ဒေါ်တင်တင်ဦး)တို့၏ညီမ၊ (ဒေါက်တာ ဦးလှိုင်ဘွား-ဒေါ်ခင်ခင်ညွန့်)၊ ဒေါက်တာ ဦးစောလွင်-ဒေါ်ခင်ခင်ဝင်း၊ (ဒေါ်စိန်စိန်ရီ)တို့၏အစ်မ၊ ဦးလှဘော်၊ ဒေါ်စန္ဒာလွင်၊ ဦးအောင်အောင်လွင်-ဒေါ်စိုးစိုးဦး၊ ဦးမင်းနိုင်တင့်-ဒေါ်သန္တာလွင်၊ ဦးအောင်ထက်လွင်တို့၏အဒေါ်၊ မဝင်းရွှေရည်လွင်၊ မောင်ဇင်ဝင်းအောင်၊ မောင်မင်းသိန်းကျော်၊ မန္တယမင်းအေးတို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်လွင်(ခ)တန်အောင်လွင် (ကျိုက္ကော်)

(ကျိုက္ကော် ကျနိ့တိတ်ဘုရားကျောင်းတွာကိုး)

အသက်(၇၈)နှစ်

သထုံမြို့နယ်၊ ကျိုက္ကော်ကျေးရွာ၊ ဈေးတန်းရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ် ၄နေ(ဦးရင်နား-ဒေါ်ကျင်ဟုန်)တို့၏သား၊ (ဦးဖိုးခင်-ဒေါ်စွမ်တီ)တို့၏သားသမက်၊ ဒေါ်လွှမ်စီ၏ခင်ပွန်း၊ ကိုကျော်ဆန်းဦး-မဖြူဖြူဝင်း၊ ကိုကျော်ဆန်းဝင်း-မစုစုထူး၊ မနီနီဝင်း၊ ကိုကျော်ဆန်းမင်း၊ မကေသီဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂-၅-၂၀၁၄ရက်(သောကြာနေ့)နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် သိမ်ဆိပ်တရုတ်အမျိုးသားသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးလှဝင်း (ဆည်မြောင်းဦးစီးဌာန၊ ငြိမ်း)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(ဒိုင်လူကြီးဟောင်း)

အသက်(၇၄)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်၊တိုက် ၃၃၂၀၊ အမှတ် ၂၁နေ ဒေါ်လှလှကြည်၏ခင်ပွန်း၊ ဦးရဲထွဋ်ဝင်း(နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်မြင့်မြင့်နိုင်၊ ဦးလှထွဋ်ဝင်း (ပတ်ဝန်းကျင်/သစ်တောဝန်ကြီးဌာန)-ဒေါ်ခင်မာမာ(လိုတရသင်္ကန်းတိုက်၊ နေပြည်တော်)၊ ဦးကျော်လှိုင်ဝင်း(ပတ်ဝန်းကျင်/သစ်တောဝန်ကြီးဌာန)-ဒေါ်စုစုလှိုင်၊ ဦးထိန်လင်းအောင် (ကျန်းမာရေးဝန်ကြီးဌာန)-ဒေါ်သန္တာဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂-၅-၂၀၁၄ရက်(သောကြာနေ့)နံနက် ဝဝး၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံကြီးအအေးတိုက်မှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

ဦးသောင်းမြင့်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အမှတ် ဂ/၁၁၀၊ ဈ/မြောက်ရပ်ကွက်နေ (ဦးထွန်းခိုင်-ဒေါ်ဖွားချစ်)တို့၏သား၊ (ဦးဘရီ-ဒေါ်မြ)တို့၏သားသမက်၊ (ဦးသိန်းအောင်-ဒေါ်အုန်းမြင့်)တို့၏မောင်၊ ဦးညဏ်ထွန်း-ဒေါ်ခင်ရွှေဝင်း၊ ဦးသောင်း-ဒေါ်ခင်အုန်းရီတို့၏အစ်ကို၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးတင့်ဇော်ဦး-ဒေါ်တင်တင်ခိုင်၊ ကိုတင့်လွင်-မဆွေဇင်သန်း၊ ကိုကျော်နိုင်စိုး၊ ကိုထွန်းမင်းဦး-မဝါဝါမြင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂-၅-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်သန်းထွဋ် (LL.B)

(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)

အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၅၆၊ အခန်း ၆နေ(ဦးကျော်ညွန့်)-ဒေါ်ဆွေဆွေတို့၏သားငယ်၊ ဦးသောင်းမြင့်-ဒေါ်ခင်နှင်းဝေ(လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)တို့၏သားသမက်၊ ဦးအောင်မြင့်-ဒေါ်သီတာညွန့်၊ ဦးရဲဝင့်မြင့်လွင်-ဒေါ်နီလာညွန့်(တွံ့ဖက်မြို့နယ်တရားသူကြီး၊ စစ်ကိုင်းမြို့နယ်တရားရုံး)တို့၏မောင်၊ ဒေါ်ရည်ရည်မွန်(ဒုတိယမြို့နယ်တရားသူကြီး၊ ကမာရွတ်မြို့နယ်တရားရုံး)၏ခင်ပွန်း၊ ကိုဟန်ထွန်းအောင် (Manager, Air KBZ စစ်တွေမြို့)-မသော်တာလှရွှေ၊ ဒေါက်တာခင်သူဇာ၊ ဒေါက်တာအာကာသိန်းလင်း-မငြိမ်းသူဇာ၊ မမျိုးနီလာမြင့်တို့၏ဦးလေးသည် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၄ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော်နာယကသည် ခရီးစဉ်အတွင်း ပြည်သူများ၏ ဆန္ဒနှင့် လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည့် ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူ) သို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မေ ၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည့် ရခိုင်အမျိုးသားညီလာခံ(ကျောက်ဖြူ) သို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရခိုင် အမျိုးသားညီလာခံသို့ (၁၁)ပါးမြောက် တိပိဋကဓရ တိပိဋက

စာမျက်နှာ ၃ ကော်လံ ၁ ✻

ယနေ့ » မာတိကာ

ဆီးရီးယားဒုက္ခသည်များအတွက် ဂျော်ဒန်၌ ဒုက္ခသည်စခန်းဖွင့်
စာ » ၄

လူငယ်တွေကို ပြုစုပျိုးထောင်ပေးဖို့ဆိုတဲ့လုပ်ငန်းက နိုင်ငံတော်အစိုးရအတွက် အရေးကြီးတဲ့ တာဝန်တစ်ရပ်ဖြစ်
ဆောင်းပါး
စာ » ၆

MFF Ooredoo Cup ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့်အတွက် မဲနှိုက်
စာ » ၁၀

နယ်စပ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်မှန်းထား

ရန်ကုန် မေ ၂

သတင်း-မောင်မောင်မြင့်ဆွေ

ယခင်နှစ်များကထက် နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့မှုကြောင့် နယ်စပ်ကုန်သွယ်ရေးတိုးတက်မှုများဖြစ်လာခဲ့သဖြင့် အစိုးရသစ်လွှဲပြောင်းချိန်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်ရရှိနိုင်မည်ဟု မျှော်မှန်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ❀

ပဲခူးမြို့နယ် ပေါက်တောကျေးရွာတွင် လေပြင်းတိုက်ခတ်

ပဲခူး မေ ၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပေါက်တောကျေးရွာတွင် မေ ၁ ရက် ညနေ ၆ နာရီခန့်က လေပြင်းတိုက်ခတ်ပြီး မိုးများသည်းထန်စွာရွာသွန်းခဲ့ရာ မူလတန်းလွန်စာသင်ကျောင်း အပါအဝင် ပျက်စီးသွားသော နေအိမ် ၉၅ လုံးနှင့် အိမ်ခေါင်မိုးပျက်စီးသွားသော နေအိမ် ၉၇လုံး စုစုပေါင်း ၁၉၂ လုံး ဆုံးရှုံးသွားခဲ့ပြီး လျှပ်စစ်မီးတိုင်များ ပြိုလဲသွားခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်း၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစောမော်ထွန်း၊ ဦးကြင်သိန်းနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများကို အားပေးစကားများပြောကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးများကို စိစစ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

မြန်မာ့လက်ရွေးစင်အသင်းအနိုင်ရ

မြန်မာအသင်းနှင့် Singapore Lions XII အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-စိုးညွန့်

